www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေခြင်း | - ၂၀၁၅ခုနှစ်၊ဖေဖော်ဝါရီလ၊ပထမအကြိမ် |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - (၁၀၀) ကျပ် |
| ထုတ်ဝေသူ | - ဦးသက်လွင်(သစ္စာမွန်စာပေ)(ပ-၂၂၄၀)၊ အမှတ်(၃၈)၊ မလွှကုန်းလမ်း ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊ တာမွေလမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - Lလင်း |
| ကွန်ပျူတာ | - ပန်းအိစံ |
| မြန်ချိရေး | - တူးတူး (သစ္စာမွန်) |
| အတွင်းဖလင် | - ကိုအောင်ကျော် |
| စာအုပ်ချုပ် | - သစ္စာမွန် |

သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃

ရွှေဘဝင်

ရာသီမဲ့ပြကွဒိန်/ရွှေဘဝင်၊-ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၁၅၊

၂၁၉-စာ၊ ၁၂ × ၁၈ စင်တီ၊

(၁) ရာသီမဲ့ပြကွဒိန်


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# 'ဘဝရဲ့ဖွဲ့တစ်ဆံ'

ဘဝအတွက် နေ့ခင်မိုးချုပ်သည်အထိ ပလက်ဖောင်းလမ်းဘေးပေါ်မှာ အချိန်နာရီတွေကိုကုန်ဆုံးနေခဲ့သူလို့ဆိုရင်မမှားပါဘူး။ ဘဝဆိုတာကိုအနက်အဓိပ္ပာယ်ဖွင့်ဆိုနိုင်သူမဟုတ်တာကြောင့် လူ့ဘောင်ဝန်းကျင်နှင့်ဆန့်ကျင်နေသူ၏အမည်မှာ "ချူး"...။

လူ့ဘဝလူ့လောကကြီးထဲကိုလူရယ်လို့ဖြစ်လာတည်းကမိဘဆိုသည်ကို "ချူး" ဘာရယ်မှန်းမသိခဲ့။ "ချူး" ဘဝတွင် အရက်သမားကြီးဦးဘိုဝင်းဆိုသူ၏ဘဝအပေအတေအောက်တွင်ကြီးပြင်းခဲ့ရသူ။

အရက်သမား၏ မွေးစားသားဆိုပေမယ့် ချူးကို ပညာတတ်တစ်ယောက်ဘဝကို ပို့ပေးခဲ့သူပါ။ ဒါပေမယ့် ချူးတက္ကသိုလ်ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



နှစ်မှာပင် ထိုအရက်သမားကြီး၏ဘဝမှာ အဆုံးသတ်သွားခဲ့လေသည်၊ ကံကြမ္မာသည် ချူးဆိုသည့် လူတစ်ယောက်ကို အနာဂတ်မဲ့ကဗျာတစ်ပုဒ်ကိုရေးဖွဲ့လိုက်ပြီဖြစ်တာကြောင့် ခါးသီးသော နေ့ရက်များစွာကိုရင်ဆိုင်နေရသူပင်ဖြစ်သည်၊

မွေးစားဖခင်ကြီးသည်ရပ်ကွက်နေရာများစွာတွင်ကျင်လည်ကျက်စားခဲ့ရင်းဖခင်ကြီးမကွယ်လွန်ခင်နှစ်ပိုင်းကိုရောက်တော့မှပင်လူသူမနေသောအိမ်ပျက်တစ်လုံးတွင် သားအဖနှစ်ယောက်ဘဝကိုအခြေချပြီးနေထိုင်ခဲ့ကြသည်၊

ချူး (၁၀) ကန်းဖအောင်သောနှစ်တွင် ဖခင်ကြီးမှာ အသည်းရောဂါကြောင့် ကျန်းမာရေးသိပ်ပြီးမကောင်းသဖြင့် တက္ကသိုလ်ဆက်ပြီးတက်လိုသောဆန္ဒ လုံးဝကင်းမဲ့ခဲ့ပါသည်၊ ချူးကျောင်းထွက်ပြီးအလုပ်လုပ်ခွင့်ကိုဖခင်ဖြစ်သူမှမပေးခဲ့သဖြင့်တက္ကသိုလ်သို့ဆက်ပြီးတက်ခဲ့ရသည်၊

ချူး မွေးစားဖခင်ကြီးသူ့ကိုယနေ့လိုတက္ကသိုလ်တက်နိုင်သည့်ဘဝကိုရောက်ဖို့အဖွက် ဘာတွေလုပ်ခဲ့ရသလဲဆိုတာဝေတာ့မေးစရာဖြစ်နေပါတယ်၊ ချူးဖခင်ကြီးဘဝမှာအလုပ်ဟူ၍မည်မျှ ... ဒ်ရရတစ်ခုမရှိခဲ့၊ ဒါပေမယ့်သူကျင်လည်ခဲ့သောဘဝက ... တစ်ခုတွင် တစ်ကြိမ်သော ကားပေါ်တက်ပြီး တစ်လလုံးလုံးနေခဲ့သူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ခါးသမားဆိုပေမဲ့တခြားသောခါးသမားတွေနှင့်တော့လုံးလုံးကွာခြားတာတစ်ခုတော့ရှိသည်။ ဖခင်ကြီးသည်လူတန်းစားခွဲခြားပြီးမှနှိက်ခဲ့သူ၊ ခါးဘဝသက်တမ်းနှစ်ပေါင်း (၃၀) ကျော်သည်အထိ ဖခင်ကြီးကို သက်ဆိုင်ရာမှ ဖမ်းဆီးခဲ့မိခြင်းမရှိသလို ခါးလောကတွင်ကျော်စောထင်ရှားခြင်းလည်းမရှိသူပင်ဖြစ်သည်။

ရှူး၏ဖခင်ကြီး ခါးဆိုသည်ကို ရှူးသိခဲ့ရသည့်အချိန်က (၁၀) တန်းအောင်သောနှစ်လို့ပင်ဆိုရမည်။

"လူလေးက အဘ ဘာလုပ်ကိုင်တယ်ဆိုတာကို သိပ်ပြီးသိချင်နေမှာပေါ့"

"ဟုတ်ကဲ့အဘ"

"ကောင်းပြီ..လူလေးသိချင်တဲ့ အဘအလုပ်အကိုင်ကို ဒီနေ့သိစေရမယ်"

ထိုနေ့ ရှူးကိုဖခင်ကြီးမြို့ထဲသို့ခေါ်သွားပြီး ဆူးလေစေတီဒေါက်ခြတ်ကြီးတွင် အရင်ဆုံး သားအဖနှစ်ယောက် ဘုရားဝတ်ပြုပြီး ဗန္ဓုလခန်းခြံရှိကားပေါ်သို့မတက်ခင်..

"လူလေး..မင်းရှေ့ပေါက်ကတက်ပြီးအဘဆင်းတာကိုကြည့်ပြီး ဆင်း"



www.burmeseclassic.com

www.burmeseclassic.com



"အဘာနဲ့ကျွန်တော် အတူတူမတက်ရဘူးလား"

"ငါက နောက်ပေါက်ကနေတက်ရမှာ...ငါပြောတဲ့အတိုင်းသာ နားထောင်စမ်းပါကွာ"

ချူးဘာမှ စကားမဆက်တော့ဘဲ ဖခင်ကြီးပြောသည့်အတိုင်း ကားရှေ့ပေါက်ကနေတက်ခဲ့သည်။ အချိန်က ညနေရုံးဆင်းချိန် ဖြစ်တာကြောင့် ကားပေါ်တွင် ခရီးသည်တွေ ပြည့်ကျပ်နေသည်။ ချူးတို့ကား ပေါ်သို့ရောက်ပြီး သိပ်မကြာခင်မှာ ဂိတ်မှူးထံမှ ခရာမှုတ်သံကြောင့် ကားစတင်ပြီးထွက်ခဲ့ရသည်။ ချူးနှင့်ဖခင်ကြီးမှာ ကား အရှေ့နှင့် အနောက်လှမ်းပြီးတွေ့နေရသည်။ ကားမှတ်တိုင် (၅)တိုင် ကျော်လောက်မှာ ပြီးနောက် ဖခင်ကြီး ချူးကိုတစ်ချက်လှမ်းကြည့် ပြီး မှတ်တိုင်တွင်ဆင်းဖို့အချက်ပြလိုက်တာကြောင့် ကားရပ်သည်နှင့် ချူး လိုက်ပြီးဆင်းခဲ့ရသည်။

"လူလေး ဗိုက်ဆာနေပြီလား"

"မဆာသေးပါဘူးအဘ"

"ဒါဆို အိမ်ရောက်မှပဲ စားကြတာပေါ့ကွာ၊ ရှေ့က စားသောက် ဆိုင်မှာ စားဖို့ရော၊ သောက်ဖို့ရော ဝယ်ကြတာပေါ့"

ချူးမှာ ဖခင်ဖြစ်သူနှင့် ကပ်လိုက်ပါလာရင်း ဖခင်ကြီး အိတ်ထဲ တွင် တစ်သောင်းတန်ငွေစက္ကူ တစ်ထပ်ကိုတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လှလေး..."

"ဗျာ...အဘ"

"အဘ လုပ်ကိုင်တာကို မင်းသဘောပေါက်ပြီလား"

ချူး ကောင်းကောင်းသိလိုက်ပါပြီ။ ဖခင်ကြီး သူ့ကို လူမမယ် အရွယ်တည်းက ရှာဖွေကျွေးမွေးခဲ့သော လုပ်ငန်းကြီးမှာ ခါးပိုက်နှိုက် အလုပ်ပင်ဖြစ်သည်။

"လှလေး...အဘကို ရင်ထဲက စကားပြောစရာရှိရင် ပြောနိုင် တယ်"

"ကျွန်တော့်ရင်ထဲက ပြောစရာစကားမရှိပါဘူးအဘ၊ ဒါပေမဲ့ အဘအတွက်သားစိုးရိမ်တယ်၊ ပြီးတော့ သားလည်း အလုပ်လုပ်ကိုင် နိုင်တဲ့အရွယ်ကိုရောက်နေပြီပဲ အဘရယ်... သားအလုပ်ထွက်လုပ်ပါရ စေ"

"မင်းစကားကို ဒီမှာပဲရပ်၊ ငါ ဒီအလုပ်ကိုလုပ်တယ်ဆိုတာ စည်းကမ်းမရှိ လှတိုင်းနှိုက်နေတာမဟုတ်ဘူးကွ၊ သိပ်ပြီးရှိနေကြတဲ့ သူတွေဆီကနေ ပြန်ပြီးခွဲဝေယူတာ၊ တခြားကောင်တွေလို တွေ့ကရာ နှိုက်တဲ့ထဲမှာ ငါမပါဘူး"

"ဘယ်လိုပဲဖြစ်ဖြစ် အန္တရာယ်ကြီးပါတယ် အဘ"

"ဒီလောကကို ငါဖြတ်သန်းတာ နှစ်ပေါင်း (၂၀) ကျော်ပြီ၊ အား



www.burmeseclassic.com

www.burmeseclassic.com



ငါတစ်ခုတော့ဆုံးဖြတ်ထားတယ်၊ မင်းဘွဲ့ရပြီးရင်တော့ ငါဒီအလုပ်ကို စွန့်လွှတ်မယ်၊ မင်းသာ ဘွဲ့ရအောင်လုပ်"

ချူး ဖခင်ကြီး၏ဆုံးဖြတ်ချက်ပေါ်မှာထပ်ပြီးမပြောချင်တော့ တာမို့ဝမ်းနည်းစွာနှင့်ပဲ လက်ခံပေးလိုက်ရသည်။

ချူးဘွဲ့ရမှပဲဖခင်ကြီးကိုအနားရာယ်လမ်းပေါ်ကနေ ဆွဲထုတ်လို့ ရမှာမဟုတ်လား...။

လောကကောင်းကင်ကြီးတွင် ဘဝ၏တိမ်တိုက်တွေ ဖုံးလွှမ်း နေပေမဲ့ တည်တံ့စွာ ရပ်တည်နေတာတော့မဟုတ်ပါ။ ရွေ့လျားခြင်း တွေနှင့် ပြောင်းလဲတတ်တာ မမွတာမှင်ဆိုရမည်။

ချူးဘဝသည်လည်း ထိုကဲ့သို့ပင် ဘဝကို ချိုခြင်း၊ ခါးခြင်းများ နှင့်ဖြတ်သန်းခဲ့ရင်း တက္ကသိုလ်ကျောင်းသားဘဝကိုပိုင်ဆိုင်ခဲ့ပြီး ဖခင် ကြီးဖြစ်စေချင်သော ပညာတတ်ကြီးတစ်ဦးအဖြစ်နှင့် သူ့ဇကျူးရူး ပြန် ဆပ်ခြင်းလို့ သဘောထားခဲ့ပြီး တက္ကသိုလ်မြေပေါ်သို့ ခြေချခဲ့သည်။

ကံကြမ္မာလက်တို့၏ကြိုးဆွဲရာနောက်တွင် ကကြိုးရုပ်သဖွယ် ကစုန်ရသော လူသားဘဝကြီးကို သူတကယ်ပင် မနှစ်သက်၊ ကိုယ့် ဘဝကိုကိုယ်သာလျှင် ပဲ့ကိုင်သူဖြစ်ချင်သူ၊ သို့သော်လည်း ကံကြမ္မာ တစ်ချက်အလှည့်တွင် သူ၏ဘဝပြောင်းလဲခဲ့ရပြန်ပြီ...။

"ချူး" ဒုတိယနှစ် စာမေးပွဲကြီးနောက်ဆုံးမြေ့ပြီးချိန်မှာပဲ

www.burmeseclassic.com



ဖခင်ကြီး၏ ရောဂါအခြေအနေ လုံးလုံးမကောင်းတော့တာကြောင့် ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရတာကို ကျွန်ုပ်လုံးဝပင် မသိလိုက်၊ တမေ့ပွဲ ဖြေပြီး အိမ်ကိုပြန်ရောက်တော့မှ သိရသဖြင့် ဆေးရုံကိုအားရှင်းလိုက် သွားခဲ့ပေမဲ့ ဖခင်ကြီး၏နောက်ဆုံးစကားတစ်ခွန်းကိုပဲ ကျွန်ုပ်နောက်ဆုံး ကြားလိုက်ရပြီး ဖခင်ကြီး ကျွန်ုပ်ဘဝကို ထာဝရကျောခိုင်းသွားခဲ့လေပြီ၊

ကျွန်ုပ်ဖခင်ကြီး နောက်ဆုံးပြောခဲ့သောစကားတစ်ခွန်းကတော့ "ဘွဲ့ရပညာတတ်ကြီးဖြစ်အောင် ကြိုးစားပါ" ဆိုသောစကားပင်ဖြစ်သည်၊ ဖခင်ကြီးအတွက် သူ့နောက်ဆုံးထွက်သက်ကို ဖြောင့်ဖြူးနိုင်အောင် ခေါင်းညိတ်ခဲ့ပေမဲ့ တကယ်တမ်းကျတော့ ကျွန်ုပ်အတွက် အင်အားမဲ့သော မနက်ဖြန်ကိုဖြတ်ကျော်ရတော့မှာဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

မနက်ဖြန်တို့သည် ရှုးအတွက် လှောင်အိမ်ထဲမှ လွတ်မြောက်ခဲ့သော ငှက်တစ်ကောင်ပမာ ကောင်းကင်ကြီးပေါ်သို့ လေစုန် လေဆန် မသိ ပျံသန်းနေရတော့သည်။

ဖခင်ကြီးထားခဲ့သော ငွေကြေးတို့ဖြင့် ဖခင်ကြီးဖြစ်စေချင်သော ထိုလမ်းကို ဆက်ပြီးလျှောက်ခဲ့ပေမဲ့ အခြေအနေက မဟန်တော့ချေ။ ဒီအတွက် ရှုး ညပိုင်းအလုပ်တစ်ခု လုပ်ကိုင်နိုင်ဖို့အတွက် ရှာဖွေရတော့သည်။ သူငယ်ချင်းဖြစ်သူ မောင်မောင်စိုးအကူအညီဖြင့် ညပိုင်းဆိုက္ကားနင်းခွင့်ရခဲ့သည်။

ရှုးတို့နေထိုင်သော ရပ်ကွက်နှင့် ညပိုင်းဆိပ်ကမ်းဈေးလေးမှာ သိပ်ပြီးမဝေးတာကြောင့် ရှုးအတွက် အဆင်ပြေတာလို့ပဲ ဆိုရ



www.burmeseclassic.com

မည်။ လှမှန်းသိကတည်းက ဖခင်ကြီးရှာဖွေမှုအောက်မှာ သက်သာစွာဘဝရပ်တည်ခဲ့သူမို့ ရုလို့ဘဝကြမ်းကြမ်းကိုဖြတ်သန်းသည်မှာ ပထမဦးဆုံးလို့ပင်ဆိုရမည်။

ရှူးဘဝမှာ ချမ်းသာခြင်းဆိုတာကို မခံစားခဲ့ရဘူးပေမဲ့ ဆင်းရဲခြင်းဒဏ်ကိုတော့ အကြိမ်ကြိမ်ကြုံခဲ့ဖူးသူဖြစ်သည်။ ဒီအတွက် ဆင်းရဲခြင်းလှိုင်းဒဏ်ကို ရှူးသက်လုံကောင်းကောင်းနှင့်ခံနိုင်ခဲ့ပါပြီ။

ကြောက်ရွံ့ခြင်း၊ တွေဝေခြင်းကတော့ ရှူးဘဝတွင် မရှိခဲ့တာတော့အမှန်။ အနာဂတ်တံခါးချပ်တွေကိုလက်ကြမ်းကြမ်းနှင့်ဖွင့်ရဲသူ။

ရှူး…နင်းရသောဆိုက်ကားမှာ လိုင်စင်မဲ့မို့ တရားဝင်ဂိတ်များတွင်ဝင်ရောက်ပြီး ဆွဲခွင့်မရသဖြင့် ကြုံတဲ့နေရာမှာ ကြုံသလိုရပ်ပြီးဆွဲရသည်။ ထိုအလုပ်ကိုလုပ်သူမှာ သူတစ်ယောက်တည်းတော့မဟုတ်၊ ရှူးလိုပင်ကြုံရာရပ်ပြီးဆွဲစားနေရသူတွေလည်းရှိ၏။

ဆိပ်ကမ်းတွင်ည ၁၀း၀၀ နာရီနောက်ပိုင်း ရွာတွေဘက်မှလာကြသော ကုန်စိမ်းမော်တော်ကြီးတွေက ကုန်ပစ္စည်းမျိုးစုံနှင့်ဆိုက်ရောက်လာကြသောကြောင့် ပွဲရုံသို့မရောက်ခင်ကြားဖြတ်ပြီးဝယ်ကြသူတွေက ညပိုင်းကိုဒုက္ခခံပြီးလာဝယ်ကြရသည်။ အကယ်၍ပွဲရုံသို့ရောက်သွားခဲ့ပါက…။ ဈေးက(သုံး)ဆလောက်ကွာသွားနိုင်တာမို့ ရုလိုဒုက္ခခံပြီးလာရောက်ဝယ်ယူကြခြင်းပင်ဖြစ်သည်။

www.burmeseclassic.com



တစ်ဝမ်းတစ်ခါးအတွက် ရှန်းကန်နေကြရတဲ့သူတွေများစွာထဲတွင် ချူး ဆိုသည့်လူတစ်ယောက်လည်းပါဝင်ခဲ့ခြင်းမဟုတ်လား။ လူ့လောကလူ့ပတ်ဝန်းကျင်သည် ခက်လှ၏။ ဘဝတူလူတန်းစားအချင်းချင်းကြားတွင် ရန်လိုမှုတွေ၊ စာနာမှုကင်းမဲ့ခြင်းတွေကြောင့် ပြဿနာများစွာ၊ ပဋိပက္ခများစွာတို့ကို တွေ့ကြုံနေရမြန်၏။

ချူး ရန်ကိုရှောင်ချင်သလို ပြဿနာဆိုသောအရာကို မကြုံချင်လို့ လူလူချင်းဆက်ဆံရေးကို အပြေပြစ်ဆုံး၊ အချောမွေ့ဆုံးဖြစ်အောင်နေခဲ့သူတစ်ဦးပင်...၊ ဒါပေမဲ့ ချူးရှောင်တိမ်းခဲ့သော အရာတွေက ချူး ဆီကိုဖိတ်ခေါ်ခြင်းမရှိဘဲ ရောက်ရှိလာခဲ့တော့သည်။

ချူးမနက်ပိုင်း နင်းသူဆီကဆိုက်ကားကိုလွှဲယူလိုက်ချိန်က ညငါးဝဝနာရီခွဲ...၊ ချူး ဆိုက္ကားကိုလွှဲယူပြီး ကောင်းမကောင်းကိုအရင်ဆုံးမေးပြီး ပြင်စရာရှိတယ်ဆိုရင် ဆိုင်မှာသွားပြင်ပြီးမှ ဆိုက္ကားထွက်ခဲ့ရသည်။ ထိုနည်းတူစွာပင် ချူး ဆိုက္ကားပြန်ပြီးအပ်တဲ့အခါ ....၊ ပျက်တာရှိရင် ပြောဆိုပြီးအပ်ခဲ့သည်။ ဆိုက္ကားပြင်ခကိုတော့ နေ့ပိုင်း ပျက်ရင် နေ့ပိုင်းသမားခံပြီး ညပိုင်းပျက်တာကို ချူးကခံရသည်။ အကယ်၍ တာယာတွေ ခွေတွေပျက်ရင်တော့ မနက်သမားနှင့်ညသမားမှာ တ၀က်စီခံကြရသည်။

ဆိုက္ကားပိုင်ရှင်ကတော့ ဘာကိုမှလုည့်ပင်မကြည့်၊ ရတဲ့ ငွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ အိတ်ထဲကိုထည့်တော့သည်။ မတရားဘူးဆိုတာကို သိနေပေမဲ့ကိုယ်ကငြင်းဆန်ရင်ကိုယ်ကသာအလုပ်လက်မဲ့ဖြစ်သွားမည်။ ဤသည်ကိုပင် လုပ်ချင်သူတွေကများစွာရှိနေကြသည်။ ဘဝ၏ ဆာလောင်မှုဒဏ်ကို အခြေခံလူတန်းစားတွေ ဘဝတွင် တင်းပြီးခံဖို့မှာမလွယ်လှပေ...၊ ဒါကြောင့်လည်း နေရှင်လူတန်းစားတွေ၏ တုပ်သွေးစုပ်မှုအောက်တွင် လည်စင်းပေးနေရခြင်းဖြစ်သည်။

ခနဲ၊ ငွေကြေးအင်အားတွေနှင့်အနိုင်ကျင့်ခံခဲ့ကြရသောဘဝများစွာ မျက်ရည်များစွာတို့အတွက် ချူး ရင်မှာမကျေနပ်မှုများစွာ ရှိနေပေမဲ့ ချူးဘာမှမလုပ်နိုင်ခဲ့ပါ။ တကယ်လို့သာ ချူးဆိုတဲ့လူတစ်ယောက်သည် ချမ်းသာကြွယ်ဝသူတစ်ဦးသာဖြစ်ခဲ့ရင်တော့ လူတန်းစား နိမ့်ပါးသူတွေအတွက် ကာကွယ်ပေးနိုင်သောလူတစ်ယောက်ဖြစ်လာနိုင်ပါသည်။

ချူးညပိုင်းဆိုကွာတိုးနေကျနေရာတွင် ချူးနှင့်အတူ ဆိုကွာသမား(၃)ယောက်ရှိသည်။ ကိုသိန်းရွှေနှင့်ဦးနီတို့ပင်ဖြစ်သည်။ ခုညတော့ကိုသိန်းရွှေတစ်ယောက်ကိုသာ တွေ့ရပြီး ဦးနီကိုမတွေ့ရသည်။

"ကိုသိန်းရွှေ...ဦးနီတစ်ယောက်ကိုမတွေ့ပါလား"

"ချူး...မင်းဦးနီသတင်းမကြားလိုက်ဘူးလား"

www.burmeseclassic.com



"ဟာင့်အင်းဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲကွာ ညောင်ပင်ဂိတ်ကကောင်တွေ သူတို့ ဖောက်သည်ကို ခွက်ဝင်ကျတယ်ဆိုပြီး ရိုက်လွှတ်လိုက်ကြတယ်"

"ဟာဗျာ... မိုက်ရိုင်းလိုက်တာ ကိုယ်လိုသူလိုဘဝ လူတန်းစားအချင်းချင်း မလုပ်ကောင်းတဲ့အလုပ်ပဲ..."

"လူတွေကခက်ပါတယ်ကွာ ဗုဒ္ဓဘာသနာထွန်းကားတဲ့ နိုင်ငံကြီးမှာနေထိုင်ကြပြီး မေတ္တာတရားခေါင်းပါးနေကြတာ ဝမ်းနည်းဖို့ ကောင်းတယ်၊ လူတွေကလူနဲ့မတူကြတော့ဘူး ဘီလူးစိတ်တွေပေါက် နေကြပြီနဲ့တူပါတယ်...၊ စကားလုံးကြီး ကြီးပြောတာတော့မဟုတ်ဘူး ငါတို့တိုင်းပြည်ကြီး ခေတ်မီ နိုင်ငံကြီးဖြစ်ဖို့ဆိုရင် လူတွေရဲ့စိတ်ဓာတ်ပိုင်းတွေကို ပြင်ကြ တော့လိုအပ်တယ်"

"ကိုသိန်းရွှေပြောတာ သိမ်ပြီးမှန်တဲ့စကားပဲဗျာ တိုင်းပြည်အုပ်ချုပ်တဲ့အစိုးရတွေ ပြောင်းလဲရေးအတွက် ဆောင်နေတဲ့ခေါင်းဆောင်ကောင်းတွေ ဘယ်လောက်ရှိ ကြပါစေ၊ ရုပ်ဝတ္ထုပိုင်း သာတိုးတက်ကောင်းတိုးတက်နိုင် မယ်၊ လူတွေရဲ့စိတ်ဓာတ်ပိုင်းတွေမတိုးတက်သရွေ့တိုင်းပြည်

www.burmeseclassic.com



ဟာနိမ့်ကျနေဦးမှာပဲ"

"ဟူး... ဒီအကြောင်းတွေပြောနေရင် မိုးလင်းတာ တောင် ပြောလို့ဆုံးမှာမဟုတ်ဘူးကွာ"

"ဒါနဲ့ဦးနီဒဂ်ရာက ဘယ်လိုနေလဲ အမှုတွေဘာတွေ ရော မလုပ်ဘူးလား..."

"ရဲစခန်းမှာတော့ အမှုတော့ဖွင့်ထားတယ်၊ ရိုက်တဲ့(၂) ကောင်ကတော့ ဖမ်းလို့မမိသေးဘူး..၊ ဒီကောင်တွေက ဆိပ်ကမ်း တစ်ကြောမှာ ဆိုက္ကားနင်းတာကို အယောင်ပြပြီး မဟုတ်တာအကုန် လုပ်နေကြတာ"

"သက်ဆိုင်ရာရဲတွေကဒီကောင်တွေလုပ်နေတာကိုမသိဘူး လား"

"သိတော့ သိမှာပေါ့ကွာ၊ ဖမ်းလို့မရနိုင်တဲ့အကြောင်းတွေ ကြောင့်ဒီကောင်တွေထောင်ထဲကိုမရောက်ကြသေးတာနေမှာပေါ့"

"ကျွန်တော်တို့တိုင်းပြည်မှာအကျင့်ပျက်ခြစားမှုတွေကြောင့် ဥပဒေအပြင်ဘက်ကကောင်တွေလူပါးဝနေတာ၊ဒါတောင်ဂျာနယ် တွေကနေ ထုတ်ဖော်နေလို့ မဟုတ်တာတွေ လုပ်နေကြတဲ့သူတွေ ထင်တိုင်းမကြဲနိုင်ကြတာ ပြောင်းလဲဖို့တော့ ကောင်းနေပြီဗျာ၊ ဥပဒေ ဘက်တော်သားတွေဘက်က အဂတိတရားကင်းပြီး ဥပဒေကို ဥပဒေ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဖြတ်ဖြတ်သားသားလှပ်ကိုင်ရင် တိုင်းပြည်သိပ်ကိုအကျိုးရှိမှာပါ၊ ဒါနဲ့ တောမစပ် ဘယ်သူတွေလဲ"

"ချူး..မင်းက ညလမ်းပေါ်ကိုရောက်တာ မကြာသေးဘူးဆိုတော့ ဒီကောင်တွေကို သိမှာတော့မဟုတ်ဘူး၊ အငယ်လေးနဲ့စိုးကြီးဆိုတဲ့ကောင်တွေပဲ"

ချူး ထိုနာမည်တွေကို စုမှပင်ကြားဘူးသူဖြစ်၏။ သူနှင့် ဒုစရိုက်လောကမှာ ပတ်သက်ဆက်နွယ်စရာမရှိခဲ့တာကြောင့် ထိုအမည်တွေကို ချူးမသိခဲ့တာ အဆန်းတော့မဟုတ်၊ ဒါပေမယ့် လူမိုက်ဆိုသော ဝေါဟာရကို ချူးမကြိုက်။ လူလူချင်း အနိုင်ကျင့်ဗိုလ်ကျတာကို လက်မခံနိုင်သောလူဖြစ်၏။ အထူးသဖြင့် အုပ်စုဖွဲ့ပြီး မိုက်ကြေးခွဲစားနေသူတွေကို ချူးအရွံမုန်းဆုံးပင်။

"မောင်လေး..ဆိုက်ကားအားလား"

ချူးတို့အနားကို အမျိုးသမီးတစ်ဦးရောက်လာပြီးမေးလိုက်တာမို့

"အားပါတယ်အစ်မ..ဘယ်ကိုသွားမလဲ"

"ဒီအနီးအနားမှာ ညအိပ်တည်းခိုလို့ရတဲ့နေရာတစ်ခုကို ပို့ပေးပါ"

ဆိုင ါမ်းနှင့်သိပ်ပြီးမဝေးသောနေရာတွင်ညအိပ်တည်းခိုရိပ်

www.burmeseclassic.com



သာတွေရှိနေတာကြောင့်။

"ပို့ပေးလို့ရပါတယ်အစ်မ...ဦးသိန်းရွှေလိုက်သွားမလား"

"မင်းပဲလိုက်သွားပါကွာ ငါကရှေ့ဦးပေါက်ပြီးပြီ"

"ဒါဆို သွားမယ်၊ အစ်မတက်လေ"

ချူးဆိုက္ကားဆိုဇာလေးကို လှည့်ပေးလိုက်ပြီး ဆိပ်ကမ်းထဲမှ အပြင်ဘက်ကတ္တရာလမ်းဆီကို နင်းလာစဉ်...

"ဟင်..."

ချူးသွားရမည့်လမ်းတွင် ဆိုက္ကား(၂)စီးပိတ်ပြီးရပ်ထားသလို ဆိုက္ကားပေါ်တွင် လူ(၃)ယောက်ထိုင်နေကြသည်။ ချူးစိတ်ထဲတွင် အန္တရာယ်တစ်စုံတစ်ခုကိုကြုံလိုက်ရပြီဆိုတာကို သိလိုက်ရသည်။

"မောင်လေး...ဒါ...ဒါ..."

"အစ်မဘာမှစိတ်မပူပါနဲ့...၊ ကျွန်တော့်ကိစ္စကို ကျွန်တော်ရှင်းမယ်"

ချူး ဆိုက္ကားကိုရပ်လိုက်ပြီး တစ်ဖက်မှထွက်ပေါ်လာမည့် စကားသံကိုနားစွင့်ပြီးစောင့်နေလိုက်သည်။

"ချူးဆိုတာမင်းလား"

"ဟုတ်ပါတယ်"

မေးလိုက်သည့်စကားသံမှာရန်လိုနေသောအရိပ်အယောင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါနေသည်ကို သတိပြုမိလိုက်ပေမဲ့ ချူးဘယ်သူနှင့်မှ ပြဿနာ မရှိခဲ့တာကြောင့် ရန်ပြုမည့်သူတွေလို့မထင်မိလိုက်။

"မင်းဆိုက္ကားပေါ်ကခရီးသည်ကို ငါတို့ဆိုက္ကားပေါ်ကိုပြောင်း တင်ပေးလိုက်စမ်း"

"ဟင်"

ဒုတိယမြောက်ပြောလိုက်သောစကားကြောင့် စိတ်ထဲတွင်ခံ ပြင်းမိသွားသည်။ ဒါဟာ ဗိုလ်ကျမှုတစ်ခုပင်မဟုတ်လား...

"ဟော့ကောင် ပြောနေတာမကြားဘူးလား..."

"ဒီကောင်ကြည့်ရတာ နားမကောင်းဘူးနဲ့တူတယ်၊ နားလေး ပွင့်သွားအောင် လုပ်ပေးမှဖြစ်မယ်"

ရန်ပြုလိုသောစကားကနေ တိုက်ရိုက်ဖို့ထိလှမ်းလာသော စကားကြောင့် ချူးဆုံးဖြတ်ချက်တစ်ခုကို အလျင်မြန်ဆုံးချရတော့ သည်။ ပထမဦးဆုံးစဉ်းစားလိုက်သည်မှာ တောင်းပန်ပြီးရှောင်သွား ရန်ဖြစ်၏။ ဒုတိယစဉ်းစားချက်မှာ တုံးတိုက်တိုက်ကျားကိုက်ကိုက် ရင်ဆိုင်ဖို့ပဲဖြစ်သည်။

"မောင်လေး...မမ သူတို့နဲ့ဆိုမလိုက်ဘူးနော်"

ချူးဆိုက္ကားပေါ်မှ ခရီးသည်အမျိုးသမီး၏တောင်းပန်မှုကြောင့် ချူးအတွက် ဖိအားသဖွယ်ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့ခင်ဗျားတို့ကြားမှာ ပြဿနာမရှိခဲ့ဘူးထင်ပါတယ်"

"မင်းဘက်ကမရှိခဲ့ပေမဲ့ငါတို့ဘက်ကရှိတယ်ကွ"

"ဗျာ..."

ရှူးသူ့ကိုယ်သူပြန်ပြီးမေးမိလိုက်၏၊ သူဘာတွေကိုလုပ်ခဲ့သလဲဆိုတာ တကယ်ပင်စဉ်းစားလို့မရခဲ့ပါ။

"အငယ်လေးကြာတယ်ရှေ့ပြည်အေးတရားတွေကိုဆွေးနွေးခနေနဲ့တော့မင်းခရီးသည်ကိုလွှဲပေးမလားလွှဲမပေးဘူးလားဆိုတာပဲပြော"

"ခရီးသည်ကိုအရင်ဆုံးမေးကြည့်ပါ၊ ကျွန်တော့်ဘက်ကဆည့်ပေးချင်တိုင်းထည့်ပေးလို့မရဘူး"

"ကျွန်မမလိုက်နိုင်ဘူး"

"မင်းမလိုက်လို့မရဘူး"

"ဘာ..."

"ဒီကောင့်ဆိုက်ကားက ဂိတ်နဲ့တရားဝင်ဆွဲနေတဲ့ ဆိုက္ကားမဟုတ်ဘူး၊ ငါတို့ဆိုက္ကားကဂိတ်နဲ့တရားဝင်ဆွဲနေတာ၊ ဒီလိုကောင်မျိုးတွေခွက်ကျနေတာကိုဆက်ပြီးမကြည့်နိုင်ဘူး"

"တရားဝင်တာတွေတရားမဝင်တာတွေကျွန်မမသိဘူး၊ ရှူးကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မငှားလာတာ သူနဲ့ပဲသွားမယ်"

"မသွားရဘူး...ကွာ"

အငယ်လေးနှင့်စိုးကြီးဆိုသည့်နာမည်ကိုကြားလိုက်သည်နှင့် ဦးနီကိုသတိရလိုက်သည်။ ဦးနီကိုရှိန်းရှိန်းစိုင်းစိုင်း စော်ကားလိုက်ကြသော နှစ်ယောက်...၊ နောက်တစ်ယောက်ကိုတော့မသိ၊ ချူး သဘော ပေါက်လိုက်တာကတော့ ထိပ်တိုက်တိုးမှုတွေကို ရှောင်လွှဲလို့မရနိုင်တော့ပါ။

"ကျွန်တော်ခင်ဗျားတို့ကို မေတ္တာရပ်ခံပါတယ်၊ သွားခွင့်ပြုပါ"

"မေတ္တာတွေ၊ သစ္စာတွေ လာပြီးပြောမနေနဲ့ ခံစားလို့မရဘူး"

အခြေအနေတွေက နောက်ဆုံးချိန်ကို ရောက်သွားပြီဖြစ်တာကြောင့် -

"အစ်မအောက်ကိုဆင်းပြီး ရှောင်နေလိုက်ပါ"

"မင်း...မင်း...ဖြစ်ပါ့မလားကွယ်"

"မဖြစ်လည်းမတတ်နိုင်တော့ဘူး အစ်မ"

ချူးဆိုက္ကားပေါ်မှဆင်းပြီး ရင်ဆိုင်ဖို့ကိုပြင်ဆင်လိုက်သည်။

"ကဲ တောင်းပန်လို့မှမရတော့ဘူးဆိုရင် ခင်ဗျားတို့ကြိုက်သလိုသာရွေးလိုက်တော့"

"သိပ်ပြီးကြားကောင်းတဲ့စကားပဲပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



"စိုးကြီးလက်သံကိုမပြည်းမစမ်းဘူးရင်ခေတ်နောက်ကျသွားမယ်ကဲ...ရှောင်ပေတော့"

ချူးဘဝမှာ ငယ်စဉ်ကတည်းက ရန်ဖြစ်ခြင်းကိုရှောင်ကွင်းသလိုစကားများခြင်းတောင်မဖြစ်ခဲ့တဲ့သူအတွက် အကြီးမားဆုံးရန်ပွဲကြီးကို ပွဲဦးထွက်စတင်ပြီး ကြုံလိုက်ရခြင်းပင်၊ ရန်မဖြစ်ဘူးပေမဲ့ ခပ်ညံ့ညံ့ လူပျော့လူညံ့တစ်ယောက်တော့မဟုတ်၊ ချူးတို့သားအဖနှစ်ယောက် နေစရာမရှိ၍ ဘုန်းကြီးကျောင်းတွင်ခိုကပ်ပြီးနေခဲ့စဉ်ကကျောင်းကပ္ပိယကြီးဦးလေးစံ၏မြန်မာ့သိုင်းပညာကို(၂)နှစ်လောက်သင်ခွင့်ရသူတစ်ဦးဖြစ်တာကြောင့် အငယ်လေး၊ စိုးကြီးတို့(၃)ဦး၏တိုက်ခိုက်ရန်ပြုမှုကိုအသာအယာ ရှောင်တိမ်းရင်း...

"ခြောင်း...အီး...ခွပ်...အား...ဒုတ်...အင်း..."

မြန်မာ့သိုင်း၏တုံ့ပြန်မှုတွေမှာ လူရမ်းကားတွေအတွက် ဆုံးမစရာဖြစ်သွားပြီး(၃)ယောက်လုံးမြေပြင်တွင် ခွေခေါက်ကြသွားသည်၊

"မောင်...မောင်လေး...နောက်မှာ...ဓား...ဓား.."

"ဟင်"

အငယ်လေးဆိုသည့်လူသူ့ခါးကြားမှဓားမြှောင်ကိုဆွဲထုတ်ပြီးချူးကိုပြေးပြီးဝင်ထိုးတာကိုပွတ်ကာသီကာကပ်ပြီးရှောင်ရင်း အငယ်လေးလက်မှ ဓားမြှောင်ကိုသူ့ဗိုက်ဆီသို့ပြန်ပြီးလှည့်ပေးလိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပြီး။

"အား..."

"အယ်..."

အငယ်လေးတစ်ယောက် ဒူးညွှတ်ကျသွားပြီး ကတ္တရာလမ်းပေါ်တွင် လဲကျသွားတော့၏။

"ဟာ အငယ်လေး သေသွား..သေပြီ.."

"ပြေး...လစ်...တော့.."

ရှူး၏ရန်ပွဲကတော့ပြီးဆုံးသွားခဲ့ပါပြီ၊ ရှူးဘေးတွင် စရိုးသည် အစ်မနှင့် သွေးအိုင်ထဲတွင်လဲကျနေသော အငယ်လေးသာရှိတော့သည်။

"မောင်လေး မင်းပြေးတော့လေ"

"ကျွန်တော်မပြေးဘူးအစ်မ၊ ဥပဒေအတိုင်းပဲ ကျွန်တော်ခံမယ်"

"မောင်လေးရယ် မင်းအတွက်စိတ်မကောင်းပါဘူး"

"မတတ်နိုင်ဘူးအစ်မရယ် ကိုယ်ကစီမံခဲ့တဲ့ကိစ္စမဟုတ်ဘူးလေ...၊ အစ်မသွားချင်တဲ့နေရာကို ကျွန်တော်လိုက်ပို့ပြီးတာနဲ့ ရဲစခန်းကိုသွားပြီး အဖမ်းခံမှာပါ၊ ဆိုက္ကားပေါ်ပြန်ပြီးတက်အစ်မ"

ကတ္တရာလမ်းပေါ်တွင် သေသည်ရှင်သည်ကိုမသိတဲ့ အငယ်



www.burmeseclassic.com

www.burmeseclassic.com



လေးကိုထားခဲ့ပြီး ချုံးဆိုင္ကွားလေးကျောခိုင်းပြီး ထွက်လာခဲ့တော့သည်။

"မောင်လေးက သွေးအရမ်းအေးတယ်နော်"

"နောက်ဆုံးအခြေအနေကို သိထားပြီးမှတော့အစ်မရယ် တခြားဘာတွေကိုတွေးပြီးတော့ စိတ်ပူပန်စရာရှိတော့မှာလဲဗျာ..."

"မင်းမှာ မိသားစုမရှိဘူးလား"

"လူမှန်းသိကတည်းက အဖေတစ်ယောက်ကလွဲပြီး မိသားစုဘဝဆိုတာဘာမှန်း မသိခဲ့ပါဘူးဗျာ၊ ဖခင်ကြီးမရှိတော့ဘူးဆိုတော့ မိသားစုဆိုတာ ပြောစရာတောင်မလိုတော့ပါဘူး"

"စိတ်မကောင်းစရာပဲကွယ် မင်းအတွက်မမဘာကူညီပေးရမလဲ"

"ကျေးဇူးတင်ပါတယ် အစ်မ ဖြစ်သမျှဘဝတွေပေါ်မှာ ကျေကျေနပ်နပ်နဲ့ပဲ ကျွန်တော်ဖြတ်သန်းသွားမှာပါ...၊ လူ့ဘဝကြီးဆိုတာ ဗုံသေနိယာမမရှိဘူးဆိုတာကိုတော့ သဘောပေါက်လိုက်ပါပြီ..."

○ ◐ ◓ ◓ ◓ ◓ ◓ ◓ ◓



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

"ချူးညည်တွေ့"

ချူးအချုပ်ထဲကိုရောက်နေတာ (၃) ရက်မြောက်သောနေ့တွင်ဖြစ်၏။ အချုပ်ခန်းစောင့် တပ်ကြပ်ကြီးမှ လှမ်းပြီးခေါ်လိုက်သဖြင့်ထိုင်နေရာမှထပြီး သံတိုင်ကိုကိုင်လျက် ရပ်လိုက်ချိန်တွင် တိုက်ပုံအနက်နှင့် ရှေ့နေတစ်ယောက်ကို တွေ့လိုက်သဖြင့် အံ့အားသင့်သွားပေမဲ့ အစိုးရရှေ့နေလို့ပဲထင်လိုက်မိသည်။

"အန်ကယ်အမည်က ဦးခင်ဇော် ဗဟိုတရားရုံးရှေ့နေပါ"

"ဟုတ်ကဲ့ကျွန်တော့်ကိုတွေ့ချင်တာ... ဘာကိစ္စများရှိလို့လဲမသိဘူး"

"မင်းအမှုအတွက်အန်ကယ်ကရှေ့နေလိုက်ရမှာ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ချူးသည် အငယ်လေးကိုစားထိုးမှုကျူးလွန်ပြီး အချုပ်ထဲကို ရောက်ကတည်းက သူ့အမှုနှင့်ပတ်သက်ပြီး ဘာကိုမှမစဉ်းစားတော့ပါ ဖြစ်သမျှ ကြုံသမျှကို ရင်စည်းခံဖို့ တစ်ခုပဲဆုံးဖြတ်ထားတာကြောင့် ရှေ့နေ ငှားရမ်းဖို့ဆိုတာ စဉ်းတောင်မစဉ်းစားမိ။

"အန်ကယ်လူများ မှားနေသလားမသိဘူး"

"ဘာလို့လဲမောင်ရင်"

"ကျွန်တော်ရှေ့နေမငှားခဲ့ဘူး"

"မင်းမငှားပေမဲ့မင်းအစ်မကငှားခဲ့တာ..."

"ဟာ... အန်ကယ်ပိုပြီးတောင်လွဲနေပြီ.. ကျွန်တော်က တစ်ကောင်ကြွက်ဆွေမျိုးသားချင်းဆိုတာ မူးလို့တောင်ရှာစရာမရှိဘူး"

"မင်းဘဝမင်းသမိုင်းကြောင်းကို အန်ကယ်အားလုံးသိပြီးပါပြီကွာ...စုံစမ်းလို့သိခဲ့တာတော့မဟုတ်ဘူး...မင်းအမှုကိုရှေ့နေလိုက်ပေးဖို့ငှားရမ်းတဲ့နွယ်ရီဦးဆီက သိခဲ့ရတာပါ"

"နွယ်ရီဦး...နွယ်ရီဦး"

ချူး ဘဝအတွက်ပထမဦးဆုံးကြားဘူးလိုက်သော နာမည်ပင်ဖြစ်၏။

"ကဲဒါတွေကိုနောက်မှပဲမင်းစဉ်းစားတော့ အမှုအကြောင်းကို ဟောပြောကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်အမှုက သိပ်ပြီးရှုပ်ရှုပ်ထွေးထွေးပြောစရာမှမရှိတာ၊ သူတို့ဘက်က အကြောင်းမဲ့ကြီးရန်ရှာတာကို ကာကွယ်ရင်းဖြစ်သွားခဲ့ရတာပဲ"

"ဘယ်လိုကြောင့်ပဲဖြစ်ဖြစ်ပေါ့ကွာ၊ ဥပဒေလမ်းကြောင်းအတိုင်း အမှန်တရားဖြစ်ဖို့ကတော့ လုပ်ဆောင်ရမှာပေါ့"

တရားဥပဒေ၏အမှန်တရားပေါ်မှာ အကြွင်းမဲ့ယုံကြည့်ပိုင်ခွင့်ရှိပါ့မလားဆိုတာကို ခေါင်းထဲတွင်မစဉ်းစားတော့ပဲ ဇော်နေဦးခင်ဇော်မေးသမျှကို ဖြေပေးရင်းနှင့် နွယ်ရီဦးဆိုသောအမျိုးသမီးကို စဉ်းစားနေမိသည်။

"ဪ ရှူး.. မင်းအချုပ်ထဲမှာ ဆက်ပြီးနေမလား ထောင်ကိုသွားမလား"

"ဒီကိစ္စက ကျွန်တော်ဆုံးဖြတ်ချက်ပေးလို့မှမရတာ သက်ဆိုင်ရာကလုပ်ရမယ့်ကိစ္စပါအန်ကယ်"

"မင်းဆက်ပြီးနေချင်ရင် ဆက်ပြီးနေလို့ရအောင် စီစဉ်ပေးမယ်၊ မနေချင်ရင်တော့ စီစဉ်စရာမလိုဘူးပေါ့ကွာ"

"ကျွန်တော့်အတွက် ငွေကြေးအပိုမသုံးစွဲပါနဲ့အန်ကယ်၊ ကျွန်တော်ထောင်ကိုပဲ သွားပါမယ်၊ ခုမသွားချင်လည်း နောက်သွားရမှာပဲ မဟုတ်လားကြိုပြီးသွားထားတော့ အတွေ့အကြုံပိုပြီးရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေဒါကတော့မင်းဆန္ဒပဲအနိကယ်သွားမယ်၊ မင်းစားဖို့အတွက်အားလုံးစီစဉ်ပေးထားခဲ့တယ်"

"ဟင်...ဟုတ်...ဟုတ်ကဲ့"

ချူးဘာကိုမှနားမလည်နိုင်အောင်ဖြစ်သွားပါသည်။ သူလိုလူတစ်ယောက်ဘဝတွင် ခုလိုဆောင်ရွက်ကူညီပေးမယ့်သူဆိုတာအဖြေမထွက်နိုင်သောပုစ္ဆာတစ်ပုဒ်ဖြစ်သည်။ အထူးသဖြင့် နွယ်ရီဦးဆိုသည့်မိန်းကလေးသည် သူ့ဘဝထဲကိုပါဝင်နေခဲ့ရသလဲ ဆိုတာကိုစဉ်းစားလို့ပင်မရ။

"ကောင်လေးထိုင်လေကွာ သံတိုင်ကြီးကိုကိုင်ပြီး ဘာတွေခေါင်းစားနေတာလဲ၊ဘာလဲသံတိုင်နောက်မှာနောင်တဆိုတာကိုခံစားနေတာလား"

ချူးနှင့်အတူ အချုပ်ခန်းထဲတွင် လူ(၃)ယောက်သာရှိသည်။ ဦးဘစံ သူကဓားပြဗိုလ်တစ်ဦး၊ နယ်တွေဘက်တွင် ကျင်လည်ကျက်စားခဲ့ပြီး သက်ဆိုင်ရာမှလိုက်ဖမ်းစဉ်ရန်ကုန်သို့ရှောင်ပြေးခဲ့ရာမှရန်ကုန်တွင်ဖမ်းမိခဲ့ခြင်းဖြစ်သည်။ နောက်တစ်ဦးကတော့ မင်းထက်၊ သူကရန်ကုန်ဖောက်ထွင်းဝိဇ္ဇာ တစ်ဦးဆိုပေမယ့် သူ့တွင်အပေါင်းအဖော်မရှိ တစ်ကိုယ်တော်သမား၊ သူတို့(၂)ယောက်နှင့် ချူးသာရှိသောကြောင့်အချုပ်ခန်းတွင် လူချောင်နေသည်။ ချူးကိုနောက်မှမှီးပြီး

www.burmeseclassic.com



ပြောလိုက်သူကတော့ဦးဘစံပင်ဖြစ်၏။

"မဟုတ်ပါဘူးဗျာ...၊ ကိုယ်လုပ်ကိုင်ခဲ့တဲ့အရာပေါ်မှာ နောင်တဆိုတာလည်းမရှိဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်မိုက်မဲလို့ဖြစ်မှုကျူးလွန်ခဲ့တာ မဟုတ်ဘူးလေ..."

"ကောင်လေးလောကကြီးမှာ ကိုယ်ကသူတော်ကောင်းဖြစ်နေတာတောင် သူယုတ်မာတွေကြောင့်သူတော်ကောင်းကျင့်စဉ်တွေ ဖျက်ခဲ့ရတာတွေရှိကြတယ်၊ ဘာသာရေးစကားပြောရရင်အကုသိုလ်အကျိုးဆက်တွေကိုပြန်ပြီးပေးဆပ်ရတာပေါ့ကွာ..."

"ဦးဘစံပြောသလို ဟုတ်မှာပေါ့ဗျာ ကျွန်တော်ခုစဉ်းစားနေတာ ကျွန်တော်နဲ့ဘယ်လိုမှ ပတ်သက်ခြင်းမရှိတဲ့ လူတစ်ဦးကနေအကူအညီတွေပေးနေတာကိုစဉ်းစားနေတာ..."

"မင်းဘက်ကမပတ်သက်ဘူးဆိုပေမဲ့ သူ့ဘက်ကပတ်သက်စရာအကြောင်းတွေ ရှိနေလို့နေမှာပေါ့ကွာ...၊ တစ်ခါတစ်ခါ လူ့ဘဝလူ့လောကကြီးကို ခပ်ရိုးရိုးလေးပဲစဉ်းစားစမ်းပါ...၊ သိပ်ပြီးရှုပ်ထွေးတဲ့အတွေးတွေနဲ့ ကိုယ့်ခေါင်းကို ပင်ပန်းအောင်မလုပ်နဲ့၊ ဒီလိုနေရာမှာရောက်တုန်းရောက်ခိုက် သက်သောင့်သက်သာလေးနေစမ်း၊ ဒီနေရာဆိုတာ မင်းရောက်ချင်တိုင်းမရောက်နိုင်ဘူး၊ တစ်ခုစေ့ရှိတယ်ထောင်ဆိုတာ လူဆိုးလူမိုက်တွေအတွက် သီးသန့်ပေါ်ပေါက်ခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



တော့မဟုတ်ဘူးကွ၊ကိုယ်ကျင့်တရားကောင်းတဲ့သူတွေရော၊သိလာသမာဓိမြဲတဲ့သူတွေရောအများအကျိုးကိုကိုယ်ကျိုးစွန့်ပြီးလုပ်ကိုင်ခဲ့ကြတဲ့သူတွေလည်းထောင်ထဲကိုရောက်နိုင်ကြတာပဲ"

ဦးဘစံပြောလိုက်သော စကားအဓိပ္ပါယ်ကို ချူးကောင်းကောင်းသဘောပေါက်နားလည်လိုက်သည်။လောကကြီးတွင်အမှန်တရားအတွက်တိုက်ပွဲဝင်ခဲ့ကြသော သူရဲကောင်းတွေ၊ကိုလိုနီစနစ်၊အာဏာရှင်စနစ်အောက်တွင် များစွာပေးဆပ်ခဲ့ရတာကို ချူးကြားဖူးခဲ့သည်။

ထိုသူရဲကောင်းတွေ၏ ပေးဆပ်မှုကြောင့် ချူးတို့တိုင်းပြည်တွင်ဒီမိုကရေစီစနစ်ကြီးကိုစတင်ပြီးခံစားနေရပြီမဟုတ်လား။

"ကောင်လေးထိုင်လေကွာ ဆေးလိပ်သောက်တတ်ရင် ဖွာလေ"

"ရပါတယ်ဦးဘစံ၊ကျွန်တော်ဆေးလိပ်မသောက်တတ်ပါဘူး"

"ငါတို့တိုင်းပြည်မှာ လူဆိုးလူမိုက်တွေ နည်းပါးသွားကြပြီနဲ့တူတယ်"

"ဘာကြောင့်လဲ"

"မင်းကြည့်ပါလား၊ငါတို့အချုပ်ကိုရောက်နေတာ (၃)ရက်ရှိပြီ အချုပ်ထဲကိုငါတို့ကလွဲပြီး တစ်ယောက်မှရောက်မလာကြဘူး"

www.burmeseclassic.com



"ကျွန်တော်ကတော့ အဲဒီလိုမထင်ဘူး"

"မင်းကဘာယ်လိုထင်လို့လည်း ပြောစမ်းပါဦး"

မင်းထက် သံတိုင်ကြားမှ အပြင်ဘက်ကိုလှမ်းကြည့်ပြီး ချူး

တို့နားကိုကပ်ကာ စပ်တိုးတိုးလေးပြောလိုက်သည်။

"ရဲတွေလူဆိုးတွေကိုဖမ်းလို့မိတာရော အပေးအယူတွေများ

နေတာရော..ပြီးတော့..."

မင်းထက်စကားဆက်ပြီးမပြောဘဲရပ်ထားလိုက်သဖြင့်၊

"ဆက်ပြောလေကွာ ဒီမိုကရေစီခေတ်ကွ လွတ်လွတ်လပ်လပ်

သဘောထားပြောဆိုခွင့်ရှိတယ် ဒါပေမဲ့ မှန်ဖို့တော့လိုတယ်"

"မှန်းလွန်းလို့ခက်နေတာ ကျုပ်တို့အချုပ်ခန်းထဲကို တကယ်

သာသက်ဆိုင်ရာက ဥပဒေအတိုင်း ဖမ်းဆီးမယ်ဆိုရင် မတ်တတ်ရပ်

တောင်နေရာမရှိဖြစ်သွားမယ်"

"မင်းထက်မင်းပြောတာကို ငါကောင်းကောင်းသဘောပေါ

လိုက်ပြီ...ဟား...ဟား...ဟား..."

"ဟိတ်အချုပ်ခန်းထဲမှာ ဘာလို့အသံပြဲကြီးနဲ့ရယ်နေကြ

လဲ၊ ဒါမင်းတို့ပထွေးအိမ်မဟုတ်ဘူးကွ ရဲစခန်း"

"ကိုချူး ခင်ဗျားပြောတော့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီရှိ

ကိုယ်ပါးစပ်နဲ့ကိုယ်ရယ်တာတောင် လွတ်လွတ်လပ်လပ်မရယ်

www.burmeseclassic.com

www.burmeseclassic.com



လားဗျ”

“ဟာကောင်မင်းထက်ရ ဒါရဲစခန်းလေ၊ မင်းကြီးတော်ပိုင်တဲ့ ပျော်ပွဲစားရုံမှမဟုတ်တာရယ်ချင်တိုင်းရယ်လို့ရပါ့မလားကွ”

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အသံတိတ်ရယ်မောလိုက်တော့သည်။

“အချုပ်သားသစ်ဝင်မယ်”

“ဂျိုင်း...”

အချုပ်ခန်းပြင်ဘက်မှ အစောင့်ကျရဲ၏အော်သံနှင့်အတူ လူတစ်ယောက်ဝင်လာသည်၊ ဝင်လာသူကအခြားသူမဟုတ် စိုးကြီး။

“ဟာ...”

စိုးကြီးသူမျက်နှာကိုမြင်လိုက်သည်နှင့် မျက်နှာတွင်သွေးလုံးဝ ...ဆိုတော့၊ ချူးဘဝကို ကံကြမ္မာအပြောင်းအလဲ ရွေးပေးလိုက်သော ...ကြီးနှင့်ချူးပြန်လည်မျက်နှာချင်းဆိုင်တွေ့လိုက်ရပြီဖြစ်၏၊ ဒါပေမဲ့ ...တွေ့ဆုံသည့်နေရာကတော့မကောင်း။

ဦးဘစံကို ချူး တစ်ချက်လှမ်းကြည့်လိုက်ပြီး အချုပ်၏ထုံးစံ ...အတိုင်းဝင်ကြေးသရုပ်ပြ လုပ်ခိုင်းလိုက်ခြင်းဖြစ်သည်၊

“မင်းထက်ဒီတာဝန်ကိုမင်းလုပ်တော့”

ဦးဘစံပြောလိုက်သောစကားကို မင်းထက်ခေါင်းညိတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးစိုးကြီးရှေ့တွင်မတ်တတ်ရပ်လိုက်သည်။

"မင်းအမည်"

"စိုးကြီး"

"အမှုကရော"

"ရိုက်မှုနဲ့ခိုးမှု"

"ထောင်ကျဘူးလား"

"ထောင်တော့မကျဘူးပါဘူးအချုပ်ထဲတော့ဝင်ဘူးတယ်"

"ဒါဆိုမင်းအချုပ်ရဲ့သဘောတရားကိုကောင်းကောင်းသိထား မှာပေါ့ကွ" -

"ဟုတ်ကဲ့သိ...သိ...ပါတယ်"

"သိရင်ဘာစပြီးလုပ်ရမလဲပြော"

"ပုံ...ပုံ...စံ...ထိုင်ရပါတယ်"

"ထိုင်စမ်းကွာ"

မင်းထက်နိုင်းသမျှကိုစိုးကြီးကြောက်ကြောက်နဲ့လိုက်ပြီးလုပ် နေတာကိုချူးနံ့ရဲကိုမှီပြီးကြည့်နေသည်။အချိန်တော်တော်ကြာကြာ နိုင်းချင်တာကိုနိုင်းပြီးမှမင်းထက်နားနိုင်းလိုက်သည်။စိုးကြီးနှင့် မျက်နှာချင်းဆိုင်တွင်ဝင်ထိုင်ပေမဲ့ချူးမျက်နှာကိုရဲရဲပင်မကြည့်ဝံ့ချေ။

"စိုးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ချူး ခေါ်လိုက်တာကို စိုးကြီး အသံတုန်တုန်ယင်ယင်နှင့် ထူးလေသည်။

"မင်းငါ့ကိုတော့မှတ်မိနေမှာပါ"

"မှတ်...မှတ်မိပါတယ်၊ဒီအတွက်ငါတောင်းပန်ပါတယ်ကွာ"

"စိုးကြီးမင်းတောင်းပန်တာနောက်ကျသွားပြီမင်းတို့ကြောင့် ငါ့ဘဝကြမ္မာက အကြီးမားဆုံးပြောင်းလဲသွားပြီ၊ ဘာကိုမှနောက်ပြန်ဆုတ်လို့မရတော့ဘူး၊တစ်ယောက်နဲ့တစ်ယောက် ရန်ငြိုးဖွဲ့လောက်တဲ့ အကြောင်းမရှိဘဲနဲ့ ဘဝတစ်ခုလုံးကို ဖျက်ဆီးပစ်လိုက်တာ ရိုင်းစိုင်းလွန်းအားကြီးတယ်"

"ဟုတ်ပါတယ်ငါတို့သိပ်ကိုမှားသွားခဲ့ပါတယ်"

"လူတစ်ယောက်ကတော့ သေရွာပေါက်သေသွားသလို လူတစ်ယောက်ကလည်း သေရွာပေါက်ထောင်ကျရတော့မှာလေ၊ ထားလိုက်ပါတော့ကွာအသိဉာဏ်မိုက်မဲခဲ့တဲ့မင်းတို့ရဲ့လုပ်ရပ်ကြောင့် ငါ့ကြမ္မာဆိုးကအသာစီးရသွားတာပဲ"

"ချူး ထမင်းချိုင့်လာယူ"

ညနေစာအတွက် သူ့ကိုစီစဉ်ပေးထားသော ထမင်းချိုင့် ရောက်လာခြင်းဖြစ်သည်။ အချုပ်ထဲတွင် ချူးကလွဲပြီးအခြင်မှစား

www.burmeseclassic.com

www.burmeseclassic.com



သောက်စရာပို့ပေးသူတစ်ယောက်မှမရှိရျှ ထို့ကြောင့်....

"စိုးကြီးမင်းအတွက်အိမ်ကထမင်းပို့ပေးမှာလား"

"ရောက်မှာမဟုတ်ဘူး"

"ဒါဆိုငါတို့နဲ့အတူမျှပြီးစားကြမယ်"

"စားကြပါကွာ"

"စိုးကြီးမနေ့ကဖြစ်ပျက်ခဲ့တာတွေကို မေ့လိုက်တော့ မနက်ဖြန်ဆိုတာ ငါတို့မပိုင်တော့ဘူး။ ဒီနေ့ဆုံရှိန်မှာပဲ ကောင်းမွန်တဲ့ဆက်ဆံရေးတွေနဲ့ပဲ နေထိုင်ကြရအောင်"

"အချုပ်ကပေးတဲ့ထမင်းဟင်းမစောင့်တော့ဘူးလား"

"မင်းထက် မင်းယောက်ဖတွေက စေတနာမပါတဲ့ အစားအသောက်ကိုမင်းပဲစောင့်စားပေ့"

"ကျွန်တော်မစားလည်း တရင်းကတော့တင်မှာပဲဗျ"

"ဒါက သူတို့သမိုင်း မင်းနဲ့မဆိုင်ဘူး"

"သူများစီးပွားရေးကို တုတ်နဲ့မထိုးနဲ့ စားစရာရှိတာစား"

ချူး တို့(၄)ယောက်အပြင်မှပို့လိုက်သော ထမင်းနှင့်ဟင်းကို ဝိုင်းဖွဲ့စားသောက်ပြီး အပူပင်ကင်းမဲ့စွာဖြင့် ရျေကြဲလာရမည့် နေ့ရက်တွေကိုတွေးပြီးမပူတော့ပါ။

"...ကျ်ဖြန်လမ်းကြောင်းနဲ့ထောင်ကိုလိုက်သွားကြမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းထက် မလိုက်သွားလို့ ဒီနေရာက မင်းစပေါ်တင်ပြီး ဌား ထားတဲ့နေရာများမှတ်နေလား"

"ကျုပ်တို့(၃)ယောက်က အမိန့်မချရသေးတော့ အချုပ် ထောင်မှာပဲရုံးထွက်နေကြဦးမှာ၊ဦးဘစံကတော့ထောင်ကျထောင်ကို တစ်ခါတည်းသွားမှာမဟုတ်လား"

"ငါက အင်းစိန်မှာ တစ်ညပဲနေခွင့်ရမှာကွ"

"ဘာလို့လဲဦးဘစံ"

"ငါကျူးလွန်ခဲ့တဲ့ပြစ်မှုတွေအတွက်ငါနယ်ပိုင်းကိုသွားပြီးအမှု ရင်ဆိုင်ရမှာလေ"

"ဦးဘစံအမှုတွေက တော်တော်များလား"

"သိပ်မများပါဘူးအမှုပေါင်း(၅၀)လောက်တော့ရှိမယ်ဟား.. ဟား...ဟား..."

ဦးဘစံကျူးလွန်ခဲ့သောအမှုတွေကို အပြစ်ဒဏ်ချရရင်နှစ် ပေါင်းနည်းမှာမဟုတ်ဘူးဆိုတာသိနေပေမဲ့ဦးဘစံ ဘာမှမဖြစ်သလို ဖင်ရှိနေသည်ကိုအံ့အားသင့်ဖွယ်တွေမြင်နေရ၏။

"လူ့လောက လူ့ဘဝကြီးမှာ ကိုယ်ပြုခဲ့တဲ့အမှားတွေ အမှန် တွေကိုဘယ်သူမှသိဖို့မလိုဘူးကိုယ်ကိုယ်တိုင်ပဲသိနေဖို့လိုအပ်တယ် ဒါကြောင့် မားပြဗိုလ်ဘစံတစ်ယောက် သူ့ရဲ့နောက်ဆုံးနေ့ရာကို



www.burmeseclassic.com

www.burmeseclassic.com



မလွှမ်းဘူးဗျာ၊ ထောင်ထဲမှာ အဆုံးသတ်သတ်၊ အပြင်မှာအဆုံး သတ်သတ် သေသွားတဲ့အခါ လိပ်ပြာလုဖို့ပဲလိုအပ်တယ်"

"ဦးဘစံက ကိုယ့်လိပ်ပြာလုမယ်မလုဘူးဆိုတာ သိနေပြီးသား ပေါ့"

"ဟကောင်ရ ကိုယ်ရေးခဲ့တဲ့သမိုင်းကို ဘယ်သူတွေမော်ကွန်း တင်တင် ကိုယ့်သမိုင်းကို ကိုယ်ကိုယ်တိုင်ပဲ အသိဆုံး၊ တခြားသူသိ တယ်ဆိုတာ လုံးလုံးမသေချာတဲ့ကိစ္စပါကွာ၊ ငါဘာတွေလုပ်တယ်ဆို တာကို မင်းတို့သိလည်း ဘာမှမထူးခြားဘူး ဒီတော့ မသိချင်နဲ့တော့ ဒီနေ့ဆုံစည်းမှုဟာ နောက်နေ့မှာရှိမှာမဟုတ်တော့ဘူး၊ ကဲ ဘုရားဝတ် ပြုပြီးရင် အိပ်ဖို့ပြင်ကြတော့"

ရဲစခန်းအချုပ်၏အစဉ်အလာအတိုင်း ဘုရားဝတ်ပြုပြီး အိပ်ဖို့ ပြင်ဆင်ကြတော့သည်။

"လွတ်လွတ်လပ်လပ်အိပ်ထားကြ၊ ထောင်ကိုရောက်ရင် ခုလို လွတ်လပ်ခြင်းမျိုးတွေကိုကြုံရတော့မှာ မဟုတ်ဘူး"

အချုပ်ခန်းတွင်တိတ်ဆိတ်သွားတော့သည်။ ကိုယ်စီအတွေး များနှင့် စကားမဆိုကြတော့ပါ။ ရဲစခန်း၏အပြင်ဘက်ဝွင် ညဥ့် တို့၏ တီးတိုးစကားပြောသံတွေ၊ ခပ်ဝေးဝေးဆီမှ ကြားသံတွေ လက်ဖက်ရည်ဆိုင်မှဖွင့်သော သီချင်းသံတွေကို ခပ်ဆဲ့သဲ့လေးကြား



www.burmeseclassic.com

www.burmeseclassic.com



နေရသည်။

သံတိုင်နှင့်နံရံကြားတွင်ရောက်ခဲ့ကြသူတွေ၏မွန်းကျပ်မှုတွေကိုသူခံစားကြည့်မိလိုက်သည်။ မိုက်မဲမှုကြောင့်ရောက်ခဲ့ကြသူတွေ၊ ခကြေနပ်မှု၊ နာကြည်းမှုတွေကြောင့် ရောက်ခဲ့သူတွေ၊ ဘဝအတွက် မလွှဲသာလို့ဥပဒေမဲ့ခဲ့ရသူတွေများစွာထဲတွင် "ချူး" တစ်ယောက်က အကြောင်းမဲ့ကြီးရမ်းကားသူတို့ကြောင့်ရောက်ခဲ့ရသူပင်...။

"ချူး" ကိုအချုပ်ထဲရောက်အောင်ပို့ခဲ့တဲ့ စိုးကြီးတစ်ယောက် တစတော့နစ်မြုပ်စွာအိပ်ပျော်နေလေပြီ။

၀ ၈ ━ ━ ━ ━ ━ ━ ━



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ချူး" ရုံးထုတ်သောနေ့တွင် သူနေထိုင်ခဲ့သော ရပ်ကွက်ထဲမှ တစ်ယောက်တလေမှ သတင်းမေးလာတာကိုမတွေ့ရသလို ကျောင်းတက်စဉ်က မိတ်ဆွေသူငယ်ချင်းဆိုတာလည်း အရိပ်အယောင်ပင် မတွေ့။

တရားရုံးအချုပ်ခန်းတွင် ချူးနှင့်အတူရုံးထွက်လာကြသော သူတွေက(၁၀)ယောက်လောက်ရှိသည်။ သူ့မိသားစုနှင့်သူ၊ သူ့မိတ်ဆွေနှင့်သူ စကားပြောကြ၊ စားကြနှင့် ချူးကတော့ လူ့ပတ်ဝန်းကျင်ကြီးနှင့် ဘာမှမပတ်သက်တဲ့ လူတစ်ယောက်လို တိတ်ဆိတ်စွာပင် ထိုင်နေလိုက်သည်။

တရားရုံးကနေ ခေါ်ထုတ်ပြီး စစ်ဆေးစရာကိုစစ်ဆေးပြီးတာနဲ့ ထောင်ကိုပြန်သွားရမှာဖြစ်တာကြောင့် ဘာမှခေါင်းထဲမှာမထားတော့။

"ချူး"


www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဦးနီ..."

ချူးတကယ်ပင်အံ့ဩသွားသည်။ ချူးနှင့်ညာဘက်ဆိုက္ကားနှင်းဖော်ဦးနီကြွပ်ကြွပ်ထုပ်လေးနှင့် ထမင်းဟင်းပေါင်းပြီး ထုပ်လာသော အထုပ်လေးကို လက်တစ်ဖက်ကကိုင်ကာ ကျန်လက်တစ်ဖက်က ရေသန့်ဘူးလေးကိုင်လျက်ရောက်လာခြင်းဖြစ်သည်။

"ရော့စားလိုက်ဦး မင်းဗိုက်ဆာနေမှာပေါ့"

"ရပါတယ်ဗျာ...ဦးနီ"

"ဘာလဲ ချူး"

"ဘာလို့ဒုက္ခစံရတာလဲဗျာ..."

"ချူးရာ ဒုက္ခတော့မပြောပါနဲ့ ငါတို့လူဆင်းရဲ ငမွဲတွေအတွက် ကိုယ်နဲ့ဘဝတူလူတစ်ယောက်ကိုလုပ်ပေးနိုင်သလောက်လုပ်ပေးရတာပါ။ ပြီးတော့ မင်းမှာက မိသားစုရှိတာမဟုတ်ဘူးလေ၊ ရပ်ကွက်ထဲက လူတွေအကြောင်းတော့မပြောချင်ပါဘူး၊ လူလူချင်းစာနာစိတ်တင်းဝေးနေကြပြီကွ၊ ကိုယ့်အတွက်အကျိုးအမြတ်မရှိဘူးဆိုရင် ခေါင်းထဲကိုထည့်ကြတာမဟုတ်ဘူး၊ ချူး...စားလိုက်ဦး...ဟင်းကတော့ မကောင်းဘူးကွာ၊ ဇပ်ညှိုညှိုဆိုင်ကနေဝယ်ခဲ့ရတာ"

"ဦးနီစေတနာထက်ကောင်းတဲ့အရသာမရှိတော့ပါဘူးဗျာ"

"အေးပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဆီကိုလာပြီးတွေ့တာရော လွယ်ကူရဲ့လား"

"လွယ်ကူအောင်လုပ်ရင် လွယ်ကူတာပေါ့၊ တိုင်းပြည်မှာ အဂတိလိုက်စားမှုတွေကိုရှင်းလင်းနေပေမဲ့ရှင်းလင်းလို့မရသေးတဲ့ ကိစ္စတွေကအများကြီးကျန်နေသေးတယ်၊ဒါဆိုမင်းသဘောပေါက် မှာပါ"

"ပေါက်ပြီးသားပေါ့ဗျာ"

"ချူးမင်းအဝတ်အစားတွေနဲ့ မင်းပစ္စည်းတွေကိုငါသိမ်းထား တယ်၊မင်းအပြင်ရောက်တာနဲ့ငါ့ဆီမှာလာပြီးယူတော့"

"ကျွန်တော်နေနေတဲ့အခန်းက ဘာဖြစ်သွားပြီလဲ"

"ပိုင်ရှင်ကနောက်တစ်ယောက်ကိုတင်လိုက်ပြီ၊မင်းခေါင်းထဲ မှာဒါတွေစဉ်းစားမနေနဲ့တော့ လူတွေအကြောင်းမင်းသဘောပေါက် နေတဲ့သူပဲကွာ"

ချူးအတွက် နောက်ဆုံးဖောင်ကိုပါ ဖျက်ဆီးခြင်းခံလိုက်ရပြီ မဟုတ်လား။ ဖခင်ကြီးမဲ့သွားပြီးနောက်ပိုင်း ခုဆိုရင် နေစရာပင်မဲ့သွား ပြီဖြစ်သည်၊ အတိတ်ကိုလွမ်းစရာ ခြေရာတောင် "ချူး" ဘဝတွင်မရှိ တော့ချေ။

အမှောင်နှင့်အလင်းလောကတို့၏မနက်ဖြန်ဆိုသည်မှာ ...ခြင်း ကောင်းခြင်းတွေကိုသူ့ဘဝအတွက်မလိုလားအပ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတတ်နိုင်မှာလဲကဲပြုသမျှပေါ့ဦးနီကျွန်တော့်ဆီမှာအချိန်ကုန်ခံမနေနဲ့တော့၊ကျွန်တော်ကအချိန်နာရီတွေနဲ့မသက်ဆိုင်တော့ဘူးဦးနီအတွက်တန်ဖိုးရှိတယ်ပြန်တော့ဗျာ"

"အေးကွာ သူများဆီမှာနေစားလုပ်ကိုင်နေရတော့ ကိုယ်ပိုင်အချိန်ဆိုတာမရှိဘူး၊ စုတောင်မနည်းတောင်းပန်ပြီးလာခဲ့ရတာ၊ သွားမယ်ရှူး"

"ဟုတ်ကဲ့"

စေတနာ၏တန်ဖိုးတစ်ခုကိုရှူးရင်ထဲတွင် သွင်းလိုက်ပြီးကျေနပ်စွာပင်ပြုံးလိုက်မိသည်။ ပတ်ဝန်းကျင်မှာ လူစိမ်းများစွာရှိနေသည့်ကြားမှ မိတ်ဆွေတစ်ဦးကိုကောက်ရခြင်းသည် ရွှေထက်ပိုပြီးအဖိုးတန်လှသည်။

"တရားခံရှူး အဖအမည် ဦးဘိုဝင်း ရုံးထွက်မယ်"

တာဝန်ကျရဲမှ ရှူးအမည်ကိုခေါ်လိုက်ပြီးအပြင်ကိုထုတ်သည်နှင့်လက်ထိတ်ခတ်လိုက်သည်။

"မောင်ရှူးထောင်ထဲမှာနေရတာ သက်သောင့်သက်သာရှိရဲ့လား"

"ရှိပါတယ်အန်ကယ်"

"မင်းအတွက်မင်းအစ်မနွယ်ရီဦးကအားလုံးစီစဉ်ပေးထားတာ



www.burmeseclassic.com

www.burmeseclassic.com



ကွဲ့။"

ရှေ့နေကြီးပြောသလိုဟုတ်မည်၊ ချူးထောင်ထဲကို စပြီးခြေလှမ်းချသည်နှင့် ပုံစံခန်းတွင် သူ့ကိုထောင်ကျတစ်ယောက်မှ ချူးအမည်ကိုမေးပြီးပုံစံခန်းတွင် သူများတွေလို ပုံစံထိုင်ခြင်းကိုမပြုလုပ်ဘဲအပြင်တွင်ရပ်ပြီးကြည့်နိုင်းသည်။ ချူးဘာကြောင့်အခွင့်ထူးခံဖြစ်ရတယ်ဆိုသည်ကိုတော့နားမလည်တာတော့အမှန်၊ ပုံစံခန်းကထွက်ပြီး အဆောင်ကိုသွားတော့လည်း ချူးကို ထိုထောင်ကျကပဲ ခေါ်ဆောင်သွားပြီး အချုပ်ဆောင်အပေါ်ထပ်တွင် နေဖို့ပြင်ဆင် ပေးမြန်သည်။ ချူးနှင့်အတူတူ ထောင်ထဲကိုလာကြသူတွေကတော့ ကြံသလိုဖြစ်သလို အိပ်ကြရတာကို တွေ့နေရသဖြင့် သူ့ကိုနတ်ကောင်းနတ်မြတ်တွေကယ်တင်စောင့်ရှောက်နေသလားလို့ပင် မှတ်ရသည်။

ချူးနှင့်ခေါင်းရင်းကပ်အိပ်နေသောသူမှာ အဆောင်၏တန်းစည်းကိုမိုး ဆိုသူဖြစ်၏။

"မင်းအချုပ်ကျနေတဲ့ရက်အတွင်းမှာလိုအပ်တာငါ့ကိုပြော"

"တစ်မျိုးတော့မမြင်နဲ့ဗျာ၊ ခင်ဗျားနဲ့ကျွန်တော်က ခုမှမြင်ဘူးကြတာ၊ ဘာလို့ကျွန်တော့်ပေါ်မှာဒီလောက်ကောင်းနေရတာလဲ"

"မင်းအပေါ်မှာ ငါက စေတနာကောင်းတွေကို အားကြီးလွှတ်ကြီးထားနေတာ မဟုတ်ဘူးကွ၊ မင်းကအပိုင်စားရထားတဲ့ လူဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



လို့"

"ဈာအပိုင်စားဟုတ်လား"

"ရှင်းရှင်းပြောရရင်အပ်ထည်ပေါ့ကွာ..."

ကိုမိုးပြောနေသောစကားတွေကို ချူးတာကယ်ပင်နားမလည်ပါပေမဲ့ သူသိလိုက်တာတစ်ခုတော့ရှိသည်။ ချူးနောက်ကွယ်တွင်ကူညီနေသူတစ်ဦးရှိနေသည်ဆိုတာပင်။

ဦးခင်ဇော်မှအမှုနှင့်ပတ်သက်ပြီး ထွက်ဆိုရမည့်အချက်တွေကိုသင်ကြားပေးပြီးနောက် ထွက်သွားမည်အပြု-

"အန်ကယ်"

"ဘာများလဲမောင်ချူး"

"ကျွန်တော်မနွယ်ရီဦးကိုတွေ့ချင်တယ်"

"စိတ်ချပြီးသာနေ၊ သေချာပေါက်မင်းနဲ့တွေ့ခွင့်ရမှာပါ"

"ဒီနေ့တွေ့ခွင့်မရနိုင်ဘူးလား"

"ဒီနေ့တော့ သူရောက်လာနိုင်မှာမဟုတ်ဘူး၊ မင်းအတွက်အကောင်းတာတစ်ခုရှိတယ်"

"ကျွန်တော့်အတွက် ကံကောင်းတယ်ဆိုတာ ဘာများလဲအန်ကယ်"

"အငယ်လေးဆိုတဲ့ကောင့်မသေဘူး၊ ပြီးတော့သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



က သူ့မှားနဲ့သူပြန်ပြီး ထိုးမိတာလို့ ရဲစခန်းမှာ ဖြောင့်ချက်ပေးထားတယ်လေ၊ မင်းဒီနေ့ထောင်ကိုပြန်ပြီးမသွားရတော့ပါဘူး"

"ဟင်"

"ဒီနေ့မင်းအမှုကို အာမခံနဲ့ထုတ်ပြီး အပြင်ရုံးချိန်းနဲ့ အမှုကိုဖြတ်မှာပါ"

ဗဟိုတရားရုံးရှေ့နေကြီးပြောလိုက်သော စကားတွေကြောင့် ပျော်မိသလိုဖြစ်သွားခဲ့ပေမဲ့ ချူးအတွက်အိမ်အပြန်စရိုးဆိုတာ မရှိနိုင်တော့ပေ။ မိုးခါးခါးရွာနေသော ကောင်းကင်ကြီးအောက်မှာ ချူး ဘဝကိုဆက်ရတော့မယ်လို့ပဲ ထင်မှတ်လိုက်တော့၏၊ အဆိုးဆုံးတွေးထားသည့်မို့ အကောင်းဆုံးဆိုတာ ဘုရားပေးတဲ့လက်ဆောင်ပင်ဖြစ်မည်



www.burmeseclassic.com

www.burmeseclassic.com

တရားရုံးမှအာမခံနှင့်ပြန်ပြီးလွှတ်ချိန်မှာ ညနေခင်းကိုရောက်ပြုနေပြီဖြစ်သည်။ ရှူးအတွက် အာမခံပေးကြတဲ့သူတွေကြောင့် ရှူးအံ့အားသင့်မိသည်။ သူနေထိုင်သောရပ်ကွက်မှ ရပ်ကွက်လူကြီးနှင့်စီးပွားရေးလုပ်ငန်းရှင်တို့ဖြစ်နေခြင်းကြောင့်ပင်။

ထိုလူတွေ ရှူးဆိုတဲ့လူတစ်ယောက်ပေါ်မှာ သဘောကောင်းစေတနာကောင်းကြမယ့်သူတွေ မဟုတ်ဘူးဆိုတာတော့ လုံးလုံးသေချာသည်။ ထိုလူတွေ ဘယ့်အတွက်ကြောင့် သူ့ကိုအာမခံပေးခဲ့ကြသလဲဆိုတာ စဉ်းစားစရာပင်ဖြစ်သည်။

"ဟူး"

မိုးကောင်းကင်ကြီးကိုကြည့်ပြီး အတွေးများစွာကို ခေါင်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပစ်လိုက်တော့သည်။ စဉ်းစားလို့မကောင်းတဲ့အရာတွေကိုမစဉ်းစားတာပဲကောင်းပါတယ် ဆိုသည့်အတွေးနှင့်ဦးတည်ရာမဲ့လျှောက်လာရင်းဦးနီကိုသတိရလိုက်မိသည်။ သူ့ဘဝ၏နောက်ဆုံးလက်ကျန်ပစ္စည်းတွေကိုတော့ သူပြန်ပြီးယူရမှာဖြစ်သည်။

ကတ္တရာလမ်းမကြီးပလက်ဖောင်းအတိုင်းလျှောက်လာစဉ်...

"ဝူး...ကျွီ"

ကားတစ်စီး သူ့ဘေးတွင်ရပ်လိုက်သည်ကိုသိပေမဲ့ ချူးလှည့်ပင်မကြည့် ကားစီးနိုင်သော လူတန်းစားတွေနှင့် ချူးဘဝမှာ ကင်းဝေးသူဖြစ်တာကြောင့် မဆိုင်သလိုပင် လျှောက်မည်အပြု...

"ချူး ကားပေါ်တက်"

"ဟင်"

ချူးကြားလိုက်ရသောအသံမှာ အမျိုးသမီးအသံဖြစ်တာကြောင့် လှည့်ပြီးကြည့်လိုက်မိသည်။ ထိုအမျိုးသမီးကို ချူးတွေ့ဘူးသလိုရှိနေပေမဲ့ ရေရေရာရာတော့မဟုတ်။

"ဘာကြည့်နေတာလဲ ကားပေါ်ကိုအရင်တက်၊ ပြီးတော့မှ ဆက်ပြီးစကားပြော..."

ချူးကိုဖိတ်ခေါ်နေသော အမျိုးသမီးအပြုံးမှာ လတ်ဆတ်လန်းဆန်းနေသည်။ ချူးနှင့်အသက်အရွယ်က ကွာမည်မထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးလာသောကားမှာအရင်ကားဈေးကွက်နဲ့ဆိုရင် သိန်းထောင်ချီပြီး တန် သောကားတစ်စီးပင်ဖြစ်၏၊ ယခုခေတ်ပေါက်ဈေးမှာတင် ကားဈေး ကွက်တွင် အမြင့်ဆုံးမှာရှိသော ကားအမျိုးအစားပင် ဖြစ်သည်၊ ကားရှေ့ခန်းတံခါးကို အသင့်ဖွင့်ပေးထားတာကြောင့် ချူး အသင့်ပဲတက်လိုက်သည်နှင့်ကားကမောင်းထွက်သွားတာကြောင့် -

"အစ်မကဘယ်ကိုမောင်းနေတာလဲ"

"ချူးကရော ဘယ်ကိုပြန်ဖို့ စိတ်ကူးထားလို့လည်း၊ မင်းအ တွက်ပြန်စရာအိမ်ရော ရှိသေးလို့လား"

ချူးနောက်ကြောင်းတွေကို သိထားသူဆိုတာတော့ သဘော ပေါက်လိုက်သည်။

"ပြန်စရာအိမ်ကတော့မရှိဘူး ယူစရာပစ္စည်းတွေကတော့ရှိ သေးတယ်"

"ဦးနီဆီကပစ္စည်းတွေလား"

"ဟင်"

ချူးနှင့်ပတ်သက်ပြီး လစ်လပ်မှုမရှိအောင် သိထားသူပင်ဖြစ် သည်၊ ချူး ထိုအမျိုးသမီးမျက်နှာကို သေချာစွာကြည့်ပြီး -

"မနွယ်ရီဦးဆိုတာ အစ်မလား"

"ချူးက မဆိုးဘူးညဏ်ကောင်းသားပဲ၊ ဟုတ်တယ်ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မှတ်ဉာဏ်တော့မကောင်းဘူးထင်တယ်"

"ဘာကြောင့်မှတ်ဉာဏ်မကောင်းဘူးလို့ပြောရတာလဲ"

"မင်းဘေးမှာ ကားမောင်းနေတဲ့သူကို မင်းမမှတ်မိတာလေ အင်းဖေပါ့လေ တွေ့ကြတဲ့အချိန်က ညဘက်ပြီးတော့ရန်ပွဲပေါ်မှာအာရုံ စိုက်နေရတော့မှတ်မိဖို့ခက်နိုင်တာပေါ့"

မနွယ်ရီဦးစကားကြောင့် ရှူးအာရုံထဲတွင် စိုးကြီး၊ အငယ်လေး တို့နှင့်ရန်ပွဲကိုမြင်ယောင်လိုက်ပြီး၊ မနွယ်ရီဦး ပုံသဏ္ဍာန်ကိုမြင်ယောင် လိုက်သည်။

"ကျွန်တော့်ဆိုင္ကားကိုငှားစီးခဲ့တဲ့အစ်မ မဟုတ်လား"

ရှူးစကားကို မနွယ်ရီဦးခေါင်းလေးညိတ်ပြီး သွားဖြူဖြူလေး လေးတွေပေါ်အောင်ပြုံးနေလေသည်။ ပြီးတော့မှ-

"ဒီလောက်ဆို ရှူးနဲ့မမကြားမှာ စကားပြောလို့ရသွားပြီ"

"မနွယ်ရီဦးကျွန်တော့်ကိုဘာကြောင့် ကူညီပေးခဲ့တာလဲ"

"ရှူးရဲ့ဒီအမေးစကားက စောပါသေးတယ်၊ နောက်တော့မှမေး ဒီအမေးစကားကို ဖြေပါရစေ၊ ခုလောလောဆယ် ရှူးဘဝကိုပုံစံသစ် တစ်ခုနဲ့ သွားရမယ်"

"ကျွန်တော်...."

"ရှူး မဖြစ်မနေ မမခင်းပေးတဲ့လမ်းကို လျှောက်ပါလို့ မေ



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရပ်ခံချင်တယ်"

ချူးအတွက်ရွေးချယ်ခွင့်မရှိသော လမ်းကြောင်းပေါ်ကို ရောက်နေသူဆိုပေမဲ့နွယ်ရီဦးတစ်ယောက်ဘယ်လိုအကြောင်းအရာ ဆက်နွယ်မှုတွေနှင့်သူ့ဘဝကိုဖန်ဆင်းနေသလဲဆိုတာတော့ သူစိတ် အဝင်စားဆုံးပင်...။

"ချူးအတွက်တွေးစရာ စဉ်းစားစရာအများကြီးဖြစ်သွားမယ် ဆိုတာ မမသိပါတယ်၊ ဒါပေမဲ့ ခုချိန်မှာ ချူး ခေါင်းထဲမှာဒါတွေကိုခဏ မေ့ထားပြီးစိတ်သစ်ဘဝသစ်နဲ့ မနက်ဖြန်တွေကိုရှင်သန်ပါ၊ ဒီအတွက် ကျေးဇူးတင်စရာမလိုဘူး ချူး"

"ကျွန်တော်က ဗုဒ္ဓဘာသာတစ်ဦးပါ မနွယ်ရီဦး၊ ကျေးဇူးတရား ပေါ်မှာ ပြန်ဆပ်ခွင့်မရခဲ့တာတောင် ကျေးဇူးရှင်တစ်ယောက်အဖြစ် ဆက်ထားပါ့မယ်"

"ဒီအပိုင်းကတော့ ချူးအပိုင်းပဲလေ မမအနေနဲ့ ချူးကိုပြောနိုင် တဲ့စကားတစ်ခွန်းတော့ရှိတယ်၊ ဒီစကားက ဘာလည်းဆိုတော့ ချူးဆို တဲ့ကလေးတစ်ယောက်အတွက် မမဟာ တာဝန်ရှိသူတစ်ဦးဆိုတာပဲ"

"ဗျာ..."

"ဒီစကားနောက်ကွယ်မှာ များစွာသောအကြောင်းအရာတွေ ရှိနေသလို ပြောသင့်တဲ့အချိန်ကို စောင့်ရဦးမှာချူး၊ ဒီအတွက် မမကို



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပေးပါ..."

လူ့ဘဝလူ့လောကကြီးမှာ များစွာဆန်းကြယ်သောတွေကြုံ တွေ့ရှိနေတာကို မျှူးလက်ခံရတော့မည်။ ရှူးဆိုသောလူနှင့်မနွယ်ရှိဦး တို့၏ပတ်သက်မှုသည် ဘယ်လိုမှအဖြေထုတ်မရနိုင်သည့် ဆုံစည်း ပင်ဖြစ်သည်။

ရှူးမသိနိုင်သောနောက်ကွယ်မှ လျှို့ဝှက်မှုတို့သည်မနွယ်ရှိဦး လွဲပြီး ရှူးသိနိုင်မှာမဟုတ်။ လောကလိုက်ကာတစ်ချက်ချ တစ်ချ တင် ပြောင်းလဲမှုတွေမှာ မယုံနိုင်အောင်ပင်ဖြစ်နေရသူမှာ ရှူး...။ အပြင် ရှေ့ဆက်ပြီး ဘာတွေကိုမြင်တွေ့ဦးမလဲဆိုတာ မတွေးတ တော့ပါ မနွယ်ရှိဦးခေါ်ဆောင်ရာနောက်သို့ လိုက်ပါနေရသူကရှူး

"တိ"

ကားဟွန်းသံပေးလိုက်သည်နှင့် ခေတ်မီစံ့ညားထည်ဝါ သော ခြံတံခါးကြီးပွင့်သွားသည်။ ရှူးလှမ်းပြီးတွေ့လိုက်ရသော ခြံ နှင့်အိမ်ကြီးမှာ အရမ်းကိုကြီးကျယ်ခမ်းနားခြင်းနှင့်ကြွယ်ဝချမ်းသာ ဂုဏ်အရှိန်အဝါတွေကိုဖော်ကျူးထားသလိုပင် "ရှူး" အတွက် အိပ်မက်နန်းဆောင်ကြီးကိုဝင်ရောက်နေသလို..။

မြက်ခင်းစိမ်းကြီးတွေ၊ ရေကူးကန်၊ နင်းဆီ၊ သစ်ခွ၊ ပန်းခင်း တင်းနှင်းပွင့်ပင်တွေကို အဆင့်မြင့်မြင့်ပြင်ဆင်မွမ်းမံထားသော

www.burmeseclassic.com

www.burmeseclassic.com



နေရာပင်၊ ထိုအပြင် တည်ဆောက်ထားသော တိုက်ကြီးမှာ ဥရောပ ဒီသုကာ ပုံစံဖြစ်ပြီး ဤတိုက်ကြီးတွင် လူဘယ်နှစ်ယောက်ကောင် နေထိုင်ဖို့ဆောက်ထားသလဲဆိုတာတော့မသိ -

အိမ်ရှေ့ပေါ်တီကိုတွင် ကားရပ်သည်နှင့် ကားတံခါးကိုဖွင့်ပေး ရန်စောင့်နေသော လူက(၂)ယောက်၊ ဝတ်စားဆင်ယင်မှုက ချူးကို ဆံတွက်မှာ နေထိုင်ကြတဲ့ သူဌေးသားတွေထက်တောင် သပ်ရပ်သူ တွေ-

"ချူး ဆင်းလေရောက်ပြီ"

ချူးသည် မနွယ်ရီဦးကိုလှမ်းကြည့်ပြီး ကားပေါ်မှဆင်းလိုက် သည်။

"ကျော်စွာနဲ့မင်းကို"

"ဗျာ မမလေး"

"ချူးအတွက်ပြင်ဆင်ခိုင်းထားတဲ့ အခန်းပြီးပြီလား"

"ပြီးပါပြီမမလေး"

"ပြည့်စုံတယ်နော်"

"တစ်ခုမှမလစ်ဟင်းပါဘူးမမလေး"

ချူးနေထိုင်ဖို့အတွက်ကြိုတင်ပြီး စီမံထားခြင်းဆိုတာကို ချူးမိ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချူးဆိုတဲ့လူဟာ ဘယ်မျှအရေးပါနေသူလဲဆိုတာ၊ ကိုယ့်ကိုယ်ကိုယ်ပင် ခွဲခြမ်းစိတ်ဖြာလို့မရနိုင်တော့ပေ…၊ ချူးဘဝကို မျှော်အတတ်တွေနှင့် ကံကြမ္မာမှ ဖန်ဆင်းလိုက်ပြီလားမသိ၊

ချူးအိမ်ကြီးထဲသို့ လှမ်းပြီးဝင်လိုက်သည်နှင့် သူ၏ခြေထောက်နှင့် လုံးလုံးမထိုက်တန်လှသော ကော်ဇောကြီးတွေမှာ နင်းရက်စရာပင်မရှိ၊ ညှိစန်းဆောင်ကြီးတွင် မွမ်းမံထားသော ပစ္စည်းတွေ၏ တန်ဖိုးနှင့် အသုံးအဆောင်ပစ္စည်းတို့မှာ သာမန်ချမ်းသာသူတွေ မပြင်ဆင်နိုင်…၊

ဘီလျံနာ အဆင့်လောက်ကို ချမ်းသာနေသလားဟုပင်၊

ချူးစိတ်ထဲတွင် တွေးမိလိုက်သည်၊ စုလိုနေရာမျိုးသည်သူ့ဘဝနှင့် မိုးနဲ့မြေမက ဝေးကွာသည့်နေရာမျိုးတွင် ခြေချရသည်မှာ အိပ်မက်ဆန်လွန်းလှ၏၊

"ချူး စိတ်ရောလူရောလန်းသွားအောင် ရေမိုးချိုးလိုက်ဦး မနက်ဖြန်ကျမှ ဆံပင်တွေဘာတွေညှပ်ကြတာပေါ့မိုစံ…"

"ရှင်"

"နင်အစ်ကိုလေးကို ရေချိုးဖို့လုပ်ကိုင်ပေးလိုက်"

"ဟုတ်ကဲ့…"

"မနှယ်ရီဦး…ကျွန်တော့်ကို ရေချိုးရမယ့်နေရာကိုပဲပြပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း…ဟင်း…"

ရှူးပြောလိုက်သည့်စကားကို မနွယ်ရီဦး သွားတက်လေးတွေ ပေါ်အောင်ရယ်မောလိုက်ပြီး

"အင်း…ငါ့မောင်က ပြောင်းလဲမှုဘဝပေါ်မှာ အားနာနေတာ ဒီးနုကတည်းက အကျင့်လုပ်ထားပါရှူး၊ မင်းစိတ်ထဲမှာ စွဲစွဲမြဲမြဲ မှတ် ထားး ဒီနေ့ ဒီရက်ကစပြီး မင်းဟာဒီအိမ်ကြီးရဲ့ဧည့်သည်မဟုတ်ဘူး၊ အိမ်ရှင်"

"ဗျာ…"

"ဒီမှာရှိနေတဲ့ ပစ္စည်းတွေဟာ မင်းရဲ့ကိုယ်ပိုင်ပစ္စည်းတွေလို့ မင်းသိထားရမယ်၊ ရှူး မင်း ဟိုနံရံက ဓာတ်ပုံကိုကြည့်လိုက်"

"ဟင်…"

နွယ်ရီဦး ပြလိုက်သောဓာတ်ပုံကို ရှူးလှမ်းပြီးကြည့်လိုက် အော့မယုံနိုင်အောင်ဖြစ်သွားပြန်သည်။ ဓာတ်ပုံမှာ ရှူးနှင့်ခွဲမရအောင် တူနေသော လူတစ်ယောက်ဓာတ်ပုံဖြစ်သည်။

"ရှူးနဲ့ဘယ်လိုပတ်သက်နေတယ်ဆိုတာကိုသိချင်နေမှာပေ့ါ၊ အချိန်ကအများကြီးရှိပါသေးတယ်ကွယ်၊ သိရမှာပေ့ါ၊ ခုချိန်မှာ ဒါတွေ ကို ခေါင်းထဲက ထုတ်ထားပြီး စိတ်သက်သာစွာနေပေါ့၊ သွားသွား… ရေချိုးချေ"

www.burmeseclassic.com

www.burmeseclassic.com



ချူးအတွက်ပဖော့ဦးဆန်လှသော ဘဝကိုရောက်နေခဲ့လေပြီ

အတွေးများစွာနှင့် အဖြေရှာမိပေမဲ့ အဖြူအမည်းမသဲကွဲ..

"ဟူး..."

ချူး တတ်နိုင်တာတစ်ခုကတော့ သက်ပြင်းချရုံပဲရှိ၏၊ ရေချိ

ခန်းမှာ သီးသန့်ခန်းဖြစ်ပြီး တခြားသောသူတွေ ဝင်ရောက်အသုံးပြ

ခြင်းမရှိနိုင်တာကို သတိပြုမိလိုက်သည်၊ လူလူချင်းမတူညီသောကွဲ

ပြားခြင်းတွေနှင့်နေထိုင်သောဘဝကိုချူးမနှစ်မြို့တာတော့အမှန်၊ ချူ

သိထားတာက လူသည် လူပဲဖြစ်သည်၊ နေရှင် လူတန်းစား၊ အခြေ

လူတန်းစားဆိုသော ကွာဟချက်ပေါ်မှာ သဘောမတွေ့သူဖြစ်ပေ

တစ်ပြေးညီတည်း မဖြစ်နိုင်ဘူးဆိုသည်ကို ချူးသိပါသည်၊ ဒါပေမယ်

လူတန်းစားခွဲခြားရေးဝါဒကိုတော့ လက်မခံနိုင်သူ၊ ချူးက အခြေ

လူတန်းစားဘဝမှကြီးပြင်းခဲ့သူမို့ အောက်ခြေလူတန်းစားဘက်မှ

တတ်သူပင်ဖြစ်၏၊

ရေချိုးသန့်စင်ပြီး အပြင်ကိုထွက်တော့ အပြင်အခန်းဝတွ

မိုးစံရပ်နေတာကိုတွေ့ရသဖြင့်

"မင်း..ဘာရပ်လုပ်နေတာလဲ"

"အစ်ကိုလေးကိုစောင့်နေတာ"

"ဘာလုပ်ဖို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အခန်းကိုလိုက်ပြီးပို့မလို့ပါ"

"ငါ့ကိုပွေ့ချီပြီးခေါ်သွားဖို့အစီအစဉ်ရောရှိလား"

"ဟင့်အင်း..မ...မရှိပါဘူး"

"မရှိရင်ဘယ်အခန်းလဲဆိုတာကိုပဲပြ၊ ငါကလေးမဟုတ်ဘူး"

"ဟို..ဟို..မမလေး.."

"ကဲ..စကားတွေအပိုပြောမနေနဲ့တော့၊ မင်းမမလေးပြောရင်ငါ့စိတ်နဲ့ငါ့ကိုယ်သွားတာလို့ပြောလိုက်...ကြားလား"

"ဟုတ်ကဲ့..ဟိုအပေါ်ကဘယ်ဘက်ကအခန်းပါအစ်ကိုလေး"

"ရပြီ.."

"ဩော်..အစ်ကိုလေး"

"ဘာလဲ..ပြော"

"အဝတ်အစားလဲပြီးရင် အောက်မှာ ထမင်းစားဖို့ပြင်ထားပါတယ်"

"မင်းကို မမလေးက ငါ့ကိုခွံ့ပြီးကျွေးရမယ်လို့ရော မှာထားလား"

"မ...မမှာထားပါဘူး"

"မင်းလုပ်စရာရှိတာကိုသွားပြီးလုပ်တော့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



နေရှင်အရိပ်အောက်တွင်နေထိုင်ရသူတို့၏ဘဝတွေကို ချူး စာနာမိပါသည်။ မိမိတို့အလုပ်ရှင်အလိုကျနေထိုင်၊ လုပ်ကိုင်ပေးကြရတဲ့သူတွေပင်မဟုတ်လား။ ချူးက ဆိုင်းမဆင့်၊ ဗုံမဆင့် သခင်ဘဝကို ရောက်ခဲ့ရပေမယ့် သူ့အတွက်အစစခံမရှိစေရဘူး။ သူလည်းနေရှင်သခင်ပေါက်စမဟုတ်ရော။

"ကျွီ..."

အိပ်ခန်းတံခါးကိုဖွင့်ပြီး အထဲကိုဝင်လိုက်သည်နှင့် ချူးအတွက်ပြင်ဆင်ပေးထားသောပစ္စည်းတွေမှာ စိတ်ကူးပင်မယဉ်ဘူးသောပစ္စည်းတွေပင်ဖြစ်သည်။ ခုတင်၊ ဗီရို၊ စားပွဲနှင့်ဒရင်းဘက်၊ တီဗီ၊ စက်မျိုးစုံ၊ ရေခဲသေတ္တာ၊ လေအေးစက်၊ ပြီးတော့ သူဝတ်ဖို့ ချိတ်ဆွဲထားသောအဝတ်အစားတွေက အသစ်တွေချည်းသာ...

"ငါ့ကိုယ်ငါတောင်နားလည်ဖို့ခက်နေပြီ"

ချူး... သူကြိုက်နှစ်သက်သော တီရှပ်အပြာကလေးနှင့် ဂျင်းဘောင်းဘီလေးကိုဝတ်ရန်ယူလိုက်စဉ်

"ဟင်..."

ဗီရိုထဲမှမြင်လိုက်ရသောပစ္စည်းများကြောင့် ချူးအံ့အားသင့်သွားရပြန်သည်။ သူမြင်လိုက်ရသောပစ္စည်းတွေမှာ ကွယ်လွန်သွားပြီဖြစ်သော ဖခင်ကြီး၏ ပစ္စည်းတွေဖြစ်သည့် အဝတ်အစားနှင့်ခရီး

www.burmeseclassic.com

www.burmeseclassic.com



ဆောင်အိတ်တွေပင်ဖြစ်သည်။ ထိုပစ္စည်းတွေကို ဦးနီ သိမ်းပေးထားခြင်းဖြစ်ပြီး မနွယ်ရီဦး သွား၍ယူထားခြင်းပင်ဖြစ်မည်။

ချူးနှင့် ပတ်သက်ပြီး မနွယ်ရီဦး ခြေရာခံထားမှုသည် ပြည့်စုံတယ်လို့ပင် ဆိုရမည်ဖြစ်သည်။ ချူးနှင့်ဆုံခဲ့ရသော ညတစ်ညသည် တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ချေ။ ချူးဘဝဆီသို့ အနီးကပ်ဆုံးလှမ်းခဲ့သော မနွယ်ရီဦး၏ ခြေလှမ်းတွေပင်ဖြစ်နိုင်သည်။

ချူးအတွက်ကျေနပ်စရာဘဝတစ်ခုကို ပိုင်ဆိုင်လိုက်ရပြီလို့ ရင်ထဲတွင် မဖြစ်ပေါ်ခဲ့တာတော့အမှန်။ ချူးသိချင်နေတာကသူ့နောက်ကွယ်မှ ဘဝပင်ဖြစ်သည်။ မနွယ်ရီဦး သိထားသော သူ့ဘဝနောက်ကြောင်းကိုသူကိုယ်တိုင်ဖော်ကျူးမှသာ ချူးသိခွင့်ရမှာမို့သူမပြောချိန်ကိုစောင့်ရဦးမည်ဖြစ်သည်။

ဓာတ်ပုံထဲတွင် သူနှင့်ခွဲမရအောင်တူနေသူသည် ဘယ်သူလဲ။ ရုပ်ရှင်ဗီဒီယိုတွေထဲကလို ငယ်ငယ်လေးကတည်းက ကွဲကွာသွားကြသော အမွှာညီအစ်ကိုတွေများလား။ ဒါတွေဟာလည်း စိတ်ကူးယဉ်ဆန်လှသော ဖြစ်စဉ်များသာဖြစ်သည်။ ချူးဘဝနှင့်ထိုစိတ်ကူးတွေမှာ ဆပ်တူဖြစ်ဖို့ဆိုတာ မဖြစ်နိုင်ချေ။

"ချူးရေ့..ထမင်းစားဖို့ဆင်းခဲ့တော့လေ"

အောက်ထပ်မှလှမ်းပြီးခေါ်လိုက်သည့်မနွယ်ရီဦးအသံကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ချူးသည် မိမိအတွေးစကို ဖြတ်ပြီး အောက်ကို ဆင်းလာခဲ့တော့သည်။

"ချူး...ထိုင်ကွယ်"

မနွယ်ရီဦးနှင့် မျက်နှာချင်းဆိုင်ဝင်ပြီး ထိုင်လိုက်သည်။ စားပွဲရှည်ကြီးတွေက စားမည့်သူက ချူးနှင့်မနွယ်ရီဦး နှစ်ယောက်တည်း... ပြင်ဆင်ထားသော ဟင်းလျာတွေက အမျိုးစုံ၊ လူ (၁၀)ယောက်စာမကာ၊ သူ့ဘဝသက်တမ်းတစ်လျှောက်တွင် ဟင်းအများဆုံး ထမင်းပွဲကို ပထမဦးဆုံးမြင်တွေ့လိုက်ရခြင်းဖြစ်၏။

"မင်းတို့အားလုံးအပြင်ထွက်ကြ၊ ခေါ်မှပဲလာ"

"ဟုတ်ကဲ့"

ထမင်းပန်းကန်ထဲကို မနွယ်ရီဦးကိုယ်တိုင်ခူးထည့်ပေးတာကြောင့်

"ရပါတယ်မမ၊ ကျွန်တော့်ဘာသာ ခူးပါ့မယ်"

"မမအတွက်ဒီအလုပ်တွေက အဆန်းတကြယ်မဟုတ်ပါဘူး အရင်ကတည်းက လုပ်ကိုင်ပေးနေကျ"

"ဗျာ..."

"ချူး...မမစကားကို နားမလည်ဘူးဖြစ်သွားတယ်နဲ့တူတယ်"

"နားမလည်တာတွေက အရမ်းများနေတော့ ဘာကိုနားလည်ရမလဲဆိုတာတောင် မသိတော့ပါဘူးမမ"

"အင်း...မမလည်း မင်းနားလည်အောင် ပြောပြချင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့မမှာ ပြောပိုင်ခွင့်မရှိဘူး"

"မမကိုကြိုးကိုင်ထားသူရှိနေတယ်လို့ဆိုလိုတာလား"

"ကြိုးကိုင်ထားတယ်လို့တော့မပြောနိုင်ပါဘူးကွယ်၊ဒါပေမယ့် ရှုးထင်ချင်သလိုပဲ၊ ခုချိန်မှာထင်ထားလိုက်ပါ၊ ရှူးကြိုက်တာကိုထည့် စားနော်"

"ဟင်းတစ်ခွက်လောက်နဲ့ပြည့်စုံနေပါပြီ"

"မမ နားလည်ပါတယ်ကွယ်၊ ရှူးဘဝက ဟင်းတစ်ခွက်တည်း နဲ့ ဘဝကိုဖြတ်သန်းခဲ့ရတဲ့သူဆိုတော့ ဟင်းအများကြီးကို ခံမင်မှာ မဟုတ်ဘူး၊ အရင်မောင်လေးတစ်ယောက်ကတော့ ဟင်းခွက်များစွာ နဲ့ကြီးပြင်းခဲ့သူဆိုတော့ သူ့အတွက်ပြင်ဆင်နေကျအတိုင်း ပြင်ဆင် ထားရတုန်းပဲကွဲ့"

"အရင်မောင်လေးဆိုတာ ကျွန်တော်နဲ့ ခွဲမရအောင်တူတဲ့ သူလား"

"ဟုတ်တယ်၊ ကဲ...ကဲ...ရှူးစားသောက်ပြီးရင် အနားယူလိုက် ဦး ထောင်ထဲမှာမွန်းကျပ်စွာနေခဲ့ရတာတွေကို သက်သက်သာသာ ဖြစ်အောင်နေလိုက်ဦး"

မနွယ်ရီဦး စကားကိုဆက်ပြီးမပြောချင်တာကြောင့် ရေသား လမ်းကြောင်းပြောင်းလိုက်သည်ကိုသဘောပေါက်လိုက်သဖြင့်၊ ရှူး



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီးမမေးတော့ဘဲထမင်းသာစားနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ပြတင်းပေါက်ဆီမှ သစ်ရွက်လေတိုးသံကိုကြားလိုက်ပြီး ချူးအိပ်ရာမှနိုးလာသည်။ မနက်စောစောထသည့်အကျင့်သည် ငယ်စဉ်ကတည်းမှ ဖခင်ကြီးလေ့ကျင့်ပေးခဲ့သော အကျင့်တစ်ခုဖြစ်သည်။

“လောကကြီးကိုအလင်းပေးတဲ့နေမထွက်ခင် ကျေးငှက်တွေ၊ သစ်ပင်တွေ၊ ပန်းပင်တွေနဲ့ကောင်းကင်ကြီးဟာ၊ တကယ်ကိုလှပဆုံးပဲ လူလေး၊ နေထွက်လာပြီဆိုရင် သူတို့ရဲ့အလှတရားတွေကို နေမင်းကြီးရဲ့တိုက်ခိုက်မှုကြောင့်ပျက်စီးသွားကြတယ်”

ဖခင်ကြီးပြောတဲ့စကားကို ချူးယနေ့တိုင်ကြားယောင်နေဆဲပင်ဖြစ်သည်။ ချူးပြတင်းပေါက်ဆီမှ လှမ်းပြီးကြည့်ရတာစိတ်ထဲတွင် မပြည့်စုံဘူးလို့ ထင်မှတ်ပြီး အောက်ကိုဆင်းခဲ့သည်။ ပြီးမှခြံဘက်ကိုဆင်းပြီး ပန်းခင်းတွေထဲကိုလျှောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာပန်းပွင့်တွေသာစကားပြောတတ်ခဲ့လျှင် နံနက်ခင်းတိုင်း စကားတွေပြောဖြစ်နေမှာသေချာသည်။ ခုတော့ နှင်းစက်ခ နေသောပွင့်ဖတ်လေးတွေကိုကြည့်ပြီးကြည်နူးခြင်းအရသာကို ခံစား လိုက်ရသည်။

"ချူး နိုးနေပြီလား"

"ဟြော်...မမ"

ချူးနောက်မှခေါ်သံကြောင့်လှည့်ပြီးကြည့်တော့ မနွယ်ရီဦး။

"ချူးက နံနက်စောစောနိုးတတ်သလား"

"ဟုတ်ကဲ့ ကျွန်တော်နဲ့နံနက်ခင်းဟာ ရင်းနှီးကြတဲ့မိတ်ဆွေ တွေပါ"

"အခင်းမတူညီတာတွေတော့ များနေပြီ"

"မမ ဘာကိုပြောတာလဲ"

"ဘာရယ်မဟုတ်ပါဘူးကွယ်၊ ချူး စိတ်ကျေနပ်တဲ့အထိခြံ မှာနေပြီးရင်မနက်စာစားဖို့အိမ်ပေါ်ကိုတက်ခဲ့ဟုတ်လား"

"ဟုတ်ကဲ့"

ချူးကို မနွယ်ရီဦး အရက်ဦးအပြုံးချိုလေးနှင့် ပြောပြီး ဘက်သို့ပြန်၍ထွက်သွားလေသည်။ ချူး ပန်းခင်းလေးထဲ စကာ ပြီး ရေကူးကန်ဘက်သို့ဆက်ပြီးလျှောက်ကာ ခြံဝန်းကြီးကိုစိတ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူကြည့်ပြီးမှအိမ်ပေါ်သို့ပြန်ပြီးတက်ခဲ့တော့သည်။

မနက်စောစော နံနက်စာစားသောအခန်းမှာ ထမင်းစားခန်း မဟုတ်၊ သီးသန့်အခန်းတစ်ခန်းဖြစ်သည်။

"ဘယ်လိုလဲ ချူး ခြံကြီးထဲကို သေသေချာချာလှည့်လာပြီးပြီ လား"

"ဟုတ်ကဲ့၊ နေရာတော်တော်များများကို လှမ်းပြီးတော့ကြည့် ပြီးပါပြီ"

"ချူး ကားမောင်းတတ်လား"

"သူငယ်ချင်းဝပ်ရှော့မှာ (၁)နှစ်လောက်ဝင်ပြီလုပ်တုန်းက တော့ကားမောင်းသင်ထားဘူးပါတယ်၊ လိုင်စင်တော့မရှိဘူး"

"လိုင်စင်အတွက်မပူပါနဲ့ကွယ်၊ မမစီစဉ်ပေးပါ့မယ်ကော်ဖီ သောက်ပြီးရင်ကားဂိုဒေါင်ဘက်ကိုသွားကြမယ်"

"ဘာလုပ်စရာရှိလို့လဲမမ"

"မင်းစိတ်ကြိုက်ကားကိုရွေးဖို့"

"ဗျာ..."

လောကပုံပြင်ထဲမှ မင်းသားတစ်ပါးသည် ချူး ဖြစ်နေပြီလား သို့၊ လူမွဲတစ်ဦးဘဝမှအိပ်မက်ပင်မမက်နိုင်သောဘဝကိုရောက်ခဲ့ သူကော်ဖီသောက်ပြီးသည်နှင့်မနွယ်ရီဦးခေါ်ဆောင်သောနေရာကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားခဲ့သည်။

"ဟိုမှာတွေ့လား ချူး...ကား(၃)စီး"

မန္တယ်ရီဦး လှမ်းပြီးပြသောကားတွေမှာ နောက်ဆုံးပေါ်ကား အမျိုးအစားတွေမို့သူကြိုက်ရာကိုရွေးဖို့တောင်မလိုသူလိုလူအတွက် ရွေးပိုင်ခွင့်သည်မလိုအပ်သောအခွင့်အရေးပေးမှုသာဖြစ်သည်။

"ချူး ဘယ်ကားကိုမောင်းချင်လဲ၊ ဒီကားတွေက မင်းပိုင်တဲ့ ကားတွေချည်းပဲလို့သိထားချူး"

"မဖြစ်မနေရွေးရမယ်ဆိုရင်တော့ အဖြူရောင်( × × × )ကား ကိုပဲရွေးပါ့မယ်"

"ချူး ရွေးချယ်တာ ကားအမျိုးအစားကြောင့်လား အရောင် ကြောင့်လား"

"ကားအမျိုးအစားတွေကိုကျွန်တော်သိပ်နားမလည်ဘူးမမ"

"ဒါဆို အဖြူရောင်ကိုနှစ်သက်လို့ပေါ့"

"ဟုတ်ပါတယ်မမ"

"မမကို ရှင်းပြလို့ရမယ်ဆိုရင် အဖြူရောင်ကိုနှစ်သက်ရတဲ့ အကြောင်းလေးကိုပြောပြပါလား"

"ကျွန်တော့်ခံစားချက်က ရှင်းပါတယ်မမ၊ အဖြူရောင်က ပွင့်လင်းခြင်း၊ ရိုးသားခြင်း၊ ဖြူစင်ခြင်းသဘောကိုကိုယ်စားပြုလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ချူးဟာ မမချစ်ရကျိုးနပ်ပါတယ်"

"ဟင်..."

မနွယ်ရီဦး ထိုစကားကိုပြောလိုက်ချိန်တွင် တကယ်ပင်

အနှောင်အဖွဲ့လွတ်ကင်းသော စကားလေးပင်ဖြစ်၏၊ အစ်မတစ်

ယောက်မှ မောင်ငယ်တစ်ယောက်ကို ချစ်ခင်သောရင်တွင်းစကား

သံလေးပင်ဖြစ်သည်ကို ချူး နှလုံးသားမှကြားလိုက်ရခြင်းဖြစ်သည်။

"ချူး အဝတ်အစားလဲပြီးရင် မမနဲ့အပြင်သွားကြရအောင်၊

ဒီမောင်မောင်းတဲ့ကားကိုစီးဘူးတယ်ရှိတာပေါ့ကွယ်"

ချူး တစ်ယောက်မေးခွန်းများစွာကို မေးချင်ပေမဲ့မျိုသိပ်ပြီးပဲ

ထားလိုက်တော့သည်၊ မနွယ်ရီဦးတို့ဘက်မှ ပြောချိန်တန်သည်ထိပဲ

စောင့်နေခြင်းသည်အကောင်းဆုံးပင်ဖြစ်မည်။

ဗီရိုထဲမှ သူအကြိုက်ဆုံးတီရှပ်အဖြူတစ်ထည်နှင့် ဂျင်း

ဘောင်းဘီအနက်ကလေးကိုဝတ်ဆင်ပြီးအောက်ကိုဆင်းလာခဲ့သည်။

အောက်တွင် ချူးကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသူက

နွယ်ရီဦး...၊

"မမ မောင်လေးကိုကြည့်ရတာ ရင်မှာတကယ်ကိုကြည်နူး

တယ်ကွယ်၊အခုမှပဲမမလည်းမမမောင်အတွက်သက်ပြင်းချနိုင်တော့

တယ်၊လူတွေရဲ့အတ္တတွေကြောင့်ငါ့မောင်လေးရဲ့ဘဝဟာအငိုက်မိမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကုန်ဆုံးခဲ့ရတာ၊ လောကဘဝကြွမ်းကြီးထဲမှာ နှစ်ပေါင်း(၂၀) ရင်ဆိုင်ခဲ့ရတယ်၊ တကယ်ကိုသနားဖို့ကောင်းတဲ့ ကလေးတစ်ယောက်ပါကွယ်"

မနွယ်ရီဦးပြောဆိုနေသောစကားလုံးတွေကို ချူး ဘာသာပြန်၍မတတ်၊ ဒါပေမဲ့ ကြေကွဲစရာကောင်းသော ကဗျာလေးတစ်ပုဒ်ဆိုတာတော့ ချူး ခံစားမိလိုက်၏၊ ထိုကဗျာခေါင်းစဉ်ကိုတော့ ချူး မသိ။

"မမ ဘယ်ကိုမောင်းရမလဲ"

"ဗဟန်းဘက်ကိုမောင်း"

မနွယ်ရီဦး ညွှန်ကြားသည့်အတိုင်း ချူး ကားကိုမောင်းထွက်လာခဲ့သည်၊ သူ့အတွက် ဘာတွေစီစဉ်ပေးဦးမလဲဆိုသည်ကိုတော့ မသိ။

"ရော့ ချူး ကားမောင်းလိုင်စင်"

"ဟင်"

ချူး အတွက်ကားမောင်းလိုင်စင်ကို ဘယ်အချိန်ကလုပ်ခဲ့သလဲဆိုတာ မပြောတတ်ပေ။

"ငါ့မောင် ဒီနေ့ကစပြီး ဒီလိုင်စင်ထဲကနာမည်အတိုင်း ပြောဆက်ဆံရေးတွေကို ပြုလုပ်ရတော့မယ်"

ချူး ကားမောင်းရင်း မနွယ်ရီဦးပေးလိုက်သော လိုင်စင်



www.burmeseclassic.com

www.burmeseclassic.com



တလေးကိုကြည့်လိုက်တော့ "သုရိန်ကေရာဇ်" ဆိုသော အမည်လေး တိုဖတ်မိလိုက်သည်။

"မမ ဒါ..ဒါဘယ့်သူ့အမည်လဲ"

"မင်းနာမည်လေ"

"ဗျာ"

"ချူး မင်းရင်ထဲမှာ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ သည့်ထားပေးပါကွယ်"

"ကျွန်တော်အတွက် ပဟေဠိအရမ်းကိုဆန်တဲ့ ဘဝတစ်ခုကို ရောက်နေပြီဗျာ၊ ဘာကိုမှမသိ ဘာကိုမှနားမလည်တဲ့လူတစ်ယောက် ဖြစ်နေတာကိုတော့ ဘဝင်မကျလှဘူး...မမ"

"ချူး ပြောပါ"

"ကျွန်တော်ဟာ ခုလိုချမ်းသာကြွယ်ဝမှု စည်းစိမ်တွေပေါ်မှာ ခက်မက်မောမော ဖြစ်နေသူမဟုတ်ပါဘူး၊ ဒါဇ

ယောက်ရဲ့ဘဝကိုအရုပ်တစ်ရုပ်လိုတော့ မသားတွေမဟုတ် အမျိုးသမီး တအရုပ်တစ်ရုပ်လိုပုံသွင်းဖို့စီစဉ်ထားရင်ဇော်ကအောင့်ဖြစ်သွားသည်။

"ဝူး...ကျွီ" းလို့ ကလေးဆန်စွာ မငြြ

"ချူးဒါဘာလုပ်တာလဲ" ်းကလေးတွေ ကိုင်တွယ်

"ကျွန်တော့်အတွက် ပလက်ဖောင်းဟာ သူလိုချင်သော ပုံစံကို



www.burmeseclassic.com

www.burmeseclassic.com



မမ"

"ချူး မမစကားကိုအရင်ဆုံးနားထောင်ဦး၊ မင်းဆုံးဖြတ်ချက်တွေကို ခုမချနဲ့ဦး၊ မမမင်းကိုပြောနိုင်တဲ့စကားတစ်ခွန်းတော့ရှိတယ်၊ ဒီစကားက ဘာလဲဆိုတော့ ငါ့မောင်ဟာဘယ်သူ့ရဲ့အသုံးချခံပစ္စည်းမဖြစ်စေရဘူးဆိုတာ မမကတိပေးပါတယ် ချူးရယ်၊ မင်းကိုခုလိုဘ မျိုးရောက်အောင်မမနစ်ပေါင်းများစွာမျှော်လင့်ခဲ့ရတဲ့ အိပ်မက်လေး ကိုမဖျက်ဆီးလိုက်ပါနဲ့ကွယ်"

မနွယ်ရီဦးမျက်ဝန်းတွင်မျက်ရည်စတွေကျဆင်းလာတာမို့ သူ့ခြေလှမ်းကိုအောက်သို့မချတော့ဘဲကားပေါ်သို့ပြန်တင် လိုက်က ကားစက်ကိုပြန်နှိုးပြီး ပဲဟန်းဘက်သို့မောင်းထွက်ခဲ့တော့သည်၊

မနွယ်ရီဦး သူ့ပေါ်မှာထားသော သံယောဇဉ်နှင့်စေတနာတွေ ကို ချူး၏မာနတို့ဖြင့် ဥပေက္ခာမပြုသင့်ပေ....၊

ဟပ ကာဇ်ဆိုတဲ့ နာမည်ကြီးက သိပ်ပြီးတင်စီးလွန်းအ

ချူး အတွက်ကာ းလို့မရဘူး ထားလိုက်ပါတော့ဗျာ၊ ကျွန်တေ်

သလဲဆိုတာ မပြောတတ် ဒါပေမဲ့ ကျွန်တော် ဘက်က နောက်ဆုံးစကား

"ငါ့မောင် ဒီနေ့ တားရုံပါဖစ မမ"

ဆက်ဆံရေးတွေကိုပြ ဘဲစကားကိုပွင့်ပွင့်လင်းလင်းသာပြော

ချူး ကားမော ကို ပကာသနတွေ အဆောင်အယောင်တွေ

www.burmeseclassic.com



အောက်မှာ ပုတ်သင်ညိုတစ်ကောင်လို ထားမယ်ဆိုရင် ကျွန်တော် ဒီကနေထွက်သွားဖို့အတွက် ဝန်မလေးဘူး မမ"

"ငါ့မောင်မဖြစ်ချင်တာကိုမဖြစ်စေရပါဘူးကွယ်"

ချူး စကားကိုမဆက်တော့ဘဲ ကားကိုသာဂရုစိုက်ပြီးမောင်း နေလေ၏၊ ချူး မောင်းလာသောကားလေးမှာ (၆)ထပ်ကြီးဘုရားကို ကျော်လွန်လာပြီး...

"ချူး ရွှေနားက ဆိုင်ရှေ့မှာရပ်လိုက်"

မနွယ်ရီဦး ရပ်ခိုင်းလိုက်သောဆိုင်မှာ ဆံသ ဆိုင်ဖြစ်သည်၊ ဆံပင်ညှပ်ဆိုင်ဆိုပေမဲ့ ချူး တို့ငယ်စဉ်ကတည်းကညှပ်ခဲ့သော ဆံပင် ညှပ်ဆိုင်မျိုးတော့မဟုတ် ခေတ်မီပစ္စည်းတွေနှင့် မွမ်းမံထားသော ဆံပင်ညှပ်ဆိုင်ပင်ဖြစ်၏။

"ချူး ဆံပင်ညှပ်ရမယ်နော်"

"ဟုတ်ကဲ့ မမ"

ဆံပင်ညှပ်သောသူများမှာ အမျိုးသားတွေမဟုတ် အမျိုးသမီး တွေဖြစ်နေတာကြောင့် စိတ်ထဲတွင် ကသိကအောင့်ဖြစ်သွားသည်၊ ဆိုင်ထဲကိုရောက်ပြီးတော့မှ မညှပ်ချင်ဘူးလို့ ကလေးဆန်စွာ မငြင်း ချင်တော့၊ အမှန်ပြောရရင် ချူး ခေါင်းကိုမိန်းကလေးတွေ ကိုင်တွယ် တာကို လုံးလုံးမကြိုက်၊ မနွယ်ရီဦးကတော့ သူလိုချင်သော ပုံစံကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြနေပြီးသူ့လက်မောင်းလေးကိုကိုင်ပြီးကလေးတစ်ယောက်ကို အစ်မဖြစ်သူက ဆံပင်ညှပ်ပေးသလိုဖြစ်နေသည်။

ဆံပင်ညှပ်၊ ခေါင်းလျှော်ပြီးတဲ့အထိ ချူးစိတ်ကိုအတော်လေး ကျဉ်းကျပ်စွာ ခံစားခဲ့ရပြီး...ပြီးဆုံးတဲ့ထိ သည်းခံပေးခဲ့ရသည်။ ချူး မှန်ထဲတွင် သူ့မျက်နှာကိုသေချာစွာပြန်ကြည့်ရင်းအရင်ချူး ဆိုသော ပုံရိပ်တွေ ပျောက်ကွယ်သွားသလိုဖြစ်သွားသဖြင့်..

"ငါသူ့ရိန်စကေရာဇ်မဟုတ်ဘူးငါချူး... ချူး"

သူ့ကိုယ်သူပြန်ပြီးသတိပေးနေရသည်။ ကံကြမ္မာ၏အပြောင်းအလဲအောက်တွင် စိတ်ဓာတ်တွေပါ ပြောင်းလဲတတ်သူတွေ အများကြီးရှိခဲ့တဲ့ထဲတွင် ချူးတစ်ယောက်မပါဝင်ချင်ပေ...။

"မမ ဘယ်ကိုဆက်ပြီး မောင်းရမလဲ"

"မြို့ထဲမှာတစ်ခုခုသွားပြီးစားကြမလား"

"မမသဘောပဲလေ...အိမ်မှာဘာမှမချက်ခိုင်းထားဘူးလား"

"ချက်ခိုင်းထားပါတယ်၊ ညနေစာကျမှပဲစားကြတာပေါ့၊ မြို့ထဲမှာ ချူးစားချင်တဲ့ဆိုင်ရှိရင်ပြောလေ"

"မြို့ထဲမှာ ကျွန်တော်စားဘူးတဲ့ဆိုင်တွေ ခပ်... မ့်ဆိုင်တွေပဲ ရှိပါတယ်...မမ စားချင်တဲ့ဆိုင်ကိုသာပြောပါ"

"မြန်မာထမင်းဆိုင်ကောင်းကောင်းမှာ သွားပြီးစားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဆိုင်ကိုမမပဲ ရွေးချယ်လိုက်လေ"

"လမ်းမတော်ဘက်မှာ မြန်မာထမင်းဆိုင် ကောင်းကောင်းရှိတယ်၊ အိမ်မှာစားရတာ မြန်မာထမင်းဟင်းတွေနဲ့မတူဘူး၊ ဒီလိုဖြစ်အောင်လည်း အရင်တစ်ယောက်ရဲ့အလိုကျလိုက်ပြီး ချက်ပြုတ်ပေးတာကနေ လက်ရာတွေကပုံသေလိုဖြစ်သွားတာ"

"မနွယ်ပြောတဲ့အရင်လူဆိုတာ သူရိန်စကေရာဇ်ကိုပြောတာလား"

"ဟုတ်တယ် ချူး မမ မင်းကိုသူရိန်စကေရာဇ်နဲ့ပတ်သက်ပြီး စကားတစ်ခုကိုတော့ပြောလိုက်မယ်၊ သူရိန်စကေရာဇ်ဟာ ခု ချူး ရောက်နေတဲ့အိမ်ကြီးမှာ ဘုရင်တစ်ပါးလိုနေခဲ့သူပဲ၊ သူကတကယ်ကို ဂုဏ်မောက်ပြီး လူလူချင်းစာနာမှုတရားကင်းမဲ့ခဲ့တယ်၊ သူ့အတ္တတွေနဲ့ သူ့ဘဝကိုတည်ဆောက်ထားသူပါ၊ ချူးနဲ့လူချင်းခွဲမရအောင်တူတာကလွဲပြီး များစွာကွာခြားပါတယ်..."

"ဒါကတော့ မမရယ် လာခဲ့တဲ့ဘဝအခြေခံချင်းမှမတူကြတာပဲ လရိပ်အောက်မှာမွေးခဲ့သူနဲ့ နေပူကျဲကျဲအောက်မှာ မွေးခဲ့ကြသူတွေဘယ်လိုလုပ်ပြီးတူညီနိုင်မှာလဲ"

"မင်းနဲ့သူရိန်စကေရာဇ် မွေးခဲ့ကြတာချင်းတော့တူပါတယ်၊ ကြီးပြင်းခဲ့ရပုံခြင်းသာ မတူတာပါကွယ်..."

"မွေးခဲ့ကြတာချင်းတူတယ်ဟုတ်လားမမ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့တည်း နာရီပိုင်းလောက်ပဲ ကွာခဲ့တာပါ၊ တော်ပြီ
ရယ်မမ ဆက်ပြီးမပြောချင်တော့ဘူး"

"မမနောက်ကွယ်မှာ ပြောဆိုခွင့်ကိုတားမြစ်ထားတာရှိ
လား၊ ဒါမှမဟုတ် ကျွန်တော့်ကိုလုံးလုံးအသိမပေးချင်တာလား"

"သူတို့ကိုယ်တိုင် မင်းကိုပြောမယ်လို့ သတ်မှတ်ထားတဲ့
ကမ်းကို မမ ဖောက်ဖျက်လို့မရတာပါ၊ မကြာခင် ချူး သိလာရမှာ
ရှေ့နားဆိုဘယ်ဘက်ကိုကွေ့လိုက်ချူး"

ထမင်းဆိုင်ရှေ့ ကားများရပ်ရန် စီစဉ်ထားသောနေရာ
ကားထိုးရပ်ပြီး နှစ်ယောက်သား ထမင်းဆိုင်ထဲကိုဝင်ခဲ့တော့သည်

"ဧကရာဇ်"

"ဟင်"

ထမင်းဆိုင်ထဲမှထွက်လာသော မိန်းကလေးတစ်ဦး
သမီးကြီးတစ်ဦးနှင့်မျက်နှာချင်းဆိုင်ဆုံလိုက်ရပြီး မိန်းကလေးမှ
သူ့ရိန်ဧကရာဇ်ထင်မှတ်ကာ ခေါ်လိုက်တာကြောင့် အံ့အားသင့်
ဖြစ်သွားစဉ် မနွယ်ရီဦးမှ ချူးကိုကပ်ပြီး လက်တို့လိုက်တာကြော
အလိုက်သင့်ပြုံးပြလိုက်ရသည်။ ဘယ်သူဘယ်ဝါဆိုတာတော့

"ဧကရာဇ်ရယ်ပြန်ရောက်တာတောင်ရှိ(စ်)ဆီကိုဖုန်းဆက်

"ကိုယ်မိသားစုကိစ္စတွေနဲ့ အလုပ်များနေလို့ပါ



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါတော့လေ ရှီ(စ်)ပါတီပွဲရှိတယ်၊ လာဖြစ်အောင်လာခဲ့နော်၊ ကေယုမော် ပါတီတုန်းက သွားပြီး ရှီ(စ်)ပွဲကိုမလာရင်အဆက်အသွယ်အပြတ်ပဲ"

"ကိုယ်လာဖြစ်အောင် ကြိုးစားပါ့မယ်"

"မောင်ကေရာဇ်အန်တီလည်းမျှော်နေမယ်"

"ဟုတ်ကဲ့..ဝင်ခွင့်ပြုပါဦး"

ချူး စကားဖြတ်ပြီး ဆိုင်ထဲကိုဝင်ခဲ့ရတော့သည်။ ရှီ(စ်)ဆိုသောမိန်းကလေးနှင့်သူမပြောနေသော ကေယုမော်ဆိုသူကိုလည်းသေိ၊မိန်းကလေး၏ဝတ်စားဆင်ယင်ပုံကိုကြည့်ခြင်းအားဖြင့်ငွေဂုဏ်မောက်တဲ့လူကုံထံအသိုင်းအဝိုင်းထဲမှဆိုတာဝေးမလွဲချေ။

"မမ သူတို့ကိုသိလား"

"မသိဘူးချူး၊ သူရိန်ကေရာဇ်နဲ့ ပတ်သက်တဲ့မိန်းကလေးကများလွန်းတော့ မမ မသိနိုင်တော့ဘူး"

"မမ စကားအရဆိုရင် သူရိန်ကေရာဇ်က ခပ်ရှုပ်ရှုပ်ပွေပွေလို့ဆိုရမှာပေါ့နော်"

"ဥစ္စာခနကကြွယ်ဝ၊ ရုပ်ကချော၊ ပညာကတတ်ဆိုတော့မိန်းကလေးတော်တော်များများက သူနဲ့ပတ်သက်ချင်ကြသလို သူရိန်ကေရာဇ်ကလည်းမိန်းကလေးတွေနဲ့တွဲသွားနေရတာကိုပျော်နေ

www.burmeseclassic.com



သူဆိုရမှာပေါ့ကွယ်၊ အင်း... သူ့ရိန်ဇကရာဇ် သတင်းတွေကိုပြော
ကောင်းသတင်းကနည်းပါတယ်"

"သူက ပညာတတ်ဆိုတော့ ဘာဘွဲ့များရထားလို့လဲမမ"

"စက်ဘမှာ စီးပွားရေးပညာဘွဲ့ကိုယူထားတာ ချူး၊ ဒါပေမယ့်
ကွယ် သူယူထားတဲ့ဘွဲ့နဲ့ သူ့ဘာစီးပွားရေးကိုမှ တိုးတက်အောင်မလု
ကိုင်ခဲ့ပါဘူး၊ ကဲ...ချူး... သူ့အကြောင်းကိုခဏရပ်ပြီး ထမင်းစားကြ
အောင်"

ချူးစိတ်ကြိုက် မနွယ်ရီဦး စိတ်ကြိုက် ဟင်းတစ်မျိုးစီမှာ
မနက်စာကိုသုံးဆောင်ခဲ့ကြလေသည်။

ထမင်းစားသောက်ပြီး ဆိုင်ထဲမှပြန်ထွက်ခဲ့ရင်း

"မမဘယ်ကိုဆက်ပြီးမောင်းရဦးမလဲ"

"ဒီနေ့အတွက်ပြီးသွားပါပြီ၊ အိမ်ကိုပဲပြန်ကြတာပေါ့"

ထမင်းဆိုင်ရှေ့မှ ကားလေးမောင်းထွက်လာရင်းနှင့်
မနွယ်ရီဦးမျက်နှာလေးကိုအကဲခတ်လိုက်မိ၏။ မနွယ်ရီဦး တစ်ခု
စဉ်းစားတွေဝေနေသလို ရှိနေသည်။ အချိန်တော်တော်ကြာတဲ့
တိတ်ဆိတ်နေပြီးမှ....။

"ချူး..."

"မမ"

www.burmeseclassic.com



"မမ ချူးကို သိပ်ပြီးအရေးကြီးတဲ့စကားပြောချင်တယ်"

"ပြောပါမမ"

"ချူး ခုရတဲ့အခွင့်အရေးကို မက်မောသည်ဖြစ်စေ မမက်မော
သည်ဖြစ်စေ လက်လွှတ်မခံပါနဲ့ကွယ်၊ ဘာကြောင့်မမဒီစကားပြောရ
လဲဆိုရင် မင်းဘဝအတွက်တင်မဟုတ်ဘူး တခြားသောဘဝ
အတွက်ပါအရေးပါနေလို့ပါ"

"ဟင်"

လျှို့ဝှက်ချက်တွေကနက်သထက်နက်လာနေခဲ့ပြီဖြစ်သည်။

"တခြားသောဘဝဆိုတာ ဘာများလဲမမ"

"ဟင်း"

မနွယ်ရီဦးသက်ပြင်းချပြီး အပြင်ဘက်ကိုငေးကြည့်နေလိုက်
သည်။ ပြီးတော့မှ...

"နောက်(၃)ရက်ကြာရင် ချူးသိသင့်တာတွေကို သိရစေပါ့
မယ်၊ ခုတော့ မမကိုနားလည်ပေးဦး"

"ကောင်းပါပြီမမ"

ပဥ္စလက် မနက်ဖြန်တွေနှင့် ချူးဘယ်ခလောက်ထိ ရင်ဆိုင်ရ
လဲမသိ...။

○ ◐ ◒ ◒ ◒ ◒ ◒ ◒ ◒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ချူးဝင်လာသောစက်ရုံကြီးမှာကြီးကျယ်လှသောစက်ရုံကြီး တစ်ခုပင်ဖြစ်၏။ စက်ရုံကြီးအမည်မှာ ကောရာဇ်ကုမ္ပဏီစက်ရုံကြီးဖြစ်သည်။

"ဒီစက်ရုံကြီးက သူရိန်ကောရာဇ်ပိုင်တဲ့စက်ရုံကြီးလား"

"ဟုတ်တယ်ချူး သူရိန်ကောရာဇ်ပိုင်သလို ချူးပိုင်တဲ့စက်ရုံဆို လည်းမမှားပါဘူး"

"မမကျွန်တော်တစ်ခုတော့ မဖြစ်မနေမေးချင်တယ်"

"မမဖြေနိုင်တာဆိုရင်ဖြေပါ့မယ်"

"သူရိန်ကောရာဇ်ဘယ်ကိုရောက်နေလို့လဲ"

"သူရိန်ကောရာဇ်ဆုံးသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..."

"သူနိုင်ငံခြားမှာ ဆုံးသွားခဲ့တာ၊ မြန်မာပြည်မှာ သူနဲ့ပတ်သက်သူတွေ တစ်ယောက်မှမသိကြသေးဘူး"

"ရောဂါကြောင့်လားမမ"

"ကားမှောက်ပြီး ဆုံးသွားခဲ့တာ"

"ဟာ..."

"ချူးဒီလောက်ပဲသိထားလိုက်နော်၊ ခုမမပြောပြခဲ့တာတွေကိုသူမှမသိစေနဲ့နော်"

"စိတ်ချပါမမ"

"နောက်တစ်ခုထပ်ပြီး ပြောထားမယ် ခုရောက်နေတဲ့စက်ရုံကိုအနေနဲ့မဟုတ်ဘဲ သူရိန်ဇကေရာဇ်အဖြစ်နဲ့ လာနေတယ်လို့ မှတ်ဦး"

"မမကျွန်တော်က စက်ရုံနဲ့ပတ်သက်ပြီးဘာမှမသိဘူး"

"ခုချိန်မှာ ချူး ဘာမှမသိတာလဲပြဿနာမရှိဘူး သူရိန်ဇကေရာဇ်ယ်တိုင် စက်ရုံနဲ့ပတ်သက်ပြီး ဘာတစ်ခုမှကို စိတ်ဝင်စားခဲ့တာတ်ဘူး"

"ဟင်ဒါဆိုစက်ရုံကြီးကို ဘယ်သူကဦးစီးလုပ်ကိုင်နေလဲ"

"သူရိန်ဇကေရာဇ်ရဲ့သူငယ်ချင်းကျော်ဇောမြင့်မောင်ဆိုတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



ကဦးစီးပြီးလုပ်ကိုင်နေတယ်၊ သူရိန်ကေရာဇ်နဲ့ ပတ်သက်ပြီးလူယုံ
တော့ စက်ရုံကြီးတစ်ခုလုံးကို သူ့ဘာသာနဲ့သူ လုပ်ချင်တိုင်းလုပ်
ဖြစ်ချင်တိုင်းဖြစ်နေတာပေါ့..."

"မမကရော ဘာမှဝင်မပြောဘူးလား"

"မမက ဒီလောက်ထိစွက်ဖက်ပိုင်ခွင့်မရှိဘူး၊ အရှင်းဆုံးပြော
ရရင် ကေရာဇ်မိသားစုရဲ့စီးပွားရေးနဲ့ငွေကြေးသုံးစွဲရေးပိုင်းကိုမမပ
သက်ခွင့်ရှိသူမဟုတ်ဘူး"

"ဒါဆိုမမ ပါဝင်ပတ်သက်မှုက"

"မမဟာ ကေရာဇ်မိသားစုရဲ့အိမ်ထောင်ထိန်းသိမ်းမှုအပိုင်း
ဒီထဲမှာ ငွေကြေးဆိုင်ရာမှာ မမဘက်က သူတို့သတ်မှတ်ထား
ငွေကြေးအတိုင်းသာ သုံးစွဲရတယ်။

"သူတို့ဆိုတာ ဘယ်သူတွေလဲမမ"

"ချူး အမေးကိုခဏရပ်လိုက်တော့ ဟိုမှာထွက်လာတဲ့သူ
ကျော်ဇောမြင့်မောင်ဆိုတဲ့လူပဲ စကားကိုသတိနဲ့ပြော"

"ဟုတ်ကဲ့ပါမမ"

ကားတွေထားသောပါကင်တွင် ကားရပ်ပြီးဆင်းလာသည်
ကျော်ဇောမြင့်မောင်...၊ ချူးဘက်ကိုလျှောက်လာပြီး...။

"ကေရာဇ်ရာ မင်းပြန်ရောက်လာတာကို ဘာမှသတင်း



www.burmeseclassic.com

www.burmeseclassic.com



သလဲ"

"တခြားကိစ္စတစ်ခုအရေးကြီးတာနဲ့ရောက်လာတာဆိုတော့ သယ်သူဆီကိုမှအကြောင်းမကြားနိုင်ပါဘူး"

"ဟုတ်တယ် မောင်ကျော်ဇောရေ မမတို့တောင် ဒီမိကို ရောက်မှအံ့အားသင့်သွားကြတာ"

"ဒါနဲ့မမနွယ်ကထူးထူးဆန်းဆန်းဇကရာဇ်နဲ့စက်ရုံကိုမလိုက် ဘူးလိုက်လာပါလား"

"ငါခေါ်ခဲ့တာ"

"ဒီလိုမောင်ကျော်ဇောရေ မင်းသူငယ်ချင်းအမျိုးသမီးလက် ဆောင်တစ်ခုကိုဝယ်စရာရှိတာနဲ့ခေါ်လာတာ"

"ဇကရာဇ်ဘယ်သူကိုတွေ့သွားပြန်ပြီလဲ"

"နောက်တော့မင်းတွေ့ရမှာပေါ့ကွာ"

"မင်းစက်ရုံထဲကိုဝင်ဦးမလား"

"ခဏတော့ဝင်မယ်"

"ဒါဆို သွားနှင့်ကွာ၊ ငါစက်ကြီးဘက်ကို ခဏသွားပြီးကြည့် လိုက်ဦးမယ် စက်တစ်လုံးဘာဖြစ်သလဲမသိဘူး"

"သွားလေ..."

"မင်းရုံးခန်းကပဲစောင့်နေ"



www.burmeseclassic.com

www.burmeseclassic.com



ချူးစက်ရုံထဲကို ခပ်တည်တည်နှင့်သာ ဝင်ခဲ့သည်။ သူသွားရ
မည့်ရုံးခန်းဘယ်နေရာမှာဆိုတာမသိ။

"မမရုံးခန်းကိုသိလား"

"သိပါတယ်၊ သူ့ရိန်ကောရာဇ်နဲ့မမရောက်ဘူးတယ်"

"ဟုး...တော်သေးတာပေါ့"

စက်ရုံကြီးရုံးခန်းမှာ (၂)ထပ်တိုက်ဖြစ်၍အမိုးပေါ်သို့ တက်
သောလှေကားအတိုင်းတက်ခဲ့စဉ်....

"သူဌေး...သူဌေးကောရာဇ်"

"ဟင်"

ချူး တို့နောက်မှ အသက်(၅၀)ဝန်းကျင်လောက်ရှိသော
လူကြီးတစ်ယောက်လှမ်းပြီးခေါ်သဖြင့်ရပ်ပြီးစောင့်နေလိုက်သည်။

"ဘာကိစ္စများလဲဦးလေး"

"သူဌေးစက်ရုံကိုဒီအတိုင်းပစ်မထားပါနဲ့ကွယ်"

"စက်ရုံမှာဘာဖြစ်နေလို့လဲ"

"အလုပ်သမားတွေရဲ့ဘဝတွေကိုပြန်ပြီးကြည့်ပေးပါဦး"

"ကျွန်တော့်ကိုရှင်းအောင်ပြောပါ"

"ဒီ...ဒီလို"

ထိုလူကြီးစကားမပြောမည်အပြုကျော်ဇော်မြင့်မောင်ဝင်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်စကားမဆက်တော့ဘဲ...

"နောက်မှပြောပါရစေတော့"

"ကောင်းပြီလေ"

ထိုလူကြီးခပ်သုတ်သုတ်ထွက်သွားပြီးနောက်ကျော်ဇောမြင့်မောင်နားကိုရောက်လာပြီး...

"ဦးကြိုင်...မင်းကိုဘာတွေလာပြီးပြောနေတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ ငါ့ကိုလာပြီးနှုတ်ဆက်တာပါ၊ ပြီးတော့ပြောသွားသေးတယ်ကျော်ဇော"

"ဟော...ဘာပြောသွားတာလဲ"

"စက်ရုံအခြေအနေကိုငါမေးတော့သူကအားလုံးအဆင်ပြေတယ်တဲ့၊ မင်းနဲ့ဆက်ဆံရေးရော ကောင်းရဲ့လား"

"မကောင်းလို့ရမလားကွ၊ ဒီနေ့မကောင်းရင်မနက်ဖြန်ဆိုလစ်ဘပြင်ထားတော့ ကောရာစ်၊ အလုပ်သမားလူတန်းစားတွေကို ကိုင်ထားတဲ့နေရာမှာ ခပ်ကြမ်းကြမ်းကိုင်နိုင်မှကွ အလျှော့ပေးဆက်ဆံတာတော့ ခေါင်းပေါ်တောင်တက်ပြီးနင်းသွားဦးမယ်၊ ငါဟိုနားခဏသွားလိုက်ဦးမယ်"

"အေး..."

ကျော်ဇောမြင့်မောင်စကားတွေမှာ ချူးအတွက်ခါးသက်စေ



www.burmeseclassic.com

www.burmeseclassic.com



သောစကားတွေဖြစ်တာကြောင့်စိတ်ကိုချုပ်တည်းထားလိုက်ရသည်။ အလုပ်ရှင်၊ အလုပ်သမားဆိုသည့်ကြားတွင် မမျှတသောကိစ္စများစွာ တို့ရှိနေတာကိုမတော့ ချူးစတင်ပြီးသိလိုက်ရပြီဖြစ်သည်။

သူရိန်ကေရာဇ်ဆိုတဲ့သူက ဘာကြောင့်ဒီလိုလူမျိုးကို စက်ရုံ တွင်ဖနေရာပေးထားရတာလဲ၊ကျော်ဇောမြင့်မောင်လိုပင် သူရိန်ကေရာဇ် သည်လည်း ထူးမခြားနားသော လူတစ်ယောက်ပင် ဖြစ်နေတာ သေချာနေပြီ...။ ချူး စက်ရုံထဲတွင်သတိထားမိတာကတော့ စက်ရုံ အလုပ်သမားတို့၏မျက်နှာတွေပင်ဖြစ်သည်။ သူတို့မျက်နှာပေါ်တွင် အားကိုးပြုလိုသောအကြည့်တွေကို တွေ့နေရ၏။ ချူး စက်ရုံ ရုံးခန်း တွင် အသာထိုင်ပြီး စိတ်ထဲတွင် မကျေနပ်မှုတစ်ခုကို ခံစားလိုက်ရ သလိုဖြစ်နေတာကြောင့်...

"မမပြန်ကြရအောင်"

"ငါ့မောင်သဘောပဲလေ"

ချူး ရုံးခန်းထဲမှအထွက်ကျော်ဇောမြင့်မောင်ရောက်လာပြီး...

"ပြန်တော့မလို့လား"

"ဟုတ်တယ်"

"ဟာကွာ ငါကမင်းအတွက်သောက်ပွဲကလေးသွားပြီးစဉ်း နေ တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ဇောနောက်မှပဲသောက်ပွဲလုပ်ကွာ၊ ငါကျန်းမာရေးသိပ်မကောင်းသလိုဖြစ်နေလို့ပြန်ပြီးအနားယူလိုက်ဦးမယ်"

"ကောရှင်"

"မင်းဘာပြောစရာရှိလို့လဲ"

"နှစ်ပတ်လည်ဘဏ္ဍာရေးရှင်းတမ်းကို ဘယ်ရက်လုပ်ဖို့ စဉ်းစားထားလဲ"

"ခုလောလောဆယ်ငါ့မှာတခြားအလုပ်ကိစ္စတွေနဲ့ ရှုပ်နေလို့နောက်မှပဲအကြောင်းကြားလိုက်မယ်"

"မင်းသိပ်ပြီးအလုပ်များနေရင်ငါပဲစီစဉ်လိုက်မယ်၊ မင်းလက်မှတ်ပဲထိုးပေးလိုက်"

ကျော်ဇောမြင့်မောင်စကာကြောင့်မနွယ်ရီဦး... ချူးကိုမျက်လုံးမှုပြီးကြည့်လိုက်တာကြောင့် သဘောပေါက်လိုက်ပြီး...

"ကျော်ဇော...ငါအကြောင်းကြားတာကိုပဲစောင့်ပါ"

ချူး၏အဖြေစကားကိုကျော်ဇောမြင့်မောင်သိပ်ပြီးဘဝင်မကျသေးမဲ့ စကားထပ်ပြီးထွက်ပေါ်လာခြင်းတော့မရှိ...၊ ချူး ကားရပ်ထားသောနေရာသို့ရောက်တော့...ကားပါကင်တွင်အလုပ်လုပ်နေသောသူတစ်ယောက် ချူးတို့နားကိုကပ်လာပြီး၊

"သူဌေးဒီစာလေးကိုယူသွားပြီး ဖတ်ကြည့်ပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုလူ့ကို ချူးတစ်ချက်ကြည့်ပြီး ပေးလိုက်သောစာအိတ်
ကလေးကိုလှမ်းပြီးယူလိုက်သည်။ ပြီးတော့မှ ကားမောင်းထွက်ခဲ့
သည်။

"စက်ရုံမှာတော့ အတော်ကိုရှုပ်ထွေးနေသလိုပဲချူး"

"ဟုတ်မယ်မမ အလုပ်သမားတွေမျက်နှာကိုကြည့်ရတာ
တစ်ခုခုကိုခံစားနေကြသလိုပဲ"

"ချူး"

"မမ"

"မင်းကိုမမပြောခဲ့ကဲ့ အခွင့်အရေးထဲမှာ အဲ့ဒီအလုပ်သမား
တွေရဲ့ဘဝတွေလည်းပါတယ်"

ချူးအတွက် ကောရာဖ်ဂျုံစက်ရုံကြီးမှ အလုပ်သမားတွေ၏ဘ
တွေအတွက် တာဝန်ကြီးတစ်ခုရင်ထဲကိုဝင်ရောက်လာသလိုပင်ခံစ
လိုက်ရသည်။ ကျော်ဇောမြင့်မောင်၏ ဆိုးဝါးလှသော အုပ်ချုပ်မှု
အောက်တွင် အလုပ်သမားဘဝတွေ ဘယ်လောက်ထိ အခွင့်အရေး
တွေဆုံးရှုံးနေကြပြီလည်းမသိ။

"မမစက်ရုံမှာ အလုပ်သမားဘယ်လောက်ရှိ လဲ"

"မမအထင်တော့ အယောက်(၂၀၀)နီးပါးလောက်ပဲတော
ရှိမယ်၊ စက်ရုံကြီးကို နေ့ညလည်ပတ်နေတာဆိုတော့ အလုပ်သမ

www.burmeseclassic.com



ဦးရေကများတယ်လေ"

"ကျွန်တော်တခြားကိုစွတွေနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်တွေ ကိုမရသေးပါဘူး၊ ဒါပေမဲ့ စက်ရုံအလုပ်သမားတွေနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်တော့ရလိုက်ပါပြီ"

"ချူးဆီကဒီစကားကြောင့်မမတကယ်ကိုကျေနပ်မိပါတယ်"

ချူး မျက်နှာလေးကိုစိုက်ကြည့်ပြီး ပြုံးပြလိုက်သောမနွယ်ရီဦး ၏ပြုံးကလေးမှာ...

၀ ၉ ━ ━ ━ ━ ━ ━ ━



www.burmeseclassic.com

www.burmeseclassic.com

ကောရာဇ်အိမ်ကြီးထဲတွင်ပြင်ဆင်မှုတွေမွမ်းမံမှုပြုလုပ်နေတာ
ကို ပြုမိလိုက်သဖြင့် ချူး အောက်ထပ်ကိုဆင်းပြီး မနွယ်ရီဦးကို မေး
လိုက်မိသည်။

"မမ"

"ဪ...မမောင်တောင်နိုးပြီလား"

"နိုးနေတာကြာပြီမမ ခြံထဲကလူတွေအလုပ်များနေကြတာ
ကြည့်နေတာ ဘာအတွက်ဒီလောက်တောင် အလုပ်များနေကြတာ
လဲ"

"မမ မမောင်ကိုပြောဖို့စောင့်နေတာ၊ နံနက်စာစားရင်းနဲ့ပြော
ကြတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



မနွယ်ရီဦး…. ချူးကို မမောင်ဆိုသော အသုံးအနှုန်းလေးကို သုံးစွဲတာကိုလည်း သတိပြုမိလိုက်၏။

"မမောင်ဒီနေ့ကေရာဇ်စံအိမ်ကြီးရဲ့အကြီးအကဲတွေလာကြမယ်"

"သူတို့က ကျွန်တော်နဲ့ဘယ်လိုပတ်သက်လဲ"

"သူတို့တစ်တွေကမမောင်နဲ့သက်ဦးသဇင်တို့ကိုလက်ဆက်ပေးပြီး ကေရာဇ်မိသားစု ပိုင်ဆိုင်မှုတွေကို လွှဲပြောင်းပေးကြမယ့်သူတွေပဲကွယ့်"

"ဗျာ… သက်ဦးသဇင်… သူ… သူက ကျွန်တော်နဲ့လက်ထပ်ရမယ့်သူ"

"ဟုတ်တယ်၊ မကြာခင် မမောင်ဆီကို အန်ကယ်မြတ်လှိုင်ရောက်လာရင်အားလုံးအကြောင်းစုံကိုသိသွားရမှာပါ"

"အန်ကယ်မြတ်လှိုင်ဆိုတာက…"

"ဗဟိုတရားရုံးရှေ့နေကြီးတစ်ဦးပေါ့ခုတော့အငြိမ်းစားယူသွားပြီ၊ ဒါပေမဲ့ ကေရာဇ်မိသားစုရဲ့ဘိုးဘွားအစဉ်အဆက် အမွေ ထိန်းသိမ်းမှုတာဝန်တွေကိုကိုင်တွယ်ထားတဲ့လူကောင်းတစ်ယောက်ပါ"

"ကျွန်တော်ကိုသူရိန်ကေရာဇ်အဖြစ်နဲ့ပဲသိထားတာလား"

"ချူးအဖြစ်နဲ့ သိထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာင်"

"ဝူး...ကျွီး..."

ထိုအချိန်အိမ်ကြီးရှေ့တွင် ကားရပ်သံကြောင့် မနွယ်ရီဦး ထိုင်နေရာမှထလိုက်ပြီး...

"အန်ကယ်ဦးမြတ်လှိုင်လာပြီနဲ့တူတယ်.. မ,မောင် ဒီကစဲ စောင့်နေလေ"

"ဟုတ်ကဲ့"

မနွယ်ရီဦးထွက်သွားပြီးသိပ်မကြာခင်အသက်(၆၀)ဝန်းကျင် လောက်ရှိ လူကြီးတစ်ယောက်နှင့်အတူ ဝင်ရောက်လာတာကိုတွေ့ လိုက်ရသည်။ ချူးကိုမြင်သည်နှင့်ရိုးစင်းသောအပြုံးနှင့်ပြုံးပြပြီး...ချူး ရှေ့ရှိကုလားထိုင်တွင်ဝင်ပြီးထိုင်လိုက်သည်။

"လူလေးနေထိုင်ရတာစိတ်လွတ်လပ်မှုရှိရဲ့လား"

"ရှိပါတယ်၊ ဒါပေမဲ့ လမ်းပေါ်ကဘဝတစ်ယောက်လောက် တော့မလွတ်လပ်ဘူး"

"ဒါကတော့ဘဝချင်းမတူသလိုကျင်လည်ရတဲ့ပတ်ဝန်းကျင် ကလည်း မတူဘူးလေ...၊ ဒီအတွက်လူလေးအနေနဲ့ ကျင့်သား ... အောင်တော့ကြိုးစားရမှာပဲကွဲ၊ အန်ကယ်နဲ့ပတ်သက်ပြီး လူလေးမ ... ကမြောပြပြီးပြီလို့ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပြောပြပြီးပါပြီ"

"ဒါဆို လူလေးရှေ့လျှောက်ရမယ့်ခရီးအတွက်ပဲ ပြောကြတာပေါ့၊ ဒီစကားမပြောခင် အရင်ဆုံးလူလေးအနေနဲ့ ကောရာဇ်မိသားစု ဘဝထဲကို ဝင်ရောက်ဖို့ဆုံးဖြတ်ချက်ချ၊ မချဆိုတာကို အရင်ဆုံးသိထားချင်တယ်"

"ကျွန်တော်မမကို ဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီး ပြောပြပြီးပြီ"

"မင်းမမဆီကအန်ကယ်လည်းကြားထားပါတယ်၊ ဒါပေမဲ့ လူလေးကိုယ်တိုင်ပြောတာကိုကြားချင်လို့ပါ"

"ကျွန်တော်ဟာ ကောရာဇ်မိသားစုရဲ့သွေးရင်းသားရင်းအစစ်ဆိုရင်တော့ ကောရာဇ်မိသားစုဘဝကိုငြင်းစရာမရှိပါဘူး၊အဲ့ဒီလိုမှမဟုတ်ဘဲတန်ဆောင်မိသားစုဝင်အဖြစ်နဲ့ဝင်ရမယ်ဆိုရင်တော့မဝင်ချင်ပါဘူး"

"လူလေးမင်းက ကောရာဇ်မိသားစုဝင်အစစ်မှအစစ်ပါကွာ"

"အန်ကယ်ဘာကြောင့် ကျွန်တော်ဟာ ကောရာဇ်မိသားစုဝင်အစစ်လို့ ပြောနိုင်တာလဲ၊ ရုပ်ချင်းတူရုံတစ်ခုတည်းနဲ့တော့ ကောရာဇ်မိသားစုဝင်လို့ သတ်မှတ်တာ မပြည့်စုံဘူးထင်တယ်"

"ရှူး မင်းဟာတကယ့်ကိုလောဘတရားကင်းမဲ့တဲ့ကောင်းမွန်သောပုံပေါ်မှာ နေရတာကို မင်းဈေးဆစ်နေရတယ်လို့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် ကျွန်တော်ဟာ လမ်းပေါ်မှာဘယ်လိုဘဝမျိုးကိုပဲ ပိုင်ဆိုင်ရပိုင်ဆိုင်ရ အခွင့်အရေးသမား အချောင်သမားတော့ ဘယ်တော့မှအဖြစ်မခံဘူး"

"မင်းစိတ်ဓာတ်နဲ့ပတ်သက်ပြီးတော့ အန်ကယ်တို့သိထားပြီးသားပါကွာ၊ မင်းမွေးစားဖခင်ကြီး ဦးဘိုဝင်းလည်းမင်းလိုပဲ သိပ်ကိုပဲ ခေါင်းမာခဲ့တဲ့သူပဲကွဲ့"

"ဗျာ...ဖေဖေက ဘယ်လိုခေါင်းမာခဲ့လို့လဲ"

"မင်းကိုမွေးစားဖို့ သူ့လက်ထဲကိုအပ်စဉ်တုန်းက ငွေသိန်း (၁၀၀)ပေးပြီးမင်းကိုကျွေးမွေးစောင့်ရှောက်ဖို့ပြောတော့၊ ဘာပြောခဲ့သလဲဆိုရင်သူ့ကိုကြေးစားပုံစံမျိုးနဲ့ ဒီကလေးကို မွေးခိုင်းတာဆိုရင် ပြန်ပြီးခေါ်သွားနိုင်းတယ်၊ ဒီကလေးဟာ သူ့ဘဝနဲ့တစ်ထပ်တည်းကျတဲ့ကလေးဖြစ်ခဲ့မယ်ဆိုရင်၊ ဒီကလေးကိုထားခဲ့လို့ပြောတယ်...၊ ဒါကြောင့် အန်ကယ်တို့ငွေတွေကို ပြန်ယူခဲ့ကြရတယ်၊ တကယ်ကို ခေါင်းမာခဲ့တဲ့လူတစ်ယောက်ပဲ"

"ကျွန်တော့်ကိုဘာလို့စွန့်ပစ်ခဲ့ရတာလဲအန်ကယ်"

"အသုံးမဝင်တော့တဲ့အတွေးအခေါ်တွေနဲ့အစွန်းရောက်ကိုးကွယ်မှုတွေကြောင့်ပေါ့ကွာ၊ မင်းကိုရှင်းအောင်ပြောရရင် ဓကရာဇ် မိသားစုဟာ ဘဝနှစ်ခုပေါင်းစည်းပြီးမှ တစ်ခုဖြစ်ခဲ့တဲ့ မိသားစုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ ဘိုးဘွားအစဉ်အဆက် လက်ထက်ကတည်းက တည်ရှိခဲ့တဲ့ မိသားစုဆိုရင်မများဘူး၊ ရှမ်းပြည်မြောက်ပိုင်းဒေသတစ်ခုမှာ အလွန်ချမ်းသာကြွယ်ဝတဲ့ မိသားစုနှစ်စုဟာ ခြံဝန်းကြီးတစ်ခုတည်းမှာ နေထိုင်ကြပြီး မွေးဖွားလာတဲ့သားသမီးတွေကို ခေတ်အဆက်ဆက် လက်ထပ်ပေးခဲ့ကြတာ ခုချိန်ထိပဲဆိုရမှာပေါ့၊ ဒါပေမဲ့ခေတ်အဆက်ဆက်သူတို့ကိုးကွယ်ခဲ့ကြတဲ့ နတ်ဆရာတွေရဲ့ဩဇာ စိုးမိုးမှုကတော့ အရမ်းကိုအားကောင်းခဲ့ကြတယ်၊ ခေတ်ပညာတွေ ဘယ်လောက်ပဲ တတ်တတ် ဘိုးဘွားအစဉ်အဆက်ကိုးကွယ်တဲ့ ယုံကြည်မှုကို ဘယ်သူမှ မစွန့်ပစ်ခဲ့ကြဘူး"

"သူတို့က ဘာကိုယုံကြည်ကိုးစားခဲ့ကြတာလဲ အန်ကယ်"

"မိစ္ဆာအယူအဆတွေဖြစ်တဲ့ ယစ်ပူဇော်မှုတွေပေါ့ကွာ၊ ဘိုးဘွားလက်ထက်ကတည်းက နတ်ဆရာတွေရဲ့မျိုးဆက်တွေနဲ့ အတူသဉ္စိုပြီး ကောရာဇ်မိသားစုက ဖြတ်သန်းနေခဲ့ကြတာ၊ ခုချိန်ထိဆိုရမှာပေါ့၊ သူတို့ကြောင့် မဖြစ်သင့်တာတွေဖြစ်ခဲ့ရတာပဲလူလေး"

အန်ကယ်ဦးမြတ်လှိုင်သူ့စကားကို ခဏရပ်ပြီး သူ့မျက်နှာကို စိတ်မကောင်းသောအကြည့်နှင့်ကြည့်နေသည်၊

"လူလေးဘဝ ချို့တဲ့နွမ်းပါးစွာနေခဲ့ရတာ၊ နတ်ဆရာတွေရဲ့ အစီအမံယ်မဲ့တဲ့ စကားကြောင့်ဖြစ်ခဲ့ရတာလူလေး"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ဘာတွေပြောခဲ့ကြလို့လဲ အန်ကယ်"

"ဟိုးအရင်ဘိုးဘွားလက်ထက်ကတည်းက ကေရာဇ်မိသားစု နှစ်ခုကြားမှာ သားသမီးရတနာဆိုတစ်ယောက်ကိုပဲ မွေးရတယ်လေ အကယ်၍ အမွှာမွေးခဲ့ရင် နတ်မိစ္ဆာတွေရဲ့ကျိန်စာသင့်မယ်ဆိုပြီး ပြောခဲ့တာ ပြောချက်ကိုအဖွဲ့ကြီးဖွဲ့ထားခဲ့သလိုပဲလူလေး။ မင်းဖခင်က ဦးစိုင်လုံမောင် အမေက နန်းခင်ခင်ထိပ်တင် တစ်ဖက်မိသားစုက ဦးခွန်ဖေ နန်းထိုက်ရတီတို့ပဲ မင်းမိခင်ကြီးက မင်းနဲ့နာရီပိုင်းပဲခြားတဲ့ သူ့ရဲ့ကေရာဇ် ကိုမွေးခဲ့သလို တစ်ဖက်ကလည်း သက်ဦးသဖင်ဆိုတဲ့ သမီးလေးကို မွေးခဲ့ကြတယ်လေ၊ မွေးခဲ့ကြတဲ့နေရာချင်းကတော့ မတူဘူး မင်းအမေဟာ ရန်ကုန်ကိုရောက်ချိန်မှာ မွေးခဲ့တာလေ...၊ ဒါကို ရှေးအယူကြီးကြတဲ့ မင်းဖခင်ကြီးက အရင်ဆုံးမွေးတဲ့မင်းကို စွန့်ပစ် နိုင်းခဲ့ကြတယ်၊ ဒီတုန်းက မနွယ်ရီဦးဟာမင်းကို သူတို့စွန့်ပစ်နိုင်း တာကိုမစွန့်ပစ်ဘဲ ဘယ်သူမှမသိအောင် မွေးခဲ့တယ်၊ ဒါကို မင်းဖခင် သိသွားပြီး နွယ်ရီဦးလက်ထဲကနေ တခြားနေရာကိုပို့နိုင်းခဲ့တယ်"

"ဘာကြောင့် တခြားဘဝထဲကိုပို့နိုင်းခဲ့ရတာလဲ အန်ကယ်"

"တခြားဘဝထဲရောက်သွားရင် ကေရာဇ်မျိုးနွယ်စုရဲ့ လုံး ကင်းကင်းရှင်းရှင်းဖြစ်သွားအောင် စီစဉ်တဲ့သဘောပါပဲ...၊ ဒီတော့ မင်းကို အန်ကယ်ယူခဲ့ရတယ်၊ အန်ကယ်လည်း မင်းမွေးစားဖခင်ကြီး

www.burmeseclassic.com



ဦးသိုဝင်းကို ပေးခဲ့တယ်၊ ဒီတုန်းက နွယ်ရီဦးဟာ မျက်ရည်နဲ့မျက်ခွက် ဆဲ့ မင်းကိုဘယ်သူ့ဆီမှာ ပေးခဲ့သလဲဆိုတာ နှစ်ပေါင်းများစွာမေးခဲ့ သမဲ့ အန်ကယ်မပြောခဲ့ပါဘူး၊ ဒါပေမဲ့ အရွယ်ရောက်လာတဲ့ သူရိန် ကာရာဇ်ရဲ့ရိုင်းစိုင်းမှုတွေ၊ မောက်မာမှုတွေကြောင့် စံပြင်းစရာ ဖြစ်ခဲ့ ကြပေမဲ့ အခြေအနေတစ်မျိုးပြောင်းသွားခဲ့ကြတယ်၊ နွယ်ရီဦး မျော… သူရိန်ကောရာဇ်ဒဏ်ကို နှစ်ပေါင်းများစွာခံရင်း ဒီဝင်္ကာနေကျွတ်မယ့် အခြေအနေကိုရောက်ခဲ့ရတဲ့ နေ့ကတော့ သူရိန်ကောရာဇ်စက်ဘုပ်မှာ ကားမှောက်ပြီးဆုံးတဲ့နေ့ပဲဆိုရမှာပေါ့…"

"သူရိန်ကောရာဇ်ကားမှောက်ပြီးဆုံးတာကိုဒီဘက်ကဘယ်သူ သိကြဘူးလား"

"မသိခဲ့ကြဘူး၊ သိခဲ့သူဆိုလို့ နွယ်ရီဦးနဲ့ အန်ကယ်ပဲရှိခဲ့ကြ တာ"

"မမနဲ့အန်ကယ်က ဘယ်လိုလုပ်ပြီးသိခဲ့ကြတာလဲ"

"အန်ကယ်ကိုယ်တိုင် သူရိန်ကောရာဇ်နဲ့အတူစက်ဘုပ်မှာရှိနေခဲ့ တာလေ"

"ပထမတော့ အန်ကယ်အကြောင်းကြားဖို့စီစဉ်ပြီးမှ ချူးကို တိရပြီး အလောင်းကိုစက်ဘုပ်မှာပဲ သဂြိုဟ်ပြီးအစဖျောက်ခဲ့တယ်၊ ဘုပ်ကနေ ရန်ကုန်ပြန်ရောက်ပြီး နွယ်ရီဦးနဲ့တိုင်ပင်ပြီး လူလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကေရာဇ်မိသားစုထဲကိုရောက်အောင်ကြိုးစားခဲ့ကြတာပဲကွယ်"

"ကျွန်တော့်နားကိုမယုံနိုင်အောင်ဖြစ်နေတာကြာပြီပေါ့"

"သိပ်မကြာသေးပါဘူး။ တစ်လ၀န်းကျင်လောက်ရှိပါသေးတယ်

တိုက်တိုက်ဆိုင်ဆိုင် ရှုံးဖခင်ကြီးကွယ်လွန်ပြီးနောက်ပိုင်း ရှိနိုင်ပေါ့"

"ကျွန်တော့်အဖေနဲ့အမေတွေကရော ဒီလောကကြီးထဲမှာ

ရှိနေကြသေးလားအန်ကယ်"

"သူရိန်ကေရာဇ် (၁၀) နှစ်သားလောက်ကတည်းက ရှေ့ဆင့်

နောက်ဆင့်ဆုံးပါးသွားကြတယ်၊ ဒီနောက်ပိုင်း မင်းဖခင်ကြီးရဲ့အစ်ကို

ဝမ်းကွဲ စိုင်းစိန်နောင်ခမ်းဆိုတဲ့သူက အမွေတွေကိုထိန်းသိမ်းခဲ့ကြတာ

သူက ကေရာဇ်မိသားစုရဲ့ ဥစ္စာဓနတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့တော

လုံးလုံးမပတ်သက်ဘူး"

"သက်ဦးသခင်မိဘတွေကရော"

"တိုက်ဆိုင်တယ်ဆိုရမှာပေါ့ကွာ မင်းမိဘတွေဆုံးသွားပြီး (၁)

နှစ်အကြာလောက်မှာ သက်ဦးသဖခင်မိဘတွေ ကားမှောက်ပြီးဆုံး

ပါးသွားကြတယ်"

"နှစ်ဖက်ပိုင်အမွေတွေနဲ့စီးပွားရေးလုပ်ငန်းတွေကိုဦးစိုင်းစိန်

ကပဲ ချုပ်ကိုင်ထားတာပေါ့ဟုတ်လားအန်ကယ်"

"ဟုတ်တာပေါ့ကွယ်၊ ကေရာဇ်မိသားစုရဲ့ ဆွေမျိုးသားချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့ သူတို့ပဲရှိတာဆိုတော့ သူတို့ဆက်လက်ပြီးချုပ်ကိုင်ထားခွင့်ရှိတယ်၊ တစ်ခုတော့ရှိတယ် ငွေကြေးဥစ္စာစနစ်နဲ့ စီးပွားရေးလုပ်ငန်းတွေကိုတော့ သူတို့သဘောနဲ့ ဘာတစ်ခုမှ လုပ်ပိုင်ခွင့်တော့မရှိဘူး၊ ဥပဒေသမ်းကြောင်းကနေ အန်ကယ်ကိုင်တွယ်ထားလို့ ယနေ့ချိန်ထိ သူတို့ရွက်ဖက်နိုင်ကြတာ… လူလေးအဓိကသိထားရမှာက စိုင်းခီနောင်ခမ်းသားစုဟာ ကေရာဇ်မိသားစုပိုင် စည်းစိမ်ဥစ္စာတွေကို သိမ်းပိုက်နိုင်ဖို့ ကြိုးစားနေကြတဲ့ သူတွေဆိုတာပဲကွဲ့"

"ဗျာ…"

"စိုင်းခီနောင်ခမ်းမှာ ဂျင်မီဂျက်ဆိုတဲ့သားတစ်ယောက်ရှိတယ် လောင်းကစား၊ မိန်းမ၊ မူးယစ်ဆေးဝါးကြားမှာ လုံးထွေးနေဘဲ့သူ သက်ဦးသဇင်ကို အပိုင်ကြံဖို့ကြိုးစားနေတယ်၊ သူရိန်ကေရာဇ်နဲ့တော့ ဂျင်မီဂျက်က ဆက်ဆံရေးကောင်းတယ်၊ ဒါကလည်း သူရိန်ကေရာဇ်ကို သင့်မြှောက်ပေးပြီး မကောင်းတဲ့လမ်းကြောင်းပေါ်ကိုရောက်အောင် ကြိုးစားနေကြတာပဲ လူလေး၊ အရှင်းဆုံးပြောရရင် ကောက်ကျစ်ည်းလဲတဲ့မိသားစုနဲ့ ထိပ်တိုက်ရင်ဆိုင်ရမယ့်ပွဲပဲကွယ်"

"သက်ဦးသဇင်နဲ့ သူရိန်ကေရာဇ်က မရင်းနှီးကြဘူး"

"ငယ်ငယ်လေးကတည်းက အတူတူကြီးပြင်းခဲ့ကြတဲ့ သူတွေဆိုပေမဲ့ သက်ဦးသဇင်ရဲ့အမုန်းဆုံးလူသားဟာ သူရိန်ကေရာဇ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဒီလိုမမောင် သက်ဦးသဖင်ဟာ ရိုးသားဖြူစင်ပြီး စိတ်စေတ
နာကောင်းတဲ့မိန်းကလေး၊ သူရိန်ကရောဇ်ဗီဇစရိုက်နဲ့က တော့လုံးလုံး
ကွာခြားတယ်လေ၊ ဒါကြောင့်သက်ဦးသဖင်ဟာမိဘတွေကြောင့်သာ
ဆက်ဆံနေရပေမဲ့ သူရိန်ကရောဇ်ပေါ်မှာ ခါးသီးမှုတွေများပြား
တယ်"

"လက်ထပ်ဖို့ကိစ္စမှာရော မငြင်းဘူးလား"

"ငြင်းပိုင်ခွင့်မရှိကြဘူးကွဲ့"

"တကယ်လို့ငြင်းမယ်ဆိုရင်ရော"

"ကရောဇ်မိသားစုထဲက အပြီးထွက်ရမယ်ဆိုတဲ့ စည်းကမ်း
ချက်ရှိတယ်လေ"

"ဟူး… တကယ်ကိုရှုပ်ထွေးတဲ့ ဇာတ်လမ်းကြီးမှာ မင်းသား
ဝင်ပြီးလုပ်နေရသလိုဖြစ်နေပြီထင်တယ်"

"မမောင်ရေစစ်မှန်သောလမ်းကြောင်းပေါ်ကနေ မကောင်းသူ
တွေကိုရင်ဆိုင်ဖို့အတွက် ရှုး ဆိုတဲ့လူတစ်ယောက် ကရောဇ်မိသား
ထဲကိုရောက်လာတယ်လို့သတ်မှတ်ထားပါကွယ်…"

"ဟုတ်တယ်လူလေးမင်းရဲ့နောက်မှာ ဒုက္ခများစွာကြုံတွေ့နေ
ရတဲ့ လူတွေများစွာရှိနေတယ်ဆိုတာ သဘောပေါက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ဦးမြတ်လှိုင်ပြောလိုက်သော စကားအဆုံးသွားယ်ကို ...း ကောင်းစွာသဘောပေါက်လိုက်သည်။ ကောရာဇ်ဂျုံစက်ရုံကြီးမှ အလုပ်သမားတွေ၏ဘဝနှင့် ကောရာဇ်မိသားစုပေါ်မှာ မှီခိုနေကြသော သူတွေအတွက်ပင်ဖြစ်၏။

"အန်ကယ်ခုပြောပြတာတွေကို လူလေးသဘောပေါက်မယ် ...ို့ထင်တယ်၊ အန်ကယ့်အသက်အရွယ်နဲ့ ကျန်းမာရေးက သိပ်ပြီး ...ကောင်းတော့ဘူး၊ လူလေး....ကောရာဇ်မိသားစုပိုင်ဆိုင်တဲ့အမွေတွေ ...ကို လူလေးနဲ့ သက်ဦးသဇင်ကို လွှဲပေးပြီးရင် အန်ကယ်စိတ်ချစွာနဲ့ ...ဘာသာရေးလုပ်ကိုင်နိုင်ပြီမို့လို့"

"ရှင် အန်ကယ်"

"စိုင်းခီနောင်စမ်းတို့ညနေဆိုရောက်လာကြမယ်"

"ဟုတ်ကဲ့"

"သူတို့ လူလေးနဲ့သက်ဦးသဇင်မင်္ဂလာကိစ္စကို လူကြီးတွေနဲ့ ...ဉ်ကြမှာ ကိုယ့်ဘက်က အများအပ...မရှိစေနဲ့နော်"

"စိတ်ချပါအန်ကယ်"

"ကိုယ့်ဘက်ကလိမ်ညာတာဆိုပေမဲ့ယုတ်မာကောက်ကျစ်သူ ...တွေရဲ့ရန်ကိုကာကွယ်ရတာပါ၊ တရားသဘောအရကြည့်မယ်ဆိုရင် ...ဟာကောရာဇ်မိသားစုအတွက် ထိုက်တန်သောဆုကိုရလိမ့်တာ

www.burmeseclassic.com



ပါပဲ"

ချူးတစ်ယောက် ပြောနေသမျှတွေကို နားထောင်ရင်းရင်မှာ မွန်းကျပ်နေတော့၏။ ချူးမွန်းကျပ်နေရသောအကြောင်းမှာ သက်ဦးသဖ နှင့် လက်ထပ်ဖို့အရေးပင်ဖြစ်သည်။ တစ်ကြိမ်တစ်ခါမှ တွေ့ဘူးခ ဘူးခြင်းမရှိသော မိန်းကလေးတစ်ယောက်ကိုလက်ထပ်ရမည့်ခံစာ ချက်ကို သူနှလုံးသားတွင် လက်မခံနိုင်သလို သက်ဦးသဇင်သည် လည်း သူရိန်ဇကရာဇ်ဆိုသူကိုမုန်းတီးနေသူဖြစ်၍ ချူးက မဆီမဆိုင် အကြောင်းမဲ့ကြီး အမုန်းခံရမည့်သူ။

အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး ချူးဘဝတွင် တစ်ကြိမ်တစ် မှ စဉ်းစားခဲ့ခြင်းမရှိခဲ့ဘူးရေ ချစ်ခြင်းတရားနှင့် ကင်းဝေးနေသူတစ်ဦ ကမကြာခင် မိန်းကလေးတစ်ယောက်ကိုပိုင်ဆိုင်ရမည်ဆိုသောအသ က ချူးရင်မှာလက်ခံလို့မရနိုင်ပေ။

"အန်ကယ်ပြန်ဦးမယ်၊ ညနေသူတို့လာတော့မှပဲ အန်ကယ် လိုက်လာတော့မယ်"

"သူတို့ဘယ်ကလာကြမှာလဲမမ"

"ရှမ်းပြည်နယ်ကနေ လာကြမှာ"

"သက်ဦးသဇင်က ဘွဲ့ရပြီးသားနော်"

"ဘွဲ့ရပြီးသား မမောင်၊ ရှမ်းပြည်နယ်က ကျေးလက်ဒေသတ

www.burmeseclassic.com

www.burmeseclassic.com



ခုမှာကျောင်းဆရာမလုပ်နေတာ"

အန်ကယ်ဦးမြတ်လွင်ကို ကားပေါ်သို့လိုက်ပို့ပေးပြီး ချူးတစ်ယောက်အတွေးများစွာဖြင့် အပေါ်ထပ်သို့တက်ခဲ့သည်။ သူ့အတွက်စကာရာဇ်မိသားစုကြားတွင် ပြဿနာများစွာ အခက်အခဲများစွာကိုရင်ဆိုင်ရတော့မယ်ဆိုတာကိုသိနေသလိုပင်ဖြစ်သည်။

ချူးအတွက်အကြီးဆုံးပြဿနာမှာ သက်ဦးသဇင်နှင့် ဆုံတွေ့ရမည့်အချိန်ပင်ဖြစ်သည်။ သက်ဦးသဇင်ထံမှ အမုန်းတရားတွေပြည့်နက်နေသော မျက်လုံးအကြည့်တွေကို သူရင်ဆိုင်ဝံ့ပါ့မလား...၊ ထို့အပြင် ကိုယ်ချစ်သူမဟုတ်ခဲ့သော မိန်းကလေးတစ်ယောက်နှင့် ဘဝတစ်သက်တွာ ခရီးကိုသူဘယ်လိုလျှောက်ရမလဲ။

"မမောင်ရေ...ခေါက်ခေါက်"

အခန်းတံခါးကိုခေါက်ပြီး မနွယ်ရီဦးခေါ်လိုက်သောအသံကြောင့် ခုတင်ပေါ်မှထပြီးအခန်းတံခါးဖွင့်ပေး၍....

"မမ ဘာကိစ္စရှိလို့လဲ"

"ကိစ္စမရှိပါဘူး မမောင်ကိုပေးစရာရှိလို့"

မနွယ်ရီဦးလက်ထဲမှအယ်(လ်)ဘန်လေးကိုလှမ်းပေးရင်း...။

"သက်ဦးသဇင်ဓာတ်ပုံတွေကိုမမောင်ကြည့်နိုင်အောင်လာပို့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ခြောက်ပာတ်ကဲ့"

"မမောင်တစ်ယောက်တည်းစိတ်ကူးပြီးကြည့်ပေါ့ကွာ"

ချူးခေါင်းလေးပဲညိတ်ပြလိုက်ပြီးအခန်းတံခါးကိုပြန်ပိတ်ကာ စုတင်ပေါ်သို့ ပြန်ပြီးလှဲချရင်း မနွယ်ရီဦး ပေးလိုက်သော သက်ဦးသဖင်၏အယ်(လ်)ဘန်ကိုကြည့်မိလိုက်တော့သည်။

၀ ၀ ——————

www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်စွာ ကြွေလွင့်သွားတဲ့ သစ်ရွက်ကလေးတစ်ရွက် ာသက်ဦးသဇင်မျက်နှာလေးကိုဓာတ်ပုံထဲတွင်တွေ့စဉ်ကနှင့်မတူ လုံးခြားနားနေသော ခံစားမှုတစ်ခုကိုခံစားလိုက်မိသည်။

ချမ်းသာကြွယ်ဝသော နေဂုဏ်နန်းတော်မှာ ပေါက်ဖွားခဲ့သော တ်ဦးသဇင်၏ မျက်နှာလေးသည် သာမန်ဆင်ခြေဖုံးရပ်ကွက်မှ ါက်ဖွားလာသော မိန်းကလေးတစ်ဦးကဲ့သို့ပင် ရိုးစင်းစွာလှနေသူ းပင်ဖြစ်သည်။ သက်ဦးသဇင်ဘဝနှင့် ဝတ်စားဆင်ယင်မှုတွေကို တ်ဟန်အပြည့်နှင့် နေမယ်ဆိုလျှင် နေနိုင်သူတစ်ဦးဖြစ်ပေမဲ့ ပကာ နေမဲ့နေသော အလှတရားလေးနှင့် တွေ့လိုက်ရခြင်းကြောင့် ချူး



www.burmeseclassic.com

www.burmeseclassic.com



ရင်ကိုတုန်လှုပ်သွားစေခဲ့သည်။ သက်ဦးသဇင်ဘေးတွင် လိုက်ပါလာ
ကြသော စိုင်းစီနောင်ခမ်း၊ ဂျင်မီဂျက်နှင့် ဇနီးဖြစ်သူ နန်းဒီကလျာတို့
တော့ ဂုဏ်ပကာသန သခင်ကြီးပမာ တွေ့မြင်လိုက်ခြင်းကြောင့်
စိတ်ပျက်မိသွားသည်။

"ဆောရီးပဲကိုမြတ်လှိုင် လေယာဉ်ကွင်းမှာ အင်္ဂလန်ကမိတ်
ဆွေသစ်ယောက်နဲ့ တွေ့နေလို့ နည်းနည်းနောက်ကျသွားတယ်"

"ရပါတယ် ကောရာဇ်မိသားစုရဲ့တာဝန်အရှိဆုံးသူက စင်ဗျား
လေ၊ နောက်တျတာ စောတာကိစ္စမရှိပါဘူး"

မနွယ်ရီဦးမှ စိုင်းစီနောင်ခမ်းတို့အတွက် ကော်ဖီနှင့် မုန့်တွေ
ချပေးခဲ့၏။

"မိနွယ်"

"ဦးရီးတော်ပြောပါ"

"ကောရာဇ်မိသားစုရဲ့ မင်္ဂလာကိစ္စထဲမှာ မင်းပါဝင်ခွင့်မရှိ
နော်"

"ဒီကိစ္စဟာ ကျွန်မစိတ်ဝင်စားစရာမလိုတဲ့ကိစ္စဆိုတာ ကျွ
သိပါတယ်"

"ဒါဆိုရင်တော့ကောင်းတာပေါ့"

စိုင်းစီနောင်ခမ်း... မနွယ်ရီဦးကိုပြောဆိုနေသည့် စကား



www.burmeseclassic.com

www.burmeseclassic.com



တွေကို ချူးစိတ်ထဲတွင် ဒေါသဖြစ်နေမိ၏။

"မမဦးလည်း ကောရာဇ်မိသားစုဝင်တစ်ဦးလိုဖြစ်နေပါပြီ ဦးရိုးတော်၊ သူ့အနေနဲ့ဝင်ရောက်ပြောဆိုပိုင်ခွင့် ရှိပါတယ်"

"သဖင် မင်းဘာမှမသိဘဲနဲ့ ဝင်ပြီးမပြောနဲ့ ခုကိစ္စကိုဘိုးဘွား လူကြီးတွေချမှတ်ထားတဲ့အတိုင်း ဦးရိုးတော်က ဆောင်ရွက်ပေး နေတာ"

သက်ဦးသဖင်...၊ မနွယ်ရီဦးဘက်မှ ဝင်ပြီးပြောနေတာကို ဦးစိုင်းစိနောင်ခမ်းကတော့ ခါးခါးသီးသီးငြင်းဆိုနေသည်။ အိမ်ကိုစပြီး ရောက်လာကတည်းက ချူးကိုသက်ဦးသဖင်တစ်ချက်လေးမှမကြည့် တာဟာ မှန်းခြင်း၏ပြယုဂ်တွေပင်ဖြစ်သည်ဟု ချူး ထင်လိုက်သည်။

"ကလေးနှစ်ယောက်ရဲ့မင်္ဂလာကိစ္စကိုဒီမှာရှိနေကြတဲ့သူတွေ နဲ့ပဲဆုံးဖြတ်ရမှာလား"

အန်ကယ်ဦးမြတ်လှိုင်ကြားဝင်ပြီးပြောလိုက်သောစကားကို ဦးစိုင်းစိနောင်ခမ်းမှ....

"ဆရာ ခွန်ဆေးလူးကိုစောင့်ရဦးမယ်"

ဆရာခွန်ဆေးလူးဆိုသည်မှာ နတ်ဆရာဆိုတာကို ချူးသ ဘောပေါက်လိုက်သဖြင့်....

"နတ်ဆရာတစ်ယောက်အနေနဲ့ ရက်ကောင်းရက်မြတ်ရွေး


www.burmeseclassic.com

www.burmeseclassic.com



ချယ်ခွင့်ကလွဲပြီး တခြားဆုံးဖြတ်ချက်တွေကို ဝင်ရောက်စွက်ဖက် ပိုင်ခွင့်မရှိဘူးထင်တယ်"

"ဟင်...ဟာ...ဟိုက်"

"ဘာ...မင်း....မင်းဘယ်လိုပြောလိုက်တာလဲကောရဲဇ်"

ချူးကိုရောက်ကတည်းက တစ်ချက်လေးပင်လှည့်မကြည့်သောသက်ဦးသဇင်မျက်လုံးဝိုင်းကလေးနှင့်ပင်ကြည့်နေတော့သည်။

"ကျွန်တော်ပြောတာ မမှားပါဘူး၊ နတ်ဆရာဆိုတာ လူနှစ်ယောက်ဘဝကို ကြိုးကိုင်ပိုင်ခွင့်မရှိဘူး၊ တကယ်ဆုံးဖြတ်ရမှာက ကျွန်တော်တို့နှစ်ယောက်ပါပဲအန်ကယ်"

"ဒါ...ဒါ...မင်းဆရာတွေကိုမလေးမခန့်လုပ်တာပဲကွ"

"ကျွန်တော့်ဘက်ကမလေးမခန့်လုပ်တာမဟုတ်ပါဘူး၊ သူ့နေရာနှင့်သူလုပ်ကိုင်ဖို့ပဲပြောတာပါ"

"ကောရာဇ်မင်းမင်္ဂလာပွဲကိုငါရွှေ့ဆိုင်းမယ်..."

ချူးနှင့်ဦးစိုးစီနောင်စမ်းတို့ကြားတွင်ပဋိပက္ခတွေပြင်းထန်သည်ကိုသက်ဦးသဇင်အံ့အားသင့်သလိုဖြစ်နေတာကိုတွေ့လိုက်ရသည်။

"မင်္ဂလာပွဲရွှေ့ဆိုင်းတာကို တုန့်လှုပ်စရာမရှိပါဘူး၊ ဒါပေမဲ့ အန်ကယ့်အနေနဲ့ ကောရာဇ်မိသားစု ချမှတ်ခဲ့တဲ့ကိစ္စကိုလုပ်ပိုင်ခွင့်ရှိ


www.burmeseclassic.com

www.burmeseclassic.com



ရှိဆိုတာတော့ စဉ်းစားပါ၊ လုပ်ပိုင်ခွင့်ရှိတယ်ဆိုရင် ဆက်လုပ်ပါ"

"မင်းကွာ..."

"ကေရာဇ်မင်းငါ့ဒါယိကာကို ဒီစကားမျိုးမသုံးသင့်ဘူး"

ဂျက်မီဂျက်ဝင်ပြောလိုက်လေသည်။

"မောင်ဇကေရာဇ်ပြောတဲ့စကားက. လမ်းကြောင်းမှန်ပါ၊ ကိုစိုင်းစီနောင်ခမ်းကလေးတွေရဲ့မင်္ဂလာပွဲကိစ္စကို ကေရာဇ်လူကြီးတွေက သူတို့သတ်မှတ်ထားတဲ့ အသက်ပိုင်းမှာ မင်္ဂလာဆောင်ကြဖို့ ကိုချမှတ်ထားပြီးသားဆိုတော့ ကိုစိုင်းစီနောင်ခမ်းအနေနဲ့ကြီးကြပ်ဆောင်ရွက်ပေးဖို့ပဲရှိတယ်လေ၊ ကျုပ်ခုပြောနေတာအလွှတ်သဘောဟုတ်ပါဘူး၊ ကေရာဇ်မိသားစု ဥပဒေအတိုင်းပြောနေတာပါ"

"ကျုပ်ဘာမှဆက်ပြီးပြောစရာမရှိတော့ဘူး၊ ခင်ဗျားတို့ကြိုက်သလိုစီစဉ်နိုင်တယ်၊ ကေရာဇ်မင်းကိုဘယ်သူတွေသွေးထိုးနေပြီလဲဆိုတာငါကောင်းကောင်းသဘောပေါက်သွားပြီ"

"အန်ကယ်ကျွန်တော်ကအသက်မပြည့်သေးတဲ့ကလေးတစ်ယောက်မဟုတ်ပါဘူး၊ ဖြစ်သင့်တာကို ကျွန်တော်ပြောနေတာ၊ ကယ်၍သက်ဦးသဖင်ဘက်ကကျွန်တော့်ပြောဆိုမှုတွေကိုဆွေးနွေးယ်ဆိုရင် ရပါတယ်၊ သက်ဦးသဖင် မင်းအနေနဲ့ နတ်ဆရာတွေရဲ့ဆုံးအဖြတ်နဲ့စီစဉ်တာကိုလက်ခံချင်တဲ့ဆန္ဒရှိရင် ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"သက်ဘက်ကလက်ခံမယ်ဆိုရင်ကောရောင်ကလက်ခံမှာလား"

"ကျေနုပ်လိုလက်ခံတဲ့သဘောမျိုးတော့မဟုတ်ဘူး၊မိန်းကလေး တစ်ယောက်ရဲ့ဆန္ဒကိုအခွင့်အရေးပေးတဲ့အနေနဲ့တော့ လက်ခံ မယ်"

"နင့်စကားတွေကြားရတာအံ့မခန်းပါလား ကောရောင်...ဒီစကား နဲ့တင် ငါကျေနုပ်ရမှာပါ"

"သက်ဦးသမီးရော ဘယ်လိုဆန္ဒရှိလဲ ဆရာတို့ကိုစောင့်မ မဟုတ်လား"

ဦးစိုင်းစိန်နောင်ခမ်းအနေနှင့်သက်ဦးသဇင်ကိုလေ့ရှိသွေးလို လေသည်၊ သက်ဦးသဇင် စကားမျှစကားသံတိတ်စဉ်းစားပြီးမှ...

"သက်လည်း ကောရောင်ဆန္ဒလိုပဲ"

"ဘာ...ဟာင်"

ဦးစိုင်းစိန်နောင်ခမ်းတို့အားလုံး မျက်နှာပျက်သွားကြသည် သူတို့စီမံထားသော ကြံစည်မှုတွေနှင့် အလွဲကြီးလွဲခဲ့ကြပြီဖြစ် ဒါ့ပေမဲ့မြေခွေးတို့၏ခြေလှမ်းတွေကိုမြင်သွားနိုင်တာကြောင့်ခြေ လုံ့စွာနှင့်...

"ကောင်းပြီလေ...မင်္ဂလာကိစ္စကိုမင်းတို့နှစ်ယောက်ဘယ် စီစဉ်ချင်တယ်ဆိုတာကိုပြောပါ..."



www.burmeseclassic.com

www.burmeseclassic.com



"ကေရာဇ် နှင့်သဘောကိုပြော"

"ငါ့သဘောကအရေးမကြီးပါဘူး၊ နှင်ကမိန်းကလေးဆိုတော့ နှင့်ကိုဦးစားပေးရမှာပေါ့"

"ငါ့သဘောဆိုတာ သေချာလားကေရာဇ်"

"နှင်မယုံကြည်တာတော့မတတ်နိုင်ဘူး သက်ဦးသဇင်"

"နှင့်ဘက်ကအခွင့်အရေးပေးတာကို အထူးကျေးဇူးတင်ပါတယ်"

"ငါ့ဆန္ဒအတိုင်းကတော့ မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ် မလုပ်ချင်ဘူး..."

"ရုံးတက်လက်မှတ်ထိုးပြီး မင်္ဂလာစွမ်းလေးပဲကျွေးချင်တယ်"

"သက်ဦးသဇင် ဘယ်လိုပြောလိုက်တာလဲ၊ လူ့လောကကြီးမှာ ရှိတော့တဲ့ ဘိုးဘွားတွေရဲ့မျက်နှာကို မကြည့်တော့ဘူးလား သမီး"

"သူတို့အတွက် ကောင်းမှုပြုပေးလိုက်တာပေါ့၊ ကေရာဇ် နှင်သဘောတူလား"

"သိပ်ကောင်းတဲ့စိတ်ကူးပဲ၊ ငါ့အနေနဲ့ မင်္ဂလာဆောင်အတွက် ကုန်ကျစရိတ်တချို့ကို မိဘမဲ့ဂေဟာက ကလေးသူငယ်တွေကို ဒါနပြုချင်တယ်၊ ကျန်တာကို ဒို့နှစ်ယောက်တိုင်ပင်ပြီး လိုအပ်တဲ့နေရာတွေမှာ လှူကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောရာဇ်နှင်ငါ့ကိုရွဲနေတာတော့မဟုတ်ပါဘူးနော်"

"ခက်တော့နေပြီ သက်ဦး သခင် နှင်ငါ့အပေါ်မှာ တကယ်ကို ယုံကြည်မှုကင်းနေတာကို၊ ငါထပ်ပြီးတော့ ဘာမှမပြောချင်တော့ဘူး ဟာ"

"ဒီနေ့ဟာ သိမ်ပြီးအုံ့ညြဖို့ကောင်းတဲ့ နေ့တစ်နေ့ပါပဲ ဦးရှိတော် ရကြားလိုက်ရတဲ့စကားတွေဟာ သက်တို့နှစ်ယောက်ရဲ့ဆုံးဖြတ်ချက် တွေပါပဲ"

"မင်းတို့နှစ်ယောက်လုံး ရှုံးသွားကြပြီ၊ အမိပွာယ်မရှိတဲ့မင်္ဂလာ ပွဲကိုမင်းတို့သဘောအတိုင်း လုပ်ချင်သလိုလုပ်နိုင်တယ်၊ တစ်ခုတော့ သတိပေးလိုက်မယ်၊ ကောရာဇ်...ဘိုးဘွားတွေယုံကြည်တဲ့ နတ်ဘုရား တွေရဲ့အပြစ်ဒဏ်ခတ်တာကိုတော့ မင်းတို့ခံရမယ်"

ဦးစိုင်းစိန်နောင်ခမ်း စကားကို ရှုံး ပြုံးလိုက်မိသည်၊ ထိုအတူ သက်ဦးသဇင်လည်း ရှုံးလိုပင်ပြုံးသလိုတော့ရှိနေသည်။

"ငါတို့ပြန်မယ် သက်ဦး"

"သက်ကဘယ်ကိုပြန်ရမှာလဲ"

"ဟိုတယ်ကိုပြန်မယ်၊ ဒီမှာဆက်ပြီးမနေသင့်တော့ဘူး"

"သက်ဒီမှာပဲနေခဲ့မယ် ဦးရိုးတော်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သက်ဦးသဇင် ပြင်းဆိုချက်ကြောင့် ဦးစိုင်းခိနောင်ခမ်းနှင့် ချင်မီဂျက်တို့မျက်နှာများပေါ်တွင် မြေခွေးရုပ်သဏ္ဍာန်တွေ ထင်ဟပ် သလိုဖြစ်သွားကြသည်။ သို့သော်လည်း ကောက်ကျစ်သူတို့၏ ထုံးစံ အတိုင်း ဟန်ဆောင်ကောင်းခြင်းနှင့်....

"သမီးသဘောပဲလေ ကိစ္စအကြောင်းရှိရင် ဦးရီးတော်တို့ကို အဆက်အသွယ်လုပ်လိုက်ပါ"

"ကိုစိုင်းခိနောင်ခမ်း နတ်ဆရာတွေကို မစောင့်တော့ဘူးလား"

"သူတို့ကိုဖုန်းဆက်ပြီး မလာဖို့ပြောလိုက်တော့မယ်"

မကျေနပ်မှုတွေကို ဟန်ဆောင်ပြီး ထွက်သွားကြတော့သည်။ အိမ်ကြီးထဲတွင် ကျန်ရစ်ခဲ့ကြသော ချူးတို့က တော့ စကားသံတိတ်စွာ ...နေစဉ်....

"မမဦး"

"ပြောလေ သက်"

"သက် ခရီးပန်းလာလို့ နားချင်တယ်"

"မမအားလုံး အဆင်သင့်လုပ်ထားပါတယ်၊ အိပ်တွေကိုထား ..."

မနွယ်ရီဦးနှင့် သက်ဦးသဇင် ထွက်သွားတာတောင် ချူးကို ...ဘ်ဆက်ခြင်းတောင် မပြုခဲ့၊ သူ့ရှိနေကြောင်း ပေါ်တွင် သက်ဦးသဇင်၏



www.burmeseclassic.com

www.burmeseclassic.com



အမုန်းတရားတွေက ဘယ်မျှရှိနေသည်ကို စတင်ပြီးတွေ့နေပြီဖြစ် သလို ချူးအတွက် အမုန်း၏တိုက်ခိုက်မှုတွေကို ရင်ဆိုင်ရတော့မှာ ဖြစ်သည်။

'ချူး စိတ်ထဲမှာ ကျေနပ်သလိုခံစားနေမိတာတစ်ခုတော့ရှိ သည်။ ထိုကျေနပ်မှုကတော့ သူနှင့်သက်ဦးသဇင် လက်ထပ်ရမည့် ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ည၏ပုံလွှာအောက်တွင် လရိပ်တို့သည် မြေပြင်ထက်သို့ န်းလျှိုးဝှက်လျှိုးနှင့် ရောက်ရှိနေကြသည်။ ပန်းရနံ့တို့သည် နှင်းဆီ င်းနှင့်သစ်ခွတို့ကြားမှ ဒလညှင်းနှင့်အတူဖြတ်သန်းလိုက်ပါလာကြ သော ရနံ့သင်းသင်းလေးကို ရှူရှိုက်ရင်း မြက်ခင်းစိမ်းထက်ပေါ်ရှိ က်ဦးသဇင်၏အတွေးလိပ်ပြာတို့သည်ပျံလွှင့်နေလေသည်။

သက်ဦးသဇင် ဘဝတစ်လျှောက်တွင် ဇကာရာဇ်၏စရိုက်၊ ဗီဇ ကို စက်ဆုပ်ရွံရှာမုန်းတီးသူ တစ်ဦးဖြစ်ခဲ့သည်။ ဇကာရာဇ်ဆိုတဲ့လူ ည် အတ္တကြီးသူ၊ မောက်မာသူ၊ ဂုဏ်ပကာသနပေါ်မှာ စုံမင်သူ၊



www.burmeseclassic.com

www.burmeseclassic.com



သက်ဦးသဇင်အမုန်းတီးဆုံးကတော့ မိန်းမရှုပ်ပွေမှုပင်ဖြစ်၏။ မိန်း
များကို သူဆော့ကစားစရာ အရုပ်တွေပမာသဘောထားတတ်သူ။

သက်ဦးသဇင်နှင့်မိဘတွေကရိုးရာအစဉ်အလာအတိုင်း ထိ
မြားဖို့ကို ငယ်စဉ်ကလေးဘဝကတည်းက သိထားခဲ့သူဖြစ်တာ
လက်ထပ်ရေးကို သက်ဦးသဇင်တုန်လှုပ်ချောက်ချားခြင်း မရှိခဲ့ပေ
အရွယ်ရောက်၍ နလုံးသားမှ ရင်ခုန်တတ်ချိန်မှာတော့ သက်ဦးသ
အရမ်းကိုချောက်ချားစေခဲ့ရတယ်၊ သက်ဦးသဇင်နှင့် အရာရာဆ
ကျင်ခဲ့သော သူရိန်စကေရာဇ်လို လူတစ်ယောက်ကို ထာဝရအ
အဖြစ်လက်တွဲရေးသည် ဘယ်လိုမှ တွေးယူလို့မရနိုင်သော အခ
အခဲကြီးပင်ဖြစ်နေသော်လည်း သက်ဦးသဇင်ပြင်ဆင်ခွင့်မရှိတော့ချေ

BURMESE CLASSIC .com

သက်ဦးသဇင်နှင့် သူရိန်စကေရာဇ်တို့ အခြေခံကျောင်း
ကျောင်းသားဘဝမှ တက္ကသိုလ်တက်ခဲ့ကြစဉ်ကတည်းကတ
ယောက်နှင့်တစ်ယောက်ဘဝရေးရေးအတွက် စကားတွေကိုပြော
ခြင်းမရှိခဲ့ကြ၊ ကျောင်းတွင်သူ့အပေါင်းအသင်းနှင့်သူ ပေါင်းသင်းခဲ့
ပြီးတစ်ယောက်နှင့်တစ်ယောက်ခပ်စိမ်းစိမ်းပင်နေခဲ့ကြသူတွေဖြစ်

တစ်ဦးနှင့်တစ်ဦး အနီးဆုံးနေရာတွင် နေထိုင်ခဲ့ကြ
လူကြီးမိဘတွေအကြောင်းကိုစွဲရှိမှသာ သက်ဦးသဇင်တို့နှစ်ယော
မျက်နှာချင်းဆိုင်မိကြသည်၊ တခြားအချိန်တွေမှာတော့ ဘာမှမသ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သူတွေလို နေခဲ့ကြ၍ နှစ်ဖက်သောမိဘတွေကတော့ ထိုသို့နေထိုင်မှုကို မကြိုက်နှစ်သက်ကြပေမဲ့ သက်ဦးသဇင်တို့နှစ်ယောက်မှာ လုံးဝပြောင်းလဲခြင်းမရှိခဲ့ကြပါ။ သူမှာနနှင့်သူ ကိုယ့်မှာနနှင့်ကိုယ် နေခဲ့ကြသူဖြစ်၏။ ဒါပေမဲ့ သူရိန်ကျောင်း၏အကျင့်ဆိုးတွေကိုကြား သိနေရတာကြောင့် အလွန်ပင်စိတ်ပျက်မိတာတော့ အမှန်ပင်ဖြစ် သော်လည်း ဘာတစ်ခုမှ ဝင်ရောက်စွက်ဖက်တာမျိုးတော့ မလုပ်ခဲ့ အလိုသူရိန်ကျောင်းနှင့်ပတ်သက်သောကိစ္စတွေကိုလည်းမိဘတွေ ကိုတစ်ခွန်းတစ်ပါဒမှ ပြောဆိုခြင်းမရှိခဲ့၊ သူ့သမိုင်းကံ သူ့ရေး နှဖြင်း တော့တ်လို့း…။

BURMESE CLASSIC

သူရိန်ကျောင်းအတွက်သူဟာစိတ်ဝင်စားဖွယ်ကောင်းသော အလုပ်ပိုင်ရှင်မဟုတ်တော့ပေသရှာသည်။ သူရိန်ကျောင်းဘေးတွင် ကဲ့နေကြသူတွေသည်ရောင်စုံမြူးယံသမှုတွေ၊ ဈေးဆန်သောဝယ်စား င်ယင်မှုတွေဖြစ်ကြပြီး သက်ဦးသဇင်ကတော့ရိုးစင်းစွာနေတတ်သူ စ်ဦး။ တစ်ခါတလေ မိဘတွေက သူ့ကိုနှင့်ဆက်နွယ်နေသော ခမ်းအနားပွဲလမ်းသဘင်တွေကို သူတို့နှစ်ယောက်ကို သွားနိုင်း ည့်အခါမဖြစ်မနေသွားကြရပေမဲ့နှစ်ကိုယ်ယှဉ်တွဲပြီးမသွားခဲ့ကြ၊ အရှေ့ကဆို သက်ဦးသဇင်ကနောက်၊ ဒီလိုပဲသွားခဲ့ကြပြီး ကား တွင်လည်းစကားပြောဆိုခြင်းတစ်ခွန်းတလေလောက်ပဲပြောခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သူတွေအတွက်မင်္ဂလာပွဲကြီးကိုဘယ်လိုဖြတ်ကျော်ရမည်ကိုမသိ...။

သက်ဦးသဖင်အတွက် တကယ့်ကိုမယုံနိုင်စရာ နေ့တစ်နေ့ကို တွေ့လိုက်ရတာ ကြောင့် ကိုယ့်ကိုယ်ကိုယ် အိပ်မက်မက်နေသလိုဖ ထင်လိုက်ရသည်။

သူရိန်ကျော်ဇေယျာမှ စတင်ပြီး နတ်ဆရာတွေ၏ ဝင်ရောက်စွ ဖက်မှုကို ဆန့်ကျင်လိုက်သဖြင့် တကယ့်ကိုအံ့မခန်းပင်ဖြစ်ခဲ့ရသည် သက်ဦးသဖင် သိသလောက်ကတော့ သူရိန်ကျော်ဇေယျာသည် တခြ သောကိစ္စတော်တော်များများကို သူထင်ရာသူစိုင်းနေတတ်ပေမဲ့ ဘိုးဘွားအစဉ်အဆက်ယုံကြည်ကိုးစားခဲ့သော နတ်ဘုရား၊ နတ်ဆရ တွေနဲ့ပတ်သက်ပြီးတော့ ကြောက်ရွံ့တတ်သူဖြစ်၏။ သူရိန် ကျော ငယ်စဉ်က သက်ဦးသဖင်ကိုပြောခဲ့ဖူးသော စကားတစ်ခွန်း ရှိသည် ထိုစကားမှာ....

BURMESE CLASSIC

"ငါ့ကို နတ်ဘုရားတွေက ကယ်တင်ပေးထားတာတဲ့..."

သူရိန်ကျော်ဇေယျာဘာအတွက်ကြောင့် ဒီစကားကိုပြောခဲ့ သည်ကိုတော့ မသိ...၊ သူကိုယ်တိုင် နတ်ဘုရား၊ နတ်ဆရာတွေကို အကြွင်းမဲ့ယုံကြည်သူ တစ်ဦးဆိုတာတော့မမှား...၊ သက်ဦးသဖင် ကိုယ်တိုင် အမှန်အတိုင်းပြောရရင် ရှေးရိုးစွဲအယူအဆတွေကို အ အကြည်ကင်းမဲ့သူဖြစ်သည်။ သက်ဦးသဖင်အတွက်မှုဒ္ဓဘာသာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးပိပိ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိ၊ တရားမှတစ်ပါး ကိုးကွယ်ရာမရှိ၊ သံဃာမှတစ်ပါး ကိုးကွယ်ရာမရှိသူ ဖြစ်သည်။ မိစ္ဆာဝါဒ၊ မိစ္ဆာအယူတွေကို ငယ်စဉ်တည်းက မနှစ်သက်သူပင်ဖြစ်သည်။ ဒါပေမဲ့ မိဘတွေ၏ အစဉ်အလာတွေကို မဆန့်ကျင်ချင်တာမို့ အလိုက်သင့်သာနေပေးခဲ့ပြီး သက်ဦးသဇင်နှလုံးသားတွင် ဗုဒ္ဓဝါဒမှလွဲပြီး ဘာမှမရှိခဲ့သဖြင့် သက်ဦးသဇင်သည် တကယ့်ကိုဗုဒ္ဓဘာသာထေရဝါဒသမားသက်သက်ပင်ဖြစ်သည်။

နတ်ဘုရားတွေအတွက် နတ်ဆရာတွေ၏ယစ်ပူဇော်မှုတွေကိုသက်ဦးသဇင် မသတီတာတော့ကြာပြီဖြစ်သည်။ ထိုအယူဝါဒကြီးကိုအမြစ်ကနေစွဲနှုတ်နေချင်ပေမဲ့ သက်ဦးသဇင် ဘိုးဘွားမိဘတွေ၏ ခြေဖဝါးအောက်ကနေ မလွတ်မြောက်နိုင်သေး၍ ဘာမှမလုပ်နိုင်ခဲ့ပေ။ သခု သူရိန်စကြာရာဇ်နတ်များမှ ပြောစကားကိုကိုယ်တိုင်ကြားလိုက်ရသောကြောင့် အမှန်တကယ်ပင် အင်အားတစ်ရပ်ဖြစ်ပေါ်လာသလို ခံစားမိလိုက်သည်။ စက်နေသည်က သူရိန်စကြာရာဇ်ကို ယုံကြည်လို့တော့မရ ဘာတွေကြံစည်အားထုတ်ပြီး ပြောလိုက်တာလဲ၊ သူကိုယ်တိုင်မိစ္ဆာအယူဝါဒကို စွန့်လွှတ်လိုက်ပြီလားဆိုသည်ကို ဝေခွဲမရ၊ နောက်တစ်ချက် သက်ဦးသဇင်ကိုအံ့အားသင့်စေခဲ့သည်မှာ ပကားတိုကိုခံမင်သော သူရိန်စကြာရာဇ်တစ်ယောက် မင်္ဂလာပွဲကိုရိုးရိုးလေးပြု



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာကိုလက်ခံသဘောတူခဲ့ခြင်းပင်…။

သက်ဦးသဇင်မှတ်မိသလောက်ဆိုလျှင် သူရိန်စကော့ချ်တစ်ယောက် မွေးနေ့ပွဲဖြစ်စေ၊ ပါတီပွဲဖြစ်စေ ဘာမှမဟုတ်သော ပွဲကလေးတွေ တောင်ဂုဏ်ပကာသနတွေနှင့်ပြုလုပ်ခဲ့သူဖြစ်သည်။ ထိုသို့သောလူ တစ်ယောက်က သက်ဦးသဇင်ဘက်မှ တောင်းဆိုလိုက်သော အခေါင်အယောင်မဲ့မင်္ဂလာပွဲကိုငြင်းဆိုခြင်းမရှိသော သဘောမှာ ရိုးသားခြင်းကင်းမဲ့နေသလားဟု သံသယဝင်မိလိုက်၏။

"သူဘာကြောင့်ရုတ်တရက်ပြောင်းလဲခြင်းစကားတွေပြောနေရတာ လဲ၊ သူ့ရဲ့အမှားတွေကို သူသိသွားပြီး နောင်တရသွားတာလား၊ အို မဖြစ်နိုင်ဘူး၊ ဒီလိုလူမျိုးမှာ နောင်တဆိုတာ မရှိနိုင်ဘူး၊ ပြီးတော့သူက မိဘမဲ့ ကလေးသူငယ်တွေတောင်သွားပြီး အလှူဒါနပြုဦးမယ်တဲ့ ကကာယ်ကိုနားကြားကောင်းတဲ့စကားတွေကိုမင်္ဂလာယူပြီး ပြောနေ တာလား မသိဘူး… အင်း စုလိုဖြစ်ရတဲ့နောက်ကွယ်မှာ အကြောင်း တစ်ခုခုရှိနေတာတော့ သေချာနေပြီ… ဘီလူးကမင်းသားယောင် ဘယ်လောက် ဆောင်နိုင်မလဲဆိုတာ ဇာချင်သို့ ဒင်းအိမ်မှာ တမင် ကိုနေခဲ့တာ… ဒင်း ဘယ်လောက်ထိ ပ…နဲ့ဆောင်နိုင် …လဲဆိုတာကို စောင့်ကြည့်ရတာပေါ့"

သက်ဦးသဇင်ရွှမ်းဒဿာ သူ့တွေတဲ့တွင် သူရိန်စကော့ချ်တင်



www.burmeseclassic.com

www.burmeseclassic.com



တော့တ် ဦးစိုင်းစီဖနောင်ခမ်းနှင့် သားဖြစ်သူဂျင်မီဂျက်တို့မိသားစုလည်း ပါဝင်သည်။ သူရိန်စကောရာဇ်ကို ငယ်စဉ်ကတည်းက ခုလိုအကျင့်မျိုး တွေဖြစ်အောင် လုပ်ပေးခဲ့သူတွေပင်ဖြစ်သည်။ ဂျင်မီဂျက်ဆိုတဲ့လူက သက်ဦးသဇင်ပေါ်မှာ မရိုးသားသောဆက်ဆံမှုတွေနှင့် ကြံစည်ခဲ့သူ သည်းဖြစ်သည်။ ဒါကိုသူရိန်စကောရာဇ်သိသိကြီးနှင့်မသိကျိုးကျွန်ပြုခဲ့ သာတွေလည်းရှိခဲ့သည်။ သူနှင့်လက်ထပ်ရမည့် မိန်းကလေးတစ်ဦး ကိုဘာမှမဆိုင်သလို နေခဲ့သောသူရိန်စကောရာဇ်၏ သက်ဦးသဇင်ပေါ် ထွင်ထားခဲ့ဖူသာ ခံစားမှုကိုသဘောပေါက်လိုက်သည်။

ဦးစိုင်းစီဖနောင်ခမ်းနှင့် သူရိန်စကောရာဇ် ထိပ်တိုက်တွေ့ဆုံမှု သည် သက်ဦးသဇင်ဘဝတွင် ပထမဦးဆုံးအကြိမ် တွေ့ရခြင်းပင်ဖြစ် သည်။ သူရိန်စကောရာဇ်တစ်ယောက် ဦးစိုင်းစီဖနောင်ခမ်းနှင့် ဂျင်မီဂျက် တို့၏အရိပ်မဲအောက်မှ လွတ်မြောက်သွားခဲ့ပြီလား…။ ပြဇာတ်တစ်ပုဒ် ကိုကြည့်နေရသလိုဖြစ်နေတော့၏။

"ရှပ်…ရှပ်"

"ဟင်"

မြက်ခင်းစိမ်းပေါ်မှ နင်းလျှောက်လာသော ခြေသံကြောင့် သက်ဦးသဇင်နောက်ကိုလှည့်ပြီးကြည့်လိုက်တော့ သူရိန်စကောရာဇ်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မအိပ်သေးဘူးလား"

"ငါအိပ်တာမအိပ်တာကို နင်ကစိတ်ဝင်စားလို့လား"

"ငါ့ဆီကိုရောက်နေတဲ့ ဧည့်သည်တစ်ယောက်ကို အိမ်ရှင်ဖြစ်သူက ဥပေက္ခာပြုသလိုဖြစ်နေတာမျိုး မဖြစ်စေချင်လို့ပါ"

"ကေရာဇ်နင်လှုရှင်တော်လုပ်ဖို့လေ့ကျင့်နေတာလား"

"ငါ့စကားက မင်းအတွက်ဟာသဖြစ်နေလို့လား၊ သက်ဦးသဇင်"

"သိပ်ဟုတ်တာပေါ့ရှင် သူရိန်ကေရာဇ်ဆိုတဲ့လူတစ်ယောက်ဆီက ဧည့်ဝတ်ကျေပွန်တဲ့စကားဆိုတာကြားရခဲလို့ပါ"

"တစ်ချိန်ကတော့ ဟုတ်ချင်ဟုတ်မယ်၊ အခုတော့မဟုတ်တော့ဘူး"

"နင့်စကားတွေနဲ့ပြောင်းလဲမှုတွေက ပရိယာယ်ထောင်ချောက်တွေတော့မဟုတ်ဘူးလို့ထင်တာပဲဟာ"

"ငါ့ကိုယုံကြည်ဖို့မတောင်းဆိုပါဘူး၊ နင့်ထင်မြင်ချက်အတိုင်းပဲထားလိုက်ပါ"

"တစ်ခုတော့ နင်သိဖို့ပြောလိုက်မယ်၊ ငါဟာ တစ်စုံတစ်ယောက်အတွက် ဟန်ရေးပြနေတာတော့မဟုတ်ဘူး ဆိုတာပဲ နင်နဲ့စကားဆက်ပြီးပြောလို့ရမယ်မထင်တော့ဘူး"

"လူသားအချင်းချင်းကြားမှာ သတ်မှတ်ချက်တွေမရှိရင် ဆက်



www.burmeseclassic.com

www.burmeseclassic.com



ဆံရေးကောင်းမွန်ကြပါတယ်၊ ရန်သူတွေမှ မဟုတ်ဘဲ ကျောရစ်ရယ်"

"သတ်မှတ်ချက်ဆိုတာ ဘာကိုပြောတာလဲ သက်ဦးသဇင်"

"စရိုက်၊ ဗီဇ၊ အတ္တတွေပဲလေ"

"မင်းနဲ့ငါ့ကြားမှာ ဒီလောက်ထိခြားနားနေလို့လား"

"အရင်ကထက်စာရင် နည်းနည်းတော့တူညီလာပါပြီ"

"ငါ့ဘက်က လျှော့သွားတာလား၊ မင်းဘက်က လျှော့သွားလို့တူညီသွားတာလား"

"ငါက ပုံမှန်စီးနေတဲ့မြစ်တစ်စင်းပါ"

"မြစ်တိုင်းမှာ အကွေ့အကောက်တော့ ရှိတတ်ပါတယ်"

"ဒါကတော့ ပုထုဇဉ်တွေပဲ ကျောရစ်ရယ် ချစ်ခြင်း၊ မုန်းခြင်းဆိုတာတော့ ရှိကြမှာပဲ"

"မင်း ငါ့ကိုအရမ်းကိုမုန်းတီးနေမှာပေါ့"

"ဒါကတော့ နင်အမြင်မှားတာပါ၊ နင့်ကိုငါတစ်ခါမှ မမုန်းခဲ့ဘူး"

"ဟင်..."

"ဘာကြောင့်လည်းဆိုတော့ နင့်ကိုငါက တစ်ခါမှ မချစ်ခဲ့ဘူးလေ"

"ချစ်ခြင်းရှိမှ မုန်းခြင်းရှိတယ်လို့ ဆိုလိုတာပေါ့"

"အမှောင်ရှိမှ အလင်းရှိတာ လောကကြီးရဲ့ဓမ္မတာပဲ..."

ကျွန်မနှင့်သူရိန်ကျောရစ်ကြားတွင် စကားများစွာပြောဖြစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သောညဟု ဆိုရတော့မည်။ ကျွန်မစိတ်ထဲတွင် ကိုယ့်ကိုယ်ကိုယ် သံသယဖြစ်စေခဲ့သော အကြောင်းမှာအရင် သူရိန်ကောရာဇ်နှင့် တွေ့ဆုံခဲ့ရှိန်နှင့်မတူဘဲဆက်ဆံနေခြင်းပင်ဖြစ်၏။ သက်ဦးသဇင် အနေနှင့်မတူညီခြင်းများစွာရှိခဲ့သောရင်ခွင်ထဲကိုမကြာခင်ရောက် တော့မယ်ဆိုတာကို သိနေသော်လည်း ဝမ်းနည်းမှုမဖြစ်ပေါ်ခဲ့သော သူ့နှလုံးသားကိုအံ့ဩစေခဲ့သည်။

"သက်ဦးသဇင်"

"နင်ပြောချင်တဲ့စကားကိုပြောပါ"

"ငါနဲ့လက်ထပ်ရမှာကိုနင်နှောင်တရနေလား"

သူရိန်ကောရာဇ်စကားကို ချက်ချင်းပြန်မဖြေသေးပဲ ပြုံးလိုက် မိသည်။

"ငါမေးနေတာကိုဘာလို့မဖြေတာလဲ၊ သက်ဦးသဇင်"

"ကောရာဇ်စကားကငါ့အတွက်ဖြေရာမလိုတဲ့စကားဖြစ်နေလို့"

"ဘာကြောင့်ဖြေစရာမလိုတာလဲ"

"နင်နဲ့ငါ့ကို မိဘတွေက ဟိုးလူမမယ် တလေးဘဝတည်းက စီစဉ်ထားခဲ့တာကိုနင်သိသလို ငါလည်းသိခဲ့တာပဲ၊ နင်ငြင်းပိုင်ခွင့်မ သလို ငါလည်းငြင်းပိုင်ခွင့်မရှိဘူးလေ၊ ဒီအတွက် နှောင်တရတာ စကားလုံးသုံးစရာတောင်မလိုဘူး"

"ခုမိဘတွေမှမရှိတော့တာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောရာဇ်နင်ငါ့ကိုငြင်းခိုင်းနေတာလား၊ ဒါမှမဟုတ် ကောရာဇ် သားစုပိုင်ဥစ္စာအမွေတွေကို နင်တစ်ဦးတည်းပိုင်ချင်လို့ ဒီစကားကို ပြောတာလား ကောရာဇ်"

"ဒီဥစ္စာဓနတွေက နင့်ဘဝထက်ပိုပြီးအရေးပါနေတယ်ပေါ့"

"နင်ပြောတဲ့စကား မှန်တော့မှန်တယ်၊ ဒါပေမဲ့ ပြည့်ပြည့် ဝဝတော့မဟုတ်ဘူး။ ငါ့ရဲ့ချမ်းသာခြင်းတွေဟာ ငါ့ဘဝတစ်ခုတည်း အတွက်မဟုတ်ဘူး။ ဒီစကားလုံးတွေပြောတော့ နင်ခံစားပေးနိုင်မှာ မဟုတ်ဘူး"

"နင်မြန်မာစကားပြောမှာမဟုတ်ဘူးလား"

"မြန်မာစကားကိုမြန်မာတွေနားမလည်ကြတာအများကြီးရှိ တယ်၊ ဒီထဲမှာ နင်လည်းပါနိုင်တယ်"

သက်ဦးသဇင်စကားကို ခပ်ရွှဲ့ရွှဲ့လေးပြောလိုက်တာကို သူရိန်ကောရာဇ်မျက်နှာတွင် ဒေါသရိပ်မရှိဘဲပြုံးနေတာကြောင့် အရင် သူရိန်ကောရာဇ်နှင့် လုံးလုံးခြားနားသောမျက်နှာကိုမြင်တွေ့လိုက်ရသ ဖြင့်၊ အရင်သူရိန်ကောရာဇ်မှာ ရလိုသူ့အပေါ်စကားလုံးလေးများ တင် ထားတာနဲ့ မျက်နှာတစ်ခုလုံးနီမြန်းပြီး ဒေါသတွေကိုတွေ့မြင်ရတတ် သည်။

သက်ဦးသဇင်(၅)တန်းကျောင်းသူဘဝတုန်းက သူရိန်ကောရာဇ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် စကားနိုင်လုကြရင်း စကားလုံးတစ်လုံး သူ့အပေါ်တင်စီးသလို ဖြစ်သွားဘူးသည်။ ဒီတုန်းက သက်ဦးသဇင်မှာ ကျားဆိုးတစ်ကောင် လိုအကြည့်တွေ ဒေါသတွေနှင့် ရင်ဆိုင်ခဲ့ဘူးသည်။ ဒီကတည်းက သူ့ရိုန်ကျောရာဇ်နှင့် စကားပြောဆိုမှုကို သတိနှင့်ပြောပြီး မဖြစ်မနေ ပြောရမည့်ကိစ္စရှိမှသာပြောဖြစ်တော့သည်။ ယခုကျတော့သက်ဦးသဇင် စကားတင်စီးမှုပေါ်တွင် သူ့ရိုန်ကျောရာဇ်ဘာမှမဖြစ်သလိုပင်တွေ့နေရ တာမို့ စဉ်းစားရပင်ကျပ်သွားတော့သည်။

"မင်းက ကိုယ့်ကိုယ်ကိုယ်အရမ်းကိုအထင်ကြီးနေတာပဲ၊ ပြော ကြည့်ပါဦး"

"နင်သိပ်ပြီးနားထောင်ချင်နေရင်တော့ ပြောပြတာပေါ့၊ အပြင် မှာ ရှမ်းစိမ့်စိမ့်လေးနော်ရနေကော်ဇီပူပူလေးတစ်ခွက်လောက်သောက် ရရင်သိပ်ပြီးကောင်းမှာပဲ ကျောရာဇ်နင်ရောမသောက်ချင်ဘူးလား"

"ညည်းသည်ရဲ့တောင်းဆိုမှုကို အိမ်ရှင်က ဖြည့်ဆည်းပေးရမှာ ပေါ့ဟာ ကောလေးစောင့်"

သက်ဦးသဇင်အတွက်မယုံနိုင်စရာမြင်ကွင်းတွေကိုတွေ့နေရ သလိုဖြစ်နေပါပြီ...။

"သူ့ရိုန်ကျောရာဇ်နင်ဘာကြောင့်ရုလိုပြောင်းလဲနေတာလဲ၊ ငါ ကိုယ်တိုင်မယုံကြည်နိုင်တာတွေကို နင်လုပ်ပြနေပါလား...။ ဒါဟာ ရိုး



www.burmeseclassic.com

www.burmeseclassic.com



သားခြင်းကြောင့်ပဲဖြစ်ပါ့စေလို့ ဆုတောင်းပါတယ်၊ ဒါပေမဲ့ ငါ့ဘဝ တစ်လျှောက်လုံးအတွက် ယုံကြည်နိုင်တဲ့ခွန်အားမရှိသေးတာတော့ သေချာပါတယ်"

သူရိန်ကေရာဇ်ထွက်သွားပြီး သိပ်မကြာ၊ ကော်ဖီခွက်လေးနှစ်ခွက်ကိုင်ပြီးပြန်ရောက်လာသည်။

"နင့်အတွက် အတတ်နိုင်ဆုံးဖျော်လာတာ ကြိုက်မကြိုက်တော့မသိဘူး"

"မကောင်းလည်းကောင်းရမှာပဲပေါ့ဟာ..."

မြက်ခင်းစိမ်းပေါ်တွင်ညစ်ရင်ငွေ့ကိုခိုလှုံကြရင်း ကော်ဖီအတူတူသောက်ဖြစ်လိုက်ခဲ့ကြသည်။ ထိုအဖြစ်အပျက်သည် သက်ဦးသဇင်နှင့် သူရိန်ကေရာဇ်တို့၏ ဘဝသက်တမ်းတစ်လျှောက် ပထမဦးဆုံးအကြိမ်ပင် သက်ဦးသဇင် ထိုညလေးကို တိတ်ဆိတ်စွာကြည်နူးနေတာတော့အမှန်၊ သက်ဦးသဇင်၏ ကြည်နူးခြင်းသည် မြက်ခင်းစိမ်းပေါ်မှာကော်ဖီသောက်ခြင်းလား သို့မဟုတ် သူရိန်ကေရာဇ်၏ ပြောင်းလဲမှုကြောင့်လားဆိုတာကိုပင် ဝေခွဲ၍မရတာတော့အမှန်...။

"မင်းပြောမယ့်မြန်မာစကားကိုပြောလို့ရပြီလား"

"ငါ့စကားလေးက ရိုးစင်းပါတယ် ကေရာဇ်...၊ ငါ့ရဲ့ချမ်းသာကြွယ်ဝမှုတွေဟာ ငါတစ်ယောက်တည်းအတွက်မဟုတ်ဘဲ ငါ့သား



www.burmeseclassic.com

www.burmeseclassic.com



တွေအတွက်ကောင်းကျိုးတစ်ခုကိုပြုနိုင်ဖို့ပဲလေ...၊ ဘယ်လိုလဲနင်း ဆန့်ကျင်ဘက်ကြီးဖြစ်သွားပြီမဟုတ်လား"

"လူ့ဘဝဟာ ခဏတာလေးပါသက်ဦးသဇင်၊ ဘဝတိုတိုလေး မှာကိုယ်ဘာတွေလုပ်ခဲ့သလဲဆိုတာကို ကျန်ရစ်ခဲ့မယ့်သမိုင်းပေါ်မှာ စာတန်းလေးကျန်ရစ်ခဲ့မယ်ဆိုရင်တောင် ကျေနပ်စရာကောင်းပါ တယ်၊ နင့်လိုစိတ်ဓာတ်လေးဖြစ်အောင်ကြိုးစားကြည့်ရဦးမယ်"

"ငါ့သာဓုခေါ်ချင်ပါတယ်၊ ဒါပေမဲ့ဟာ"

"နင့်ဒါပေမဲ့ကိုနင်တစ်နေ့သဘောပေါက်စေရမှာပါသက်ဦးသဇင်"

"အင်း ကော်ဖီညနဲ့ ဆောင်းဦးမြက်ခင်းစိမ်းပေါ်မှာ နင့်စကား တွေကိုအမှတ်ရနေမှာပါဟာ"

တိမ်လွှာဖုံးသွားသော လမင်းကြီးကိုပြိုင်တူမော့ကြည့်ရင်း...

"အိပ်ချိန်တန်ပြီထင်တယ်"

"အင်း"

မြက်ခင်းစိမ်းပေါ်မှ အတူတူထခဲ့ကြပြီး အိမ်ကြီးဘက်သို့ လျှောက်လာခဲ့ကြရင်းနှင့်...။

"ကေရာဇ်"

"သက်ဦးသဇင်"

"နင်မင်္ဂလာပွဲကိစ္စနဲ့ပတ်သက်ပြီးပြင်ဆင်ချင်တဲ့ ...ရှိရင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



နော်"

"ပကာသနဆိုတာ တကယ်တော့ ဘာမှမဟုတ်တဲ့ဟန်ဆောင်မှုကြီးတစ်ခုပါဟာ..."

"အဲ....."

သက်ဦးသဇင်ပါးစပ်ကလေးပင်ဟသွားတဲ့အထိကြားလိုက်ရသောစကားလုံးမှာ သူ့နားကိုပင်မယုံနိုင်အောင်ဖြစ်သွားခဲ့ရသည်။ တမ္ဘာကြီးမှာယွင်းစွာလည်ပတ်နေပြီလားပင်မသိတော့...။

"ဗွတ်နိုက်သက်ဦးသဇင်"

"တကယ်ကိုမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ညပါကောရောဇ်"

ဆောင်းနှင်းစက်သံတွေနှင့် ရောယှက်ပြီး နှစ်ဦးသားမျက်နှာတွင် အပြုံးပွင့်ပန်းလေးတွေ၊ ဝေဆာစွာပွင့်ခဲ့သောည....၊ သူတို့ နှစ်ယောက်ကို နောက်ကွယ်မှကြည့်နေသူကတော့ မနွယ်ရှိဦးပင် ဖြစ်သည်။ သူ့ရင်ထဲတွင် ကျေနပ်ခြင်းများစွာနှင့်...။

"မမအတွက် လမင်းကြီးသာခဲ့ရပါပြီကွယ်..."



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

"မမောင်...မမောင်"

"ဟင်..."

ချုံနှင်းဆီခင်းတွင်မနက်အစောကြီးထပြီးရေလောင်းနေရှိ
မနွယ်ရီဦး အပြေးကလေးရောက်လာပြီး ခေါ်လိုက်ခြင်းကြောင့်
အလုပ်သမားလေးကဲ့ချုန်ကိုလှမ်းပြီးရေပိုက်ကိုပေးလိုက်သည်။

"မမ ဘာဖြစ်လို့လဲ"

"ဂျုံစက်ရုံမှာပြဿနာတွေတက်နေကြပြီမမောင်"

"ဘာတွေဘယ်လိုဖြစ်တယ်ဆိုတာတော့ မမမသိဘူး။ စက်
မှူးဦးချစ်တင်လှမ်းပြီး ဖုန်းဆက်ပြောတာတော့ စက်ရုံဒုပ်သမား



www.burmeseclassic.com

www.burmeseclassic.com



ွဆန္ဒပြနေကြပြီတဲ့"

"ဗျာ"

"မင်းဘာယ်လိုလုပ်မလဲမမောင်"

"ကျွန်တော်ဇာက်ရုံကိုလိုက်သွားမှဖြစ်မယ်"

"အေး...အေး..ဒါဆိုအဝတ်အစားသွားပြီးလဲလိုက်"

"ဟုတ်ကဲ့"

ချူး အိမ်ဘက်သို့ ခပ်သွက်သွက်လေးသွားပြီး အဝတ်အစား တာ အောက်ကို ပြန်ပြီးဆင်းလာချိန်တွင် သက်ဦးသဇင်ကို အိမ် ပေါက်ဝတွင်တွေ့လိုက်ရသည်။

"စကားရာဇ်နင်နဲ့အတူငါပါလိုက်မယ်"

"ငါစက်ရုံကိုသွားရမှာနော်"

"ငါအားလုံးကိုကြားပါတယ်"

"ဒါဆိုလိုက်ခဲ့လေ....သွားကြမယ်"

ချူး ကားနားကိုရောက်တော့မန္တယ်ရီဦးရောက်လာပြီး....၊

"မမောင် ဖြေရှင်းနိုင်အောင်ကြိုးစားပါ"

"စိတ်ချပါမမ"

ချူးကိုစိုးရိမ်သောမျက်နှာလေးဖြင့်ကြည့်ရင်းမန္တယ်ရီဦး ကျန် ခဲ့တော့သည်။ ချူး ကားမောင်းထွက်လာရင်း သူဖြေရှင်းရမည့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတွေစဉ်းစားနေမိ၏။

"ကေရာဇ်"

ချူး... သက်ဦးသဇင်ခေါ်လိုက်တာကို အသံနှင့်မထူးဘဲ သက်ဦးသဇင်မျက်နှာကိုပဲကြည့်မိလိုက်သည်။

"ခုကိစ္စ အလုပ်သမားလူတန်းစားနဲ့ အလုပ်ရှင်တွေရဲ့တိုက်ပွဲ တစ်ခုပဲ၊ ငါ့အမြင်ပြောရရင်အလုပ်သမားဘဝတွေပေါ်မှာ အလုပ်ရှင် တွေရဲ့စာနာမှုကင်းမဲ့တဲ့ နိုင်းစေမှုကြောင့် ဖြစ်ပေါ်စေတဲ့ တောင်းဆိုမှု တစ်ခုပေါ်မှာ ကေရာဇ်ဘယ်လိုဆုံးဖြတ်မလဲ..."

"ငါ့ရဲ့အားနည်းချက်တွေကြောင့် ခုလိုအခြေအနေထိဖြစ်သွား ခဲ့ရတာပါ၊ ငါ့မှာတာဝန်အများကြီးရှိတယ်၊ အရှင်းဆုံးပြောရရင် ငါတို့ အလုပ်ရှင်တွေ ဆုံးရှုံးမှုဟာ ထမင်းငတ်တဲ့အထိမဖြစ်နိုင်ပါဘူး၊ အလုပ် သမားဘဝတွေအတွက် အရမ်းကိုနစ်နာစေတာ အမှန်ပါပဲ"

"အလုပ်သမားတွေရဲ့တောင်းဆိုမှုတွေကိုလိုက်လျောမယ်လို့ ဆိုလိုတာလား"

"အလုပ်သမားတစ်ဦးအတွက် ရသင့်ရထိုက်တဲ့ အခွင့်အရေး တော့ရရမှာပေါ့၊ ဒီပြင်စက်ရုံမှာဘာလိုအပ်ချက်တွေရှိနေသလဲဒါတွေ ကိုတော့ပြုပြင်ပြောင်းလဲရတော့မယ်"

"နင်က ကျော်ဇောမြင့်မောင်ကို ယုံကြည့်ခဲ့တာပဲ အင်းလေ



www.burmeseclassic.com

www.burmeseclassic.com



နင်တို့ကြားမှာ ငါကစွက်ဖက်လို့မကောင်းပါဘူး"

"သက်ဦးသဇင်"

"ပြော"

"စကရာဇ်စက်ရုံကြီးဟာ ငါတစ်ယောက်တည်း သက်ဆိုင်တဲ့ စက်ရုံမဟုတ်တော့ဘူးဆိုတာ တော့ နင်သိဖို့သင့်နေပြီ"

"ငါ့ဆက်နွယ်ပတ်သက်မှုကို သဘောပေါက်ပါတယ် စကရာဇ် ဒါပေမဲ့ တရားဝင်လမ်းကြောင်းပေါ်ကို ငါမရောက်သေးဘူးလေ"

သက်ဦးသဇင် ဆိုလိုသောစကားကို ချူးကောင်းစွာသဘော ပေါက်လိုက်သည်။ ချူး နှင့် သက်ဦးသဇင်ကို တရားဝင်ဇနီးမောင်နှံ အဝကိုမရောက်ကြသေးဘူးဆိုတာပင်။

"ငါ့အတွက် အကြံဉာဏ်ကောင်းတော့ ပေးလို့ရပါတယ်"

"နင့်ဘက်ကခွင့်ပြုရင်တော့ ဉာဏ်စွမ်းရှိသလောက် ကူညီမှာ ပါ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ငါက အလုပ်ရှင်နဲ့အလုပ်သမားကြား မှာ အလုပ်သမားဘက်က အလေးပိုပြီး သာတယ်နော်"

"တရားမျှတဖို့ပဲလိုပါတယ်၊ အခွင့်အရေးတစ်ခုကိုလိုအပ်တာ ဆက်ပိုပြီး ဘောင်ကျော်ပြီး ရယူချင်လို့မရနိုင်ပါဘူး"

"စကရာဇ် နင့်ကိုပထမဦးဆုံးအကြံပြုချင်တာက စက်စွက် ဆိုင်တွယ်တဲ့အခါ နင်လုပ်ပိုင်ခွင့် အပြည့်သုံးပါ"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ရှင်ရဲ့အာဏာပေါ့"

"သိပ်ပြီးဟုတ်တာပေါ့"

စက်မှုဖုံထဲကို ချူးကားလေးမောင်းဝင်လာခဲ့သည်နှင့် စက်မှုဖုံလမ်းမပေါ်တွင် သတင်းသမားတွေ၊ ဂျာနယ်လစ်တွေနှင့် တခြားအဖွဲ့အစည်းမှသူတွေကိုတွေ့မြင်နေရသည်။ ထိုအမြင် ဆန္ဒပြပွဲကိုစိတ်ဝင်စားလို့လာပြီးကြည့်နေကြသူတွေကြောင့် စက်မှုဖုံလမ်းမပေါ်တွင် ရှုပ်ထွေးနေတော့သည်။

ချူးတို့ကားလေး ကောရာဇ်စက်ရုံကြီးရှေ့နားကိုရောက်တော့ လက်ကိုင်ဆိုင်းဘုတ်တွေ၊ စာတန်းတွေကိုကိုင်ဆောင်ပြီး ဆန္ဒပြနေကြသော အလုပ်သမား (၁၀၀) ကျော်ကိုတွေ့မြင်နေရသည်။ ချူး ဆိုင်းဘုတ်မှစာတွေကိုအရင်ဆုံးဖော်လိုက်သည်။

"အလုပ်သမားအခွင့်အရေးကိုအပြည့်အဝ တိုးပေးရေး"

"အလုပ်သမားတို့၏နစ်နာဆုံးရှုံးမှုကိုဖြေရှင်းပေးရေး"

"အလုပ်သမားသမဂ္ဂဖွဲ့ခွင့်ပေးရေး"

အလုပ်သမားတို့၏ တောင်းဆိုမှုစာတန်းတွေကိုချူးက ဇတ်သလိုသက်ဦးသဇင်မှ သူ၏ဖုန်းကင်မရာလေးဖြင့် ရိုက်ယူနေသည်။

"သူ့ဒွေးလာပြီ"

စက်ရုံတံခါးမကြီးမှ လုံခြုံရေးဝန်ထမ်းမှ လှမ်းပြီးအော်ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာကြောင့် သတင်းသမားတွေ၊ ဂျာနယ်လစ်တွေ၊ ချူးကားဆီကို အပြေးအလွှားရောက်လာကြသည်။ ချူး ကားပေါ်မှ မဆင်းရခင် ကားဘေးတွင်ပိတ်ဆို့သွားသဖြင့်

"ခင်ဗျားတို့လူလိုနားမလည်ဘူးလား၊ ကားပေါ်ကနေ ဘယ်လို ဆင်းမလဲ...ဖယ်ဦးလေဗျာ"

ကျော်ဇောမြင့်မောင် တပည့် (၃)ယောက် အပြေးအလွှား ရောက်လာပြီး သတင်းသမားတွေကို တွန်းဖယ်နေကြသည်။ ချူးကား ပေါ်မှဆင်းပြီး သတင်းသမားတွေဘက်သို့လှည့်ကြည့်ပြီး

"ကျွန်တော်က ကေရာဇ်ဂျူးစက်ရုံပိုင်ရှင် သူရိန်ကေရာဇ်ပါ၊ ခု ဖြစ်ပေါ်နေတဲ့ကိစ္စတွေကို အကောင်းဆုံးဖြစ်အောင် ဖြေရှင်းပေးမှာပါ၊ ဒီလောက်ပဲပြောနိုင်သေးလို့ ဒီလောက်ပဲ သိထားကြပါ၊ ခွင့်ပြုပါဦး"

သတင်းသမားတွေ၊ ဂျာနယ်လစ်သမားတွေကြားမှ ချူးနှင့် သက်ဦးသဇင်တို့ ထွက်ခဲ့ပြီး စက်ရုံရုံးခန်းဆီသို့တက်ခဲ့ကြသည်။ စက်ရုံအစည်းအဝေးခန်းမသို့ရောက်တော့ ကျော်ဇောမြင့်မောင်နှင့် စက်ရုံမှူး၊ ဂိုဒေါင်မှူး၊ လုံခြုံရေးမှူးနှင့် တခြားသောတာဝန်ရှိသူတွေ ကိုတွေ့လိုက်ရသည်။

"ကေရာဇ်...လာကွာ"

ချူး...အစည်းအဝေးခန်းမထဲသို့ မဝင်ခင် တစ်ခုသောပြုမိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာတစ်ချက်ကတော့အစည်းအဝေးခန်းမတွင်ရှိနေကြသူများ မှာ ချူးကိုသိပ်ပြီး အရေးမပါသလို ဂရုမစိုက်ကြသည်ကို တွေ့နေ သည်မို့ စက်ရုံကြီးပေါ်မှာ ကျော်ဇောမြင့်မောင်၏ ချုပ်ကိုင်မှုသြဇာ ကြီးမားနေတာကိုတွေ့လိုက်ရပြီဖြစ်သည်။ ဒါဟာ သူ့ရှိန်ဇကရာစ်၏ အကြီးမားဆုံးအမှားပင်ဖြစ်သည်။ ချူးအဖို့တွက် စံပြင်းစရာကောင်း သောကိစ္စပင်။ အစည်းအဝေးခန်းမရှိဥက္ကဋ္ဌထိုင်ခုံတွင် ဝင်ထိုင်လိုက် ပြီး သူ့ဘေးတွင် သက်ဦးသဇင် မတ်တတ်ရပ်လျက်၊ ချူး အစည်း အဝေးခန်းမထဲမှ လူအားလုံးမျက်နှာကို မျက်ထောင့်နီကြီးဖြင့် ကြည့်လိုက်ပြီး...။

"ကျုပ်ဘယ်သူဆိုတာကိုတော့ ခင်ဗျားတို့သိကြမယ်ထင်ပါ တယ်"

"သိပါတယ်"

တုံ့ပြန်သောအသံတွေမှာ မခန့်လေးစားဖြစ်နေ၍.....

"မသိတဲ့သူရှိရင် ထပ်ပြီးပြောလိုက်မယ်၊ ဇကရာစ်ကျူစက်ရုံကြီး ကိုတစ်ဦးတည်းပိုင်တဲ့သူ့ရှိန်ဇကရာစ်ဆိုတာကျုပ်ပဲ၊ ကျော်ဇောမြင့်မောင် ဆိုတာ ကျုပ်ကိုယ်စား စက်ရုံကြီးကိုလုပ်ကိုင်...နေ...ဝန်ထမ်းတစ် ယောက်ပဲ"

"ဟာ...ဟင်...ဟိုက်"



www.burmeseclassic.com

www.burmeseclassic.com



ချူး၏စကားသံထဲတွင် ဒေါသသံပါဝင်နေတာကြောင့်ရယ် ကျော်ဇောမြင့်မောင်နှင့်ပတ်သက်ပြီး ပြောလိုက်သောစကားကြောင့် ဝိုင်းနေကြသူအားလုံး လှုပ်ရှားသွားကြသလို ကျော်ဇောမြင့်မောင် သည်းမျက်နှာပျက်သွားသည်။

"စက်ရုံအတွက်အရေးကြီးနေတဲ့ပြဿနာကို ကျုပ်ကိုဘာလို့ အသိမပေးတာလဲ"

"ကောရာဇ် ရက်စွကာ သိပ်ပြီးကြီးကျယ်တာမှ မဟုတ်တာ၊ ငါတို့ ရှင်းလို့ရမယ်ဆိုတာသိလို့ မင်းကိုအသိမပေးတာ"

"ဘာကွ…ရက်စွကာဘာမှမဟုတ်တဲ့ပြဿနာ ဟုတ်လား"

"ဟုတ်တယ် သူတို့ဘယ်လောက်ပဲတောင်းဆိုဆို ကိုယ့်ဘက် ကမလိုက်လျောရင်စက်ရုံကိုဝင်ပြီး မီးရှို့လို့ရတဲ့ကိစ္စမဟုတ်ဘူး၊ သူတို့ ဘက်က အကြမ်းဖက်ဖို့ပြင်ဆင်ရင်တောင်မပူရဘူး၊ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတွေကို အကြောင်းကြားဖို့တောင် စီစဉ်နေပြီ အလကားသက်သက်လှုပ်ရှားတာ ဦးဖော်နိုင်"

"ပြောပါမန်နေဂျာချုပ်"

"သက်ဆိုင်ရာလုံခြုံရေးဌာနကိုအကြောင်းကြားလိုက်၊ အလုပ် သမားတွေအကြမ်းဖက်မယ့်အခြေအနေကိုကြိုတင်ထိန်းသိမ်းဖို့ ပြောလိုက်…အောင်မြင့်မင်းက လုံခြုံရေးတပ်ဖွဲ့တွေလာရင်စားသောက်

www.burmeseclassic.com



ရေးကိုမြင်ဆင်ထား…"

ကျော်ဇောမြင့်မောင်သူသဘောနှင့်သူ ခိုင်းစေနေတာကြေ

"ဘယ်သူမှဘာမှမလုပ်ရဘူး"

"ဟာ…ဟင်…ဟာ…"

"ကျုပ်မခိုင်းပဲလုပ်ကိုင်တာတွေကိုတာဝန်ယူရဲရင်လုပ်လို့

လေ"

ရှူး အော်ပြီး ပြောလိုက်တာမို့ ကျော်ဇောမြင့်မောင် ကေ

နားကိုကပ်ပြီး….

"ကေရာဇ်ငါစီစဉ်နေတာကွ"

"ကျော်ဇောမြင့်မောင်ဒီနေရာမှာမင်းလုပ်ပိုင်ခွင့်ဘာမှမရှိဘူ

"ကေရာဇ်…မင်း…မင်း…ကွာ"

"ကျန်တဲ့သူတွေရော ခင်ဗျားတို့ခေါင်းထဲမှာ မြဲမြဲမှတ်ထာ

ကျုပ်ဆီကခွင့်ပြုချက်မရဘဲ ဘာမှလုပ်ပိုင်ခွင့်ရော ပြောပိုင်ခွင့်ရေ

မရှိဘူး…၊ အလုပ်သမားတွေကလူပါးဝတာမဟုတ်ဘူး၊ လူပါးဝနေတ

ခင်ဗျားတို့၊ အရင်တုန်းက သူရိန်ကေရာဇ်ဆိုတဲ့ လူကိုဆက်ဆံသ

မျိုး ခုချိန်မှာဆက်ဆံလို့မရဘူးဆိုတာလည်း သိထား ဦး၊ ခုအခ

ကအားလုံးထွက်သွား ကျုပ်ခေါ်မှလာ…"

"ကေရာဇ်ဒါဘာသဘောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမြင်တဲ့ကြားတဲ့အတိုင်းပဲ ကျော်ဇောမြင့်မောင်၊ မင်းကို ငါကယုံယုံကြည်ကြည်နဲ့ စက်ရုံကြီးကို အပ်ခဲ့တာ မင်းကအားလုံး အလွဲသုံးစားလုပ်ပစ်တယ်၊ ပိုင်ရှင်ကိုတောင် အလုပ်သမားက မခန့် လေးစားနဲ့ ဂရုမစိုက်သလိုလုပ်တာကိုကြည့်တာနဲ့မင်းငါ့ကို ဘယ်လို နေရာ ကိုပို့ထားတယ်ဆိုတာ သိနေတယ်ကွ"

"ငါတောင်းပန်ပါတယ်ကွာ"

"စိတ်မကောင်းဘူးကျော်ဇောမြင့်မောင် ခုပြဿနာမှာမင်းတို့ အားလုံးဘာတွေလုပ်ခဲ့သလဲဆိုတာပါဖော်ထုတ်ရမှာ၊ မင်းအပြင်မှာ သွားပြီးနေလို့ရတယ်၊ အလုပ်သမားတွေကိစ္စကို ငါတိုက်ရိုက်ကိုင် တွယ်မယ်"

"ကောင်းပြီလေ၊ မင်းကသွားဆိုတော့လည်းသွားရတာပေါ့၊ တစ်ခုတော့မင်းသိထားပါ ကေရာဇ် တံငါသည်လုပ်မယ်ဆို ငါး အစကြောင်းတော့နားလည်"

"အေးမင်းလည်းသိသင့်တာလေးကို သိသွားဦး ကေရာဇ်ဆို တဲ့ကောင့်က တံငါသည်မဟုတ်ဘူး ငါးတွေအတွက်ပင်လယ်သမုဒ္ဒရာ ကြီးဆိုတာပဲ"

ကျော်ဇောမြင့်မောင်မကျေနပ်ခြင်းများစွာနှင့်အစည်းအဝေး ခန်းမထဲမှ ထွက်သွားသည်၊ သက်ဦးသဖင် ချူးဘေးရုံးဝယ်င်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး—

"နင်ဘာကိုစပြီးကိုင်တွယ်မလဲ"

"ဒီစက်ရုံမှာ ဖိုးအတွက်စိတ်ချရမယ့်သူကို အရင်ရွေးချယ်ရမယ်"

"မမဦးဆီကိုအရင်ဖုန်းဆက်ပြီးမေးပါလား"

"သက်ဦးသဖင့်က ဘာလို့မမကိုမေးနိုင်းရတာလဲ"

"မမဦးဟာ ကောရာဇ်လုပ်ကိုင်မှု ကိစ္စနောက်ကွယ်မှာ ရပ်ပေးထားတဲ့လူတစ်ယောက်ဆိုတာ မသိဘူးထင်တယ်"

"ဟုတ်တယ် ငါဘာမှမသိခဲ့ဘူး"

ရှူးသည့်ဟန်ဖုန်းဖြင့်မနွယ်နီဦးဆီကိုဖုန်းလှမ်းပြီးဆက်လိုက်သည်။

"ကောရာဇ်မမဦးကဘာပြောလဲ"

"စက်ကြီးစပြီးတည်ကတည်းက လုပ်ကိုင်ခဲ့တဲ့လူ(၃)ယောက်ရှိတယ်၊ ဦးလေးမောင်၊ ဦးချို၊ ကိုအောင်သန်းမြင့်တို့နဲ့ လုပ်ကိုင်ပါတဲ့"

"သူတို့ဆီကိုသွားတွေ့မှာလား၊ ခေါ်နိုင်းမလား"

"ခေါ်နိုင်းလိုက်မယ်"

ချူး...အပြင်မှာထိုင်နေကြသော သူတွေထဲမှ မျိုးသန်းဆီကိုပေါ်လက်ထောက်စက်ရုံမှူးကိုခေါ်လိုက်ပြီး...

"ဦးလေးမောင်၊ ဦးချိုနဲ့ ကိုအောင်သန်းမြင့်တို့ကို ကျူပ်ရုံးခန်း

www.burmeseclassic.com



တိုလာခိုင်းလိုက်"

"ခု...ဒီမှာကိုအောင်သန်းမြင့်တစ်ယောက်ပဲရှိတော့တယ်"

"ဘာ"

ကျော်ဇောမြင့်မောင် စက်ရုံတွင်သူထင်တိုင်းကြဲနေတာကို တိတိလင်းလင်းကြီးကိုတွေ့နေရပြီဖြစ်သည်။

"ကဲ...ကိုအောင်သန်းမြင့်ကိုပဲလွှတ်လိုက်ကွာ"

"ဟုတ်ကဲ့"

စက်ရုံရုံးခန်းတွင်စိတ်မောလူမောနှင့်ရှူထိုးမိနေစဉ်...သက်ဦးသဇင် ကော်ဖီဖျော်နေလေသည်။ပြီးတော့မှကော်ဖီတစ်ခွက်ကို ရှူးရှေ့တွင် ချပေးပြီး....။

"ကေရာဇ်နဲ့အလုပ်သမားပြဿနာမှာ အဓိကတရားခံဟာ ကျော်ဇောမြင့်မောင်တို့အုပ်စုပဲ"

"ငါသဘောပေါက်တယ်...ပထမပိုင်းအလုပ်သမားပြဿနာ ဖြေရှင်းပြီးတာနဲ့ သူတို့ကိစ္စကိုတစ်ဆက်တည်းကိုင်တွယ်သွားမယ်၊ သက်ဦးသဇင်"

"နင့်ချိုးယွင်းချက်ကိုနင်သဘောပေါက်လိုက်ပြီထင်တယ်"

"ကောင်းကောင်းကြီးကိုသဘောပေါက်လိုက်တဲ့ပွဲပဲ"

"သူ့ဌေး...ကိုအောင်သန်းမြင့်ရောက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းမင်းတို့အပြင်မှာနေကြပါ၊ ကိုအောင်သန်းမြင့်ထိုင်ရ

"ဟုတ်တဲ့ကျွန်တော့်ကိုခေါ်ရတာ ကိစ္စများရှိလို့လား"

"ခင်ဗျာကိုအပွင့်လင်းဆုံးပဲပြောမယ်ဗျာ၊ ကောရာဇ်စက်ရုံ

နဲ့ပတ်သက်ပြီး စိတ်ချယုံကြည်ရတဲ့လူတွေ ကျွန်တော့်အတွက်အ

ကိုလိုအပ်နေပါတယ်"

"သူဌေးအတွက်ကျွန်တော်ဟာ ယုံကြည်ရတဲ့သူဖြစ်နိုင်

မလား"

"ဒါဟာ ခင်ဗျားပေါ်မှာပဲ မူတည်ပါတယ်"

"တစ်ခုတော့ကျွန်တော့်ဘက်က ပြောထားပါရစေ၊ ကော

စက်ရုံကြီးမှာ မှီခိုပြီးလုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေအတွ

ကျွန်တော်တစ်ယောက်တည်းအခွင့်အရေးရတာမျိုးဆိုရင် ကျွန်တေ

မလုပ်ပါရစေနဲ့ သူဌေး"

"စိတ်ချပါ ခင်ဗျာကိုအသုံးချပြီး အလုပ်သမားတွေပေ

အမြတ်မထုတ်ပါဘူး၊ ခုဆန္ဒပြနေကြတဲ့ အလုပ်သမားတွေအတွ

အကောင်းဆုံးလုပ်ပေးနိုင်ဖို့အတွက် စိတ်ချရတဲ့လူတွေကိုလိုအပ်

ပါတယ်"

"ကျွန်တော်တစ်ခုတော့မေးချင်ပါတယ်၊ ခုမေးတဲ့ ဘား

သူဌေးသိက္ခာကိုစော်ကားသလိုဖြစ်သွားရင် တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဘာကိုမေးမယ်ဆိုတာ ကျွန်တော်သိနေပါတယ်"

"ဗျာ..."

"ကျော်ဇောမြင့်မောင်နဲ့ပတ်သက်ပြီး ကျွန်တော့်ဘက်က လုပ်ငန်းခွင့်ရှိမရှိဆိုတာကိုမေးချင်တာမဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ်သူဌေး"

"ကျွန်တော့်ကို ကေရာဇ်လို့ပဲခေါ်နိုင်ပါတယ်။ ခင်ဗျားကိုထပ်ရှင်းအောင်ပြောပြထားမယ်၊ အလုပ်သမားတွေ ကိစ္စပြီးဆုံးသွားတာနဲ့ ကျော်ဇောမြင့်မောင်တို့ကိစ္စတွေကိုဆက်ရှင်းသွားမှာပါ"

"သူ...အဲ...ကိုကေရာဇ်တကယ်ပြောနေတာလား။ ခုလိုပြောတာစိတ်မရှိပါနဲ့ အရင်တစ်ခါတုန်းကလည်း ကေရာဇ်စက်ရုံကြီးနဲ့ပတ်သက်ပြီး တင်ပြခဲ့ကြပေမဲ့ ဘာတစ်ခုမှဖြစ်မလာခဲ့ကြလို့ပါ"

"အရင်အခြေအနေတွေကို ခေါင်းထဲကထုတ်ပစ်လိုက်ပါ၊ စက်ရုံကြီးရဲ့အနာဂတ်ကို အကောင်းဆုံးဖြစ်အောင်လုပ်ကြမှာဆိုတော့ လူကောင်းများစွာအရမ်းကိုလိုအပ်နေပါတယ်"

"ကိုကေရာဇ်ဆီကခုလိုစကားတွေကိုကြားရတာအလုပ်သမားတွေအတွက် မင်္ဂလာတစ်ပါးပါပဲဗျာ..."

"ကျွန်တော်တို့ပြောနေတဲ့စကားတွေကိုခေါရပ်ပြီးအလုပ်လုပ်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကေရာဇ်ကျွန်တော့်ကိုဘာခိုင်းချင်သလဲပြောပါ"

"အရင်ဆုံးဆန္ဒပြနေတဲ့အားပုပ်သသမားတွေကိုဦးဆောင်နေတဲ့ ခေါင်းဆောင်ကိုသွားပြီးခေါ်ပေးပါ၊ သူတို့တောင်းဆိုမှုတွေနဲ့ပတ်သတ်ပြီး ဆွေးနွေးချင်တယ်"

"ကောင်းပါပြီကိုကေရာဇ်ကျွန်တော်သွားပြီးခေါ်လိုက်ပါ့မယ်" ကိုအောင်သန်းမြင့်ထွက်သွားပြီးနောက်....

"နင့်အတွက် ငါဘာလုပ်ပေးရမလဲကေရာဇ်"

"ခုလိုဘေးမှာနေပေးတာကိုကျေးဇူးအထူးတင်ပါတယ်"

"ကေရာဇ်"

"ဘာများလဲ သက်ဦးသဇင်"

"နင်ကေရာဇ်ရောဟုတ်ရဲ့လား"

"ဟင်...နင်ဘာလို့ဒီလိုမေးရတာလဲ"

သက်ဦးသဇင်စကားကြောင့် "ချူး" ကိုယ့်လိပ်ပြာမလုံသလို ဖြစ်သွား၏။

"အရင်ကေရာဇ်နဲ့ လုံးလုံးခြားနားနေလို့ပါဟာ"

"ဒါကတော့ လူဆိုတာပြောင်းလဲသင့်တဲ့အချိန်ကိုရောက်ရင် မဖြစ်မနေပြောင်းလဲတတ်ရတာ ဓမ္မတာပါပဲဟာ"

"နင့်ပြောင်းလဲခြင်းကိုကြိုဆိုပါတယ် သူရိန်ကေရာဇ်"



www.burmeseclassic.com

www.burmeseclassic.com



"မကြာခင်ဖြစ်လာတော့မယ့်ကိုယ့်ရဲ့အဖော်တစ်ယောက်ပေါ်မှာယုံကြည်တတ်ဖို့တော့လိုအပ်တယ်"

"ဘဝအဖော်ဟုတ်လား"

"အင်းလေ မဟုတ်ဘူးလား"

"ငါ့စိတ်အာရုံထဲမှာ နင့်ကိုခံစားလို့မရသေးဘူး"

"မင်္ဂလာရက်ကိုနောက်ဆုတ်ချင်တာလား သက်ဦးသဇင်"

"ငါပြောနေတာရင်ထဲကခံစားချက်ပါ...ဘဝနဲ့တော့မသက်ဆိုင်ဘူး။ ထားလိုက်ပါဦး နင်အခုကလုပ်ကိုင်ရမှာကိုပဲ အာရုံစိုက်ထားဦး"

သက်ဦးသဇင်စကားဆုံးသည်နှင့်ကိုအောင်သန်းမြင့်နှင့်အတူအလုပ်သမားခေါင်းဆောင်(၂)ဦး လိုက်ပါလာတာကို တွေ့လိုက်ရသည်။

"ထိုင်ကြကွာ၊ ငါက စက်ရုံနဲ့ကင်းကွာနေတဲ့ လူတစ်ယောက်ဖြစ်နေတော့ ခင်ဗျားတို့နဲ့ပတ်သက်ပြီး ဘယ်သူဘယ်ဝါဆိုတာကိုသိတာ စိတ်မရှိနဲ့၊ မင်းတို့ကအလုပ်သမားတွေအခွင့်အရေးအတွက်ဦးဆောင်နေကြသူတွေလား"

"ဟုတ်ပါတယ်၊ ကျွန်တော့်နာမည်က လင်းအောင်၊ သူက ဇော်မိုး..."



www.burmeseclassic.com

www.burmeseclassic.com



"စက်ရုံမှာ မင်းတို့ယူထားရတဲ့တာဝန်တွေကိုပြောပါဦး"

"ကျွန်တော်က စက်ပိုင်းအလုပ်သမားတွေကို အုပ်ချုပ်ရတဲ့ တာဝန်ကိုယူထားရပါတယ်"

"မင်းတို့အလုပ်သမားတွေ တောင်းဆိုမှုကိုငါအားလုံးသိပြီးပြီ ဆိုတော့ ဒီအပေါ်မှာ သိပ်ပြီးညှိနှိုင်းစရာတော့မရှိပါဘူး"

"ဟင်...ဟာ"

"ငါ့စကားကို တလွဲတော့မထင်လိုက်နဲ့ဦး တောင်းဆိုမှုတွေ အတွက် ငါ့စက်ရုံမှာ ဖြေရှင်းရေးကော်မတီဖွဲ့ပေးပြီးတော့ ပြေလည် အောင်ရှင်းပေးမယ်၊ ဒါပေမဲ့ ခင်ဗျားတို့ကို မေးစရာတော့ရှိတယ်"

"ဟုတ်ကဲ့မေးပါ သူဌေး"

"မင်းတို့တောင်းဆိုမှုက စက်ရုံမှာရှိကြတဲ့ အလုပ်သမားတွေ အားလုံးအတွက်လား၊ ဒါမှမဟုတ် ခုဆန္ဒပြနေတဲ့ လူတွေလောက်ပဲ လား"

"စက်ရုံတစ်ခုလုံးမှာရှိတဲ့ အလုပ်သမားအားလုံးကို ကိုယ်စား ပြုပါတယ်"

"ဒါဆိုရင်တော့ ငါကစဉ်းစားစရာဖြစ်နေပြီ၊ ဆန္ဒပြတဲ့ထဲမှာ မပါတဲ့သူတွေက မင်းတို့လုပ်ကိုင်တဲ့ပေါ်မှာ အခွင့်ကောင်းယူဖို့ပြီး အခွင့်ထူးခံချင်တာတော့ သိပ်ပြီးအဓိပ္ပါယ်မရှိဘူး၊ အားလုံးညီညီ



www.burmeseclassic.com

www.burmeseclassic.com



ညွှတ်ညွှတ်တောင်းဆိုရင်တော့ ငါ့ဘက်က လိုက်လျောသင့်တာကို လိုက်လျောမယ်"

"ဗျာ"

"ဟင်"

ရှူးပြောလိုက်သောစကားကြောင့်အလုပ်သမားခေါင်းဆောင် (၂)ယောက်လုံး အံ့အားသင့်သွားကြသည်။ စက်ရုံပိုင်ရှင်တစ်ယောက် အနေနဲ့ မပြောသင့်သောစကားကို ပြောလိုက်သလိုဖြစ်နေသည်။

"ဘယ်လိုလဲ ငါပြောသလိုဖြစ်နိုင်မလား။ နောက်တစ်ချက် ခင်းတို့စဉ်းစားရွေးချယ်ရမှာရှိတယ်၊ မင်းတို့တောင်းဆိုတဲ့ အချက်တွေ အားလုံးကို ငါပေးမယ်...၊ ဒါပေမဲ့ဦးဆောင်တဲ့ ခေါင်းဆောင်(၁၀)ဦးဖော်ထုတ်ပေး"

"ဘာအတွက်လဲ"

"စက်ရုံကနေအလုပ်ထုတ်ပစ်မယ်"

"ဟာ..ဟင်"

"(၁၀)ယောက်နဲ့အလုပ်သမားရာချီတာကိုမလဲနိုင်တာတော့ ခင်းတို့အပိုင်းပဲ၊ ငါ့စကားကတော့ကုန်သွားပြီ၊ မင်းတို့ပြန်ပြီးဆွေးနွေး လိုက်ပါဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"သွားခွင့်ပြုပါဦး သူဌေး"

"ငါ့ကို သူဌေးဆိုတဲ့အသုံးအနှုန်းကို မခေါ်ပါနဲ့ ကေရာဇ်လို့ရင်းရင်းနှီးနှီးခေါ်နိုင်ပါတယ်"

ရုံးပြန်ထွက်သွားသောအလုပ်သမားခေါင်းဆောင်(၂)ယောက်ကိုပြုံးပြုံးလေးကြည့်ပြီး နေလိုက်သည်။ပြီးတော့မှ...

"ကိုအောင်သန်းမြင့်"

"ပြောပါကိုကေရာဇ်"

"စက်ရုံအလုပ်သမားတွေရဲ့တောင်းဆိုမှုတွေကိုဖြေရှင်းနိုင်ဖို့အတွက်စက်ရုံမှာရှိတဲ့လူကောင်းတွေထဲကနေ အလုပ်သမားအားလုံးလေးစားတဲ့ လူတွေနဲ့ ကော်မတီလေးတစ်ခုကို ခင်ဗျားဦးဆောင်ပြီးဖွဲ့ပေးပါ"

"စိတ်ချပါ၊ ကျွန်တော်ရွေးချယ်ပြီး ဖွဲ့ပေးလိုက်ပါ့မယ်"

"ကေရာဇ်...ကျော်ဇောမြင့်မောင်တို့အုပ်စုကိုဘယ်လိုဆက်ပြီးစီစဉ်မလဲ"

သက်ဦးသဇင်အမေးစကားကိုရှုံးတစ်ချက်စဉ်းစားမိပြီး...

"သူတို့ကိုချက်ချင်း အလုပ်ကနေထုတ်ပစ်လို့မဖြစ်သေးဘူးဒါပေမဲ့တစ်ခုတော့လုပ်ထားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကေရာဇ်က ဘာလုပ်ဖို့စဉ်းစားမိလို့လဲ"

"စက်ရုံနဲ့ပတ်သက်ပြီး သူတို့အလုပ်တာဝန်တွေကိုယာယီရပ်ဆိုင်းထားလိုက်မယ်"

ချူး…ကျော်ဇောမြင့်မောင်ကိုအလုပ်မှမထုတ်ပစ်သေးခြင်းမှာ သူ့ရိန်ကေရာဇ်ကြောင့်ပင်ဖြစ်သည်၊ ကျော်ဇောမြင့်မောင်နှင့် သူ့ရိန်ကေရာဇ်တို့ ရှုပ်ပွေခဲ့သော ကိစ္စများကို ချူးစုံစမ်းရဦးမှာဖြစ်သည်၊

"ကိုအောင်သန်းမြင့် ဆန္ဒပြနေတဲ့အလုပ်သမားတွေကိုပြန်ပြီး သိမ်းနိုင်းလိုက်ပါဗျာ၊ ပင်ပန်းပါတယ်၊ သူတို့ဖြစ်ချင်တဲ့တောင်းဆိုမှုတွေကို ဆောင်ရွက်ပေးမှာပါ"

"ဒါနဲ့ ကိုကေရာဇ်…ဟို…ဟို…ကိုလင်းအောင်နဲ့ ကျော်မိုးတို့ကို ဆွေးနွေးခိုင်းထားတဲ့ကိစ္စကရော…"

"ကျုပ်တမင်သက်သက် သူတို့စိတ်ဓာတ်တွေကိုစမ်းသပ်လိုက်တာပါ၊ တကယ်အများကောင်းကျိုးကို ခေါင်ဆောင်တဲ့လူဆိုတာ ကိုယ်ကျိုးကိုစွန့်ရဲရမယ်လေ…ဒါကိုသိချင်လို့ပါ"

ချူးပြောလိုက်သော စကားလေးကို သက်ဦးသဇင်ပြုံးလက် -



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဒါဟိုဟာမလက်ချက်ပဲဖြစ်မယ်...တောက်"

ဂျင်မီဂျက်သောက်နေသောအရက်ခွက်ကိုမသောက်ခင်ဒေါ

သတွေနှင့်ပြောလိုက်သောစကားသံပင်ဖြစ်သည်။

"ဟိုဟာမဆိုတာဘယ်သူ့ကိုပြောတာလဲဂျင်မီ"

"ကျော်ဇောမြင့်မောင်ရာ မင်းတုံးလုချည်လားကွ၊ ဟိုဟာ

ဆိုတာ နွယ်ရီဦးကိုပြောတာကွ"

"မဖြစ်နိုင်ဘူးထင်တယ်၊ ကောရာဇ်ဆိုတဲ့ကောင်မခါင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



နှယ်ရီဦးဆိုတဲ့မိန်းမကိုစာရင်းရှိတာမဟုတ်ဘူး၊ကောရာဇ်ဆိုတဲ့ကောင်စက်ဘုတ်ကနေပြန်ရောက်လာပြီးမှ ခုလိုဖြစ်သွားတာ၊ ငါ့စိတ်ထဲမှာထင်နေတာက သက်ဦးသဇင်ကြောင့်အများဆုံးဖြစ်နိုင်တယ်"

"ပိုပြီးတောင်ဝေးသေး သက်ဦးသဇင်လိုခပ်တုံးတုံးဒီဖိုင်ကြီးကိုကောရာဇ်ဘဝမှာ ယောင်လို့တောင်အိပ်မက်မမက်ဘူး၊ ဒီကောင့်စိတ်ကိုငါအသိဆုံးပါကွာ"

"ဂျင်မီငါတို့ဒီအတိုင်းဆက်ပြီးကြည့်နေလို့တော့ မဖြစ်တော့ဘူး၊ ခုဆိုငါ့ကိုတောင်အလုပ်ကနေ ယာယီထုတ်ပစ်လိုက်ပြီကွ"

"ကျော်ဇော်မြင့်မောင် မင်းကရောဘာပြန်လုပ်မယ်ဆိုတာမစဉ်းစားထားဘူးလား၊ အခုပွဲမှာ မင်းက သိပ်ကိုအရေးပါနေတယ်နော်၊ ကောရာဇ်ကျုံစက်ရုံကြီးရဲ့ငွေသိန်းပေါင်းများစွာကိုမင်းကထင်တိုင်းကြဲထားတာ ကောရာဇ်တကယ်ပဲ ပြောင်းလဲသွားပြီဆိုရင် မင်းမလွယ်ဘူး"

"ဟူး..."

ဂျင်မီဂျက်ပြောလိုက်သောစကားကြောင့်ကျော်ဇော်မြင့်မောင်အသက်ရှူကျပ်သွားသည်။ သူရိန်ကောရာဇ်နောက်ကွယ်မှာ စက်ရုံမှငွေကြေးများစွာကိုသုံးဖြုန်းနေခဲ့သည်။ သူရိန်ကောရာဇ်တစ်ယောက်သူ့အပေါ်မှာ ခုလိုဆက်ဆံမယ်ဆိုတာကို မထင်မှတ်ခဲ့ပေ။ သူရ သူ့



www.burmeseclassic.com

www.burmeseclassic.com



အရှိက်ကိုအထိုးခံရသလိုဖြစ်နေတာကြောင့်ကြဲရာမရဖြစ်သွားသည်

"ဘယ်လိုလဲကျော်ဇော်မြင့်မောင် မင်းမကြဲတတ်တော့ဘူး

မဟုတ်လား"

"ဂျင်မီ ငါ့ကိုကူညီဦးကွာ"

"ဂျင်မီဆိုတဲ့ကောင်က တရားသမားမဟုတ်ဘူးဆိုတာ မင်း

သားနဲ့"

"အရေးထဲမင်းကပွဲတောင်းနေသေးတယ်၊ ကောရာဇ်ဖြော

လဲမှုဟာ ငါ့အတွက်တင်မဟုတ်ဘူး မင်းတို့အကျိုးစီးပွားကိုပါထိခိုက်

စေတာကိုလည်း မမေ့နဲ့ဦးဂျင်မီ"

"ဂျင်မီတို့ဘဝမှာ မလုပ်နိုင်ဘူးဆိုတာ ဘာမှမရှိဘူးနော်"

"အေးပါကွာ မင်းနောက်မှာ မင်းဖခင်ကြီးကရှိနေတာဆိုတော့

မင်းပြောအားရှိတာပေါ့"

"ကဲပါ...သူငယ်ချင်းရာ ငါကနောက်တာပါ၊ မင်းကိုအကောင်း

ဆုံးအကြံပေးလိုက်မယ်၊ မင်းခရစ္စတီနာဆီကိုသွားပြီး အကူအညီ

တောင်းလိုက်ရင် ပွဲကပြီးသွားပါတယ်"

"ဂွတ်.... ကျေးဇူးတင်တယ် ဂျင်မီ"

"ကောရာဇ်နလုံးသားကို ကိုင်လှုပ်နိုင်တဲ့ဘာစည်းတည်းသော

မိန်းကလေးဟာ ခရစ္စတီနာပဲရှိတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မှန်တဲ့စကားပဲ၊ ငါဒါကိုဘာလို့မတွေးမိသလဲ မသိပါဘူး၊ ဒီနေ့ကုန်ကျစရိတ်ကိုငါရှင်းပါ့မယ်"

"ဒီလိုပဲဖြစ်သင့်တာပေါ့၊ မင်းဘယ်နေ့သွားမှာလဲ"

"အချိန်ကသိပ်ပြီးဆွဲလို့မကောင်းတော့ဘူး၊ ဒီညပဲ သွားတော့လိုက်မယ်"

"ကျော်ဇောမြင့်မောင် ဓရစ္စဒီနာကိုတွေ့ဖို့ဆိုတာ ကောရာဇ်ကလွဲပြီး ကျန်တဲ့ကောင်တွေအတွက် မလွယ်ဘူးနော်"

"တခြားသူတွေအတွက်ခက်ခဲပေမဲ့ငါ့အတွက်တော့ ဓရစ္စဒီနာ တမခက်ခဲပါဘူး ဂျင်မီ"

"တယ်ပြီးပိုင်နေပါလား"

"ဓရစ္စဒီနာရဲ့အညာကိုငါကောင်းကောင်းသိထားတယ်"

"ငါတို့သိခွင့်မရှိဘူးလား"

"နောက်တော့သိရမှာပေါ့ကွာ...၊ ကဲ ဒါဆိုငါ့ကိုလစ်ခွင့်ပြုဦး ကောင်တာမှာ ငါရှင်းခဲ့မယ်"

"သိုင်းကျူးသူငယ်ချင်း မင်းအတွက်ကောင်းသောနေ့တွေ ဖြစ်ပါစေ"

ကောက်ကျစ်စဉ်းလဲသော မြေခွေးနှင့်ဝံပုလွေတို့၏ရယ်သံ သံတို့သည်ရက်စက်ယုတ်မာခြင်းများစွာ ဖုံးလွှမ်းနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချင်..."

"မိမိ"

ချင်မီပခုံးလေးကို ဆုပ်ကိုင်ပြီး ကန့်ကွက်ရနင့် မိမိထိုက်
လိုက်ပြီး.....။

"ချင်ကရော ဘယ်လိုစီမံကိန်းတွေ ရေးဆွဲထားလဲ"

"ကိုယ်ဘာလုပ်မယ်ဆိုတာကို စောင့်ကြည့်ပါဦး"

"စောင့်ကြည့်ပါဦးလုပ်မနေနဲ့ ဘဏ္ဍာရေးအခြေအနေတွေ
မကောင်းတော့ဘူး၊ အငှားယူထားတဲ့ ကားပိုင်ရှင်ကလည်း ထပ်
ပိုက်ဆံတောင်းနေပြီ၊ ရှင် ရှမ်းပြည်နယ်က မြို့နဲ့တိုက်ကိုရောင်းပြီး
ကုန်မှာအခြေချပါလား"

"မိမိဒီလောက်လွယ်တဲ့အကြံဉာဏ်ကိုဘာလို့ပြောနေတာ
ရှမ်းပြည်နယ်က မြို့နဲ့အိမ်က ဒယ်ဒီနဲ့မာမီတို့လက်ချက်ကြော
ပေါင်ထားရတာကြာပြီ၊ ဒီလထဲမှာ မရွေးနိုင်ရင်တော့ အခြေအနေ
မကောင်းတော့ဘူး"

"ဟင် ဒါ..ဒါဆိုဘယ်လိုလုပ်မှာလဲ"

"ဒယ်ဒီကတော့ အကွက်ကျကျစီစဉ်နေတာ၊ သိပ်ပြီးထ
စရာတော့မရှိပါဘူး၊ ကိုယ်တို့အတွက်နတ်ဘုရားတွေက ယိမ်းတင်
ပါ၊ ခုပဲတွေ့တယ်မဟုတ်လား..မိမိ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုပြောတာလဲ"

"ကျော်ဇောမြင့်မောင်လေဒီကောင့်ကိုအသုံးချပြီးကေရာဇ်ကို ရှင်းရမယ်၊ ကေရာဇ်ဆိုတဲ့ကောင်ကိစ္စတုံးသွားတာနဲ့ပွဲကပြီးသွားပြီ"

"သက်ဦးသဇင်ကိုဂျက်ကသိမ်းပိုက်မယ်ပေါ့"

"အင်းလေ..."

"ရှင်...နော်"

"မီမီရယ် ကိုယ်တို့ဘဝမှာ မပူမပင်ရဘဲ နတ်ဘုံကြီးမှာ နေရ မှာလေ၊ သက်ဦးသဇင်ကိုကိုယ်ကဒီကအသည်းဘူးလေးထက်ပိုဖို့ဆို တာဝေးရော၊ ဓာလေးသည်းစံလိုက်ပါဦး"

"ရှင်အပြောနဲ့အလုပ်တော့ ညီပါစေ၊ ပြောသလိုမဖြစ်လို့က တော့မီမီထိုက်အကြောင်းကောင်းကောင်းသိသွားမယ်မှတ်..."



www.burmeseclassic.com

www.burmeseclassic.com

"ခရစ္စဒီနာဆိုတာ သူပဲမဟောင်"

မန္တယ်ရီဦးပြုလိုက်သောစာတ်ပုံကို ချူး သေသေချာချာပင်
ကြည့်လိုက်သည်။ ခေတ်၏ဆင်ယင်ထုံးဖွဲ့မှုတွေ၊ ရောင်စုံခြယ်သ
တွေနှင့် စွဲမက်ဖွယ်ကောင်းသော မိန်းမတစ်ဦးပင်ဖြစ်သည်
သူ့ရိုန့်ကောရာဇ်စွဲစွဲလမ်းလမ်းရှိမယ်ဆိုရင်ရှိလောက်သူ၊

"ခရစ္စဒီနာမှာ အမေမရှိတော့ဘူး၊ သူ့ဖခင်က ဂျပန်အမျိုးသမီး
တစ်ယောက်နဲ့ လက်ထပ်ပြီး ဂျပန်မှာပဲအခြေချသွားပြီ၊ ခရစ္စဒီနာ
တော့ သူ့အဖေထောက်ပံ့မှုနဲ့မြန်မာပြည်မှာနေပြီး ရုပ်ပွေ့ဆေးလေ
သူ့ရိုန့်ကောရာဇ်ကိုအရယူဖို့ကြိုးစားနေတဲ့ထဲမှာခရစ္စဒီနာလည်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှုးသည်မနွယ်ရီဦးပြောပြနေသော ရေစွဲဒီနာနှင့်သူရိန်ကေရာဇ်ဆတ်ကြောင်းကိုနားထောင်ရင်းနှင့်သူတို့နှစ်ယောက်ပတ်သက်မှုသည် သာမန်ပတ်သက်မှုမျိုးမဖြစ်နိုင်ဘူး ဆိုတာကိုတွေးမိလိုက်သည်။

"သူတို့နှစ်ယောက်အခြေအနေက သာမန်သဘောထားလို့ မရဘူးမမ"

"မမောင်ပြောတာ သိပ်ကိုမှန်တယ်၊ မမသိသလောက်ကြားသလောက်ကတော့ သူတို့နှစ်ယောက်ဆက်နွယ်မှုတွေဟာ ရှုပ်ထွေးနေတာတော့ သေချာတယ်၊ မမောင်ရှင်းနိုင်ပါ့မလား"

"ကျွန်တော်စိုးရိမ်တာ တစ်ခုပဲရှိတယ်"

"မမောင်ကဘာကိုစိုးရိမ်တာလဲ"

"သက်ဦးသဇင် တစ်မျိုးမြင်သွားမှာပဲမမ"

"သက်ဟာ ခပ်ညံ့ညံ့မိန်းကလေးတစ်ယောက်တော့မဟုတ်ပါဘူးကွယ်၊ သူရိန်ကေရာဇ်ရှုပ်ပွေခဲ့တာတွေကို သူသိသင့်သလောက်တော့သိနေမှာပါ၊ ဒါနဲ့ ဘယ်သွားလဲ မတွေ့ပါလား"

"သူကျောင်းကိစ္စအတွက် အပြင်ကိုခဏသွားပါတယ်"

"ဒါနဲ့မမောင် စက်ရုံကိစ္စတွေပြီးပြတ်သွားပြီလား"

"အားလုံးပုံမှန်အခြေအနေကိုပြန်ရောက်သွားပါပြီ၊ မမစဒ်ရဲ့ မှာပြင်သင့်တာတွေကိုလည်းပြင်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ဇောမြင့်မောင်ကိစ္စရော"

"ဒီကောင်စက်ရုံငွေတွေကို အလွဲသုံးစားလုပ်ထားတာ အ
ကိုများတယ်၊ အဆိုးဆုံးကတော့ အလုပ်သမားတွေစက်ရုံထဲမှာ ထိခို
နစ်နာမှုတွေကို မသိကျိုးကျွန်ပြုတာဟာ အလုပ်သမားတွေရဲ့ဘဝ
ပစ်ပစ်ခါခါကိုပြုသလိုဖြစ်နေတယ်၊ နယ်တွေကနေ လာရောက်လုပ်
တဲ့အလုပ်သမားတွေအတွက် နေရေးစားရေးတွေပေါ်မှာ လျစ်လျူရှု
တာတွေကို တွေ့နေရတယ်၊ အလုပ်သမားလူတန်းစားကို ကျွန်လိုသဘော
ထားခဲ့တာ သိပ်ကိုယုတ်မာလွန်းအားကြီးတယ်၊ ကျော်ဇောမြင့်မော
ကို ထိုက်တန်တဲ့ အရေးယူမှုတွေ လုပ်ရမယ်"

"မမောင်သသတိတော့ထားပါ၊ ကျော်ဇောမြင့်မောင်ဟာ ဂျင်မီ
နှင့်ပတ်သက်ပြီး ကောက်ကျစ်တဲ့လူတစ်ယောက် သူ့ဘက်ကဒီအတို
တော့ လည်စင်းပြီး ခံမှာတော့မဟုတ်ဘူးနော်"

"ကျွန်တော်လည်း ဒီလူ့ခြေလှမ်းကို တွေ့ထားပါတယ်"

"တီ...တီ...တီ..."

ချူးတို့စကားပြောနေစဉ် ဟန်းဖုန်းခေါ်သံကြောင့် နားထော
ကြည့်လိုက်၏။

"ကိုလား"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ မိန်းကလေးအသံဖြစ်နေပြီး ဘယ်သူဘယ်ဝါဆိုတာကိုတော့မသိ၊ ရျူး ဘယ်သူလဲလို့မေးလိုက်ရင် အမှားတစ်ခုဖြစ်သွားနိုင်တာကြောင့် တစ်ချက်တွေဝေသွားစဉ်...

"ကိုရေစွဝေါနေတာမကြားဘူးလား"

"ကြားပါတယ် ရေစွရဲ့ဘာကိစ္စရှိလို့လဲ"

"ဘာလဲကွဲဆီကို ရေစွကကိစ္စရှိမှဖုန်းဆက်ရမှာလားပြော"

"မဟုတ်ရပါဘူး ကိုစက်ရုံကိစ္စတွေနဲ့ အလုပ်များနေလို့ပါ"

"သွားစမ်းပါ ဖနီးလောင်းလေးဒေါ့မှာ ပီတိတွေဖြစ်နေတာဟုတ်လား"

"ရေစွကိုယ့်ကို ဘာပြောချင်လဲပြောပါ"

"ကို့ပုံစံတွေ မကြိုက်ဘူးကွာ...၊ ရေစွကိုနဲ့တွေ့ချင်တယ်၊ အလုပ်များတာတွေ နည်းတာတွေမပြောနဲ့ဒီညရေစွတို့ဆုံချင်တယ်"

"ဟင်"

ရျူးအတွက်စိတ်ပျက်စရာကောင်းသောစကားကိုကြားလိုက်ခြင်းဖြစ်သည်။ သူ့အနေဖြင့် ရှောင်လွှဲလို့မဖြစ် ရေစွနှင့်တွေ့ဆုံပြီး အဖြေတစ်ခုကိုရှာဖွေရမှာဖြစ်သည်။

"ကောင်းပြီကိုလာခဲ့မယ် ဒါပဲနော်"

ရျူးဖုန်းကိုပိတ်လိုက်ပြီး သက်ပြင်းချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမောင်ဓရှစ္စဆီကမဟုတ်လား"

"ဟုတ်ပါတယ်မမ"

"မမောင်ဓရှစ္စနဲ့သွားပြီးတွေ့မှာပေါ့"

"ရှောင်ခနေလို့ပြီးမယ့်ကိစ္စမဟုတ်တော့တို့ဝင်ပြီးအဖြေရှာရမယ်"

"မမောင်တော့တကယ့်ကျားဆိုးတွေ၊မြွေဆိုးတွေနဲ့ရင်ဆိုင်ရတော့မှာပဲ"

"အကောင်းဆုံးအတွက်အဆိုးဆုံးတွေကိုရင်ဆိုင်ရတော့မှာပေါ့မမရယ်"

"ဝူး...ကျို..."

အိမ်ရှေ့တွင်ကားရပ်သံကြောင့် ချူးတို့ပြောလက်စစကားကို ရပ်ပြီးအခန်းအပြင်သို့ထွက်လာခဲ့သည်။

"သက်ဦးသဇင်ပြန်ရောက်လာပြီလား"

"အင်း...ကေရာဇ်နှင်စက်ရုံသွာစရာရှိသေးလား"

"ဒီနေ့တော့မသွားတော့ဘူး၊သက်ဦးသဇင်ကိစ္စရှိလို့လား"

"နှင်နဲ့အပြင်ကိုခဏသွားချင်တယ်အချိန်ပေးနိုင်မလား"

"ပေးနိုင်ပါတယ်၊ဘယ်တော့သွားမလဲ"

"ခဏနေပြီးရင်သွားကြမယ်လေ"

သက်ဦးသဇင်သူ့အခန်းဆီကိုတက်သွားသဖြင့်ချူးဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



သဲရန် အခန်းဘက်သို့တက်လာခဲ့တော့၏။ ချူးနှင့်သက်ဦးသဖင်တို့ ဂ်လာရက်ကိုသတိမှတ်ထားခြင်းမရှိပေမဲ့လူကြီးတွေသတိမှတ်ထားသော ရက်၊ လကိုတော့ကျော်လွန်လို့ရမှာမဟုတ်၊ ချူးနှင့်ဦးစိုင်းစိန်နောင်ခမ်း တို့ပဋိပက္ခဖြစ်သွားပြီးနောက်ပိုင်း ချူးတို့မင်္ဂလာကိစ္စတွင်ဝင်ရောက် ှက်ဖက်ခြင်းမရှိတော့ပေ...၊ ဒါပေမဲ့ ချူးတို့ နောက်ကွယ်တွင် ာကောင်းကြံနေတာတော့ ချူးရိပ်မိသည်။

"ကေရာဇ်ရေ သွားလို့ဖြစ်ပြီလား"

"အဆင်သင့်ပဲ"

"ဒါဆိုသွားကြရအောင်၊ ကားကတော့နင်မောင်းရမှာနော်"

ချူးခေါင်းကိုသာညိတ်ပြပြီး ကားပေါ်သို့တက်ခဲ့သည်၊ အရင် ာပြင်ကိုနှစ်ယောက်သွားဖြစ်ရင် သက်ဦးသဖင် ကားနောက်ခန်းမှ ာလိုက်ပါတတ်ပြီး ဒီနေ့တော့ ကားရှေ့ခန်းတွင် ချူးနှင့်ယှဉ်ပြီးစီး လာသည်။

"ဘယ်ကိုမောင်းရမှာလည်း သက်ဦးသဖင်"

"ပရဟိတဘုန်းကြီးကျောင်းတစ်ကျောင်းကိုသွားမယ်၊ ရွှေပြည်သာ ဘက်မှာ"

"အလှူဒါနပြုမလို့လား"

"အလှူတစ်ခုလုပ်မှာကတော့သေချာတယ်၊ ခုချက်ချင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တော့မဟုတ်ဘူး၊ ကျောင်းကလုံ့အပ်ချက်တွေကို အရင်ကြည့်ပြီးမှ လိုအပ်တာကိုလုပ်မှာ"

"နင်တစ်ယောက်တည်းပြုတဲ့ကုသိုလ်ပေါ့"

"စိတ်ဝင်စားတဲ့သူကိုယ်နဲ့စိတ်တူကိုယ်တူစေတနာရှိသူဆိုရင် ဖိတ်ခေါ်ပါတယ်"

သက်ဦးသဇင်စကားကို ရှူးဘာမှတုံ့မပြန်ဘဲနေလိုက်၏၊ ရှူး စိတ်ထဲတွင် သက်ဦးသဇင်နှင့်အတူ ကောင်းမှုတစ်ခုကို ပြုလိုက်ချင် သောဆန္ဒလေးကပ်တွယ်လျှက်...ဘုန်းကြီးကျောင်းဝန်းထဲကိုကားလေး မောင်းဝင်လာသည်နှင့် ကလေးများ၏စာအံသံတွေကို ကြားနေရ သည်၊ ပရဟိတမိဘမဲ့ဆင်းရဲမွဲတေသောကလေးသူငယ်တွေသင်ကြား နေရသော စာသင်ကျောင်းမှာ သပ်သပ်ရပ်ရပ်မရှိခနီမိုးထရံကာနှင့် တွေ့နေရသည်၊ ကာကိုစာသင်ကျောင်းနှင့်မလှမ်းမကမ်းတွင် ထိုးရပ် လိုက်ပြီး အောက်ကိုဆင်းလိုက်သည်နှင့်...

"ဟော့ သက်"

"မေရီ..."

အဖြူနဲ့အစိမ်းဝတ်ထားသော ဆရာမတစ်ဦးထွက်လာပြီး နှုတ်ဆက်လိုက်ခြင်းဖြစ်သည်၊

"ဆောရီး မေရီငါနည်းနည်းနောက်ကျသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် သက်ရယ်ကိုယ့်အလှူရှင်ပေါ်မှာ ဒီလောက်ဖတော့ မိတ်ရှည်ရမှာပေါ့၊ မိတ်ဆက်ပေးဦးလေ"

"မိတ်ဆက်ပေးစရာ လိုသေးလို့လား"

"ဘယ်သူဆိုတာကိုတော့ သိနေတာကြာပါပြီ၊ ဒါပေမဲ့တရား င်တော့မိတ်မဆက်ရသေးဘူးလေ"

"ဇကရာဇ်သူက ပညာရေးတက္ကသိုလ်မှာ အတူတူတက်ခဲ့တဲ့ မေရီထွန်းတဲ့၊ ဇကရာဇ်ကိုတော့ မေရီက တက္ကသိုလ်တက်ကတည်းက သိနေတာ"

"ဘယ်လိုပုံစံမျိုးနဲ့ သိထားတာလဲမသိဘူး"

"ငါနဲ့မေရီက တစ်ယောက်နဲ့တစ်ယောက် မထိန်မဝှက်ဘဲ ပြော ဆိုပေါင်းသင်းခဲ့ကြတဲ့ သူငယ်ချင်းတွေမို့ပါ"

"ဪ...ငါသဘောပေါက်ပါပြီ"

"ကိုဇကရာဇ်ကျွန်မတို့တက္ကသိုလ်တက်စဉ်တုန်းက အဆောင် တိုတစ်ခေါက်ရောက်ဘူးတယ်လေ"

"ဟုတ်မှာပါ"

ချူးထိုအချိန်ထိုကာလကို မှတ်မိနိုင်စရာအကြောင်းမရှိ၊ ဘာ ကြောင့်လည်းဆိုတော့ သူသည် သူရိန်ဇကရာဇ်မဟုတ်တာကြောင့် ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်...ဆရာတော်ကြီးဆီသွားပြီး ဝတ်ပြုရအောင်"

"အင်း"

ချူးတို့သုံးယောက်သားကျောင်းထိုင်ဆရာတော်ကြီး သီတင်းသုံးသောကျောင်းပေါ်ထပ်ကိုတက်လာခဲ့ကြသည်။

"လာ...လာကြကွယ် ဒကာမလေးမေရီလျှောက်ထားလို့ ဒီနေ့ကလေးတွေစာသင်ကျောင်းအလှူရှင်ရောက်လာမယ်ဆိုတာတော့ ဘုန်းကြီးသိထားပါတယ်"

"တင်ပါ့ဘုရား"

မေရီ... ချူး နှင့် သက်ဦးသဖင်တို့ကို ဆရာတော်ကြီးနှင့် မိတ်ဆက်ပေးလိုက်၏။

"ဒကာလေးတို့လိုအပ်တာတွေကို သွားပြီးကြည့်ကြလေ၊ အကောင်းဆုံးဖြစ်ဖို့ဆိုတာ အလှူရှင်တွေရဲ့သဒ္ဓါတရားပေါ်မှာပဲ ဘုန်းကြီးတို့က ကျေနပ်ပေးရမှာပါ၊ အင်အားမဲ့နေကြတဲ့ ဘဝလေးရဲ့ အနာဂတ်ကို ဘုန်းကြီးလုပ်နိုင်တဲ့ဘက်ကနေ လုပ်ရမှာပေါ့ကွယ်"

"တင်ပါ့ဘုရား"

"ဘုန်းကြီးတို့ကျောင်းမှာ ပညာသင်ကြားနေကြတဲ့ ကလေးတွေရဲ့အနာဂတ်ကိုမလှပရင်တောင် သူတို့ဘဝလေးတွေ ပျော်မွဲပြီး လမ်းပေါ်မှာလေလွင့်တာမျိုးမဖြစ်ရင် ဘုန်းကြီးကျေနပ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ဘုရား... တပည့်တော်မကို့ဘက်က ကလေးတွေအတွက်အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်ပေးပါ့မယ်"

"သာဓု...သာဓု...သာဓုပါကွယ်၊ ဗြော်ဒါနဲ့ဒကာလေးနဲ့ဒကာမလေးတို့က ဇနီးမောင်နှံတွေလား"

"တင်...ဟို...ခုတော့မဟုတ်သေးပါဘူး"

"အေးအေးဘုန်းကြီးသဘောပေါက်ပြီ၊ ကဲကဲကြည့်စရာရှိတာကိုသွားပြီးကြည့်ကြ"

"တင်ပါ့ဘုရား"

ဆရာတော်ကြီးကိုဝတ်ချပြီး ကျောင်းပေါ်မှပြန်ဆင်းခဲ့ကြချင်း..

"သက်"

"ဘာလဲမေရီ"

"နင်တို့မင်္ဂလာပွဲကရက်သတ်မှတ်ပြီးပြီလား"

"ဟင့်အင်း...ဒီလထဲမှာဖြစ်ဖို့တော့များတယ်"

"ငါ့ဆီကိုဖိတ်စာတော့ပို့ဦးနော်"

"မေရီခုတည်းကပြောထားမယ်၊ ငါတို့က မင်္ဂလာဆောင်ကိုခမ်းခမ်းနားနားကြီး ဆောင်မှာမဟုတ်ဘူးဟ"

"ဟင်...ဘယ်လိုဆောင်မှာလဲ"

မေရီအမေးစကားကို သက်ဦးသဇင် ချက်ချင်းပြန်ပြီးမဖြေ



www.burmeseclassic.com

www.burmeseclassic.com



သေးဘဲ ချူးဘက်ကို လှည့်ကြည့်လိုက်သည်။ ပြီးတော့မှ...

"ငါတို့က ဘုန်းကြီးကျောင်းမှာ မင်္ဂလာဆွမ်းကပ်ပြီး ခုလိုပရဟိတ အလုပ်တစ်ခုကို လုပ်မှာ"

"ကောင်းတာပေါ့ဟာ နင်တို့နှစ်ယောက်ရဲ့ ချမ်းသာကြွယ်ဝမှုဟာ ငါ့ဘဝတွင် မကဘူး ဆယ်ဘဝလောက်ကို စားလို့မကုန်ပါဘူး"

"ဒါတော့ နင်များပြီ မရှိရယ် လူတစ်ယောက်ရဲ့ ချမ်းသာကြွယ်ဝမှုဟာ တစ်ဘဝသက်တမ်း တစ်ခုမှာပဲ ပိုင်ဆိုင်ရတာပါ။ ကိုယ်မသေခင် သယ်သွားနိုင်တဲ့ ပစ္စည်းဘာတစ်ခုမှ မရှိပါဘူး နော် ကေရာဇ်"

"အင်း...အဲ...ဟုတ်တယ်"

ချူးကို အဖော်ညှိလိုက်သော စကားကြောင့် ယောင်ရမ်းပြီး ခေါင်းညိတ်လိုက်ရသည်။ ချူးအတွေးအာရုံထဲကို ရောက်နေသော အကြောင်းအရာတွေမှာ တစ်မျိုးပင်ဖြစ်လေသည်။ ချူး ခေါင်းထဲကို ရောက်နေသော အတွေးတွေကတော့ သက်ဦးသဇင်နှင့် အတူ စာသင်ကျောင်းကြီးကို အကောင်းဆုံး ဆောက်လုပ်ပေးရန်သာ ဖြစ်သည်။

"သက်ဦးသဇင်"

"ဘာများလဲ ကေရာဇ်"

"ငါတို့ လိုက်ပြီး ကြည့်တာထက် အဆောက်အဦ ပညာရှင်တွေနဲ့ ကြည့်တာ ပိုပြီး မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ ငါတို့လာကြည့်တာကလည်း အခြေအနေတစ်ခုလောက်ပါပဲ နောက်မှကိုယ်ဖြစ်ချင်တဲ့ပုံစံကိုပညာရှင်တွေနဲ့ညှိနှိုင်းကြတာပေါ့"

ချူးနှင့်သက်ဦးသဇင်ကလေးစာသင်ဆောင်တွေကိုကြည့်ရှုပြီးမေရီကိုနှုတ်ဆက်ကာပြန်ခဲ့ကြလေသည်။ လမ်းခရီးမှာတော့...

"ကေရာဇ်...နှင်ရော သဒ္ဒါတရားရှိရဲ့လား"

"မေးစရာမလိုတဲ့စကားကိုမေးမနေပါနဲ့ဟာ"

"ဘာကိုမေးစရာမလိုရမှာလဲ နှင့်ဘက်က ဘယ်လောက်ထိပါဝင်မယ်ဆိုတာကို သိဦးမှလေ"

"သက်ဦးသဇင်"

"ပြော"

"နင်နဲ့ငါက....."

ချူးစကားကိုမဆက်သေးဘဲ ပြောသင့်မပြောသင့်ကိုစဉ်းစားမိသွားသည်။ သက်ဦးသဇင်ကို သူ့အနေဖြင့် သူရိန်ကေရာဇ်ဘဝနှင့်ပြောဆိုနေရတာကိုအလွန်ပင်ရှက်နေမိသည်။

"ဆက်ပြောလေဟာ"

"မပြောတော့ပါဘူး၊ ကလေးတွေစာသင်ကျောင်းအတွက်ကုန်ကျမှုအားလုံးဟာ နင်နဲ့ငါတို့နှစ်ဦးပိုင်ငွေကြေးတွေပဲလေဟာရင်း



www.burmeseclassic.com

www.burmeseclassic.com



ပြပြီးခွဲခြမ်းနေဖို့မလိုအပ်ပါဘူး"

"ကောင်းပြီဒါဆိုနင်နဲ့ငါတာဝန်ပိုင်းတော့ခွဲရမယ်"

"ဘယ်လိုတာဝန်ပိုင်းလဲ"

"ငါကငွေကြေးပိုင်းကို တာဝန်ယူမယ်၊ နင့်ဘက်ကတော့

လုပ်ရေးပိုင်းကိုတာဝန်ယူပြီးလုပ်ကိုင် ဘယ်လိုလဲ"

"ကောင်းပါပြီဒေါ်သက်ဦးသဇင်"

လူယဉ်ကျေးပီသလာပြီ"

"အရင်ကငါ့ဟာလူရိုင်းဖြစ်နေတယ်လို့နင်ဆိုလိုတာပေါ့"

"အင်း...လူ့လောကကြီးမှာငွေကြေးချမ်းသာသူတွေသာယဉ်

ကျေးကြပြီး လူဆင်းရဲအသိုင်းအဝိုင်းတွေကို ရိုင်းစိုင်းကြတယ်လို့

သတ်မှတ်ကြတာများတယ်၊ လူချမ်းသာအသိုင်းအဝိုင်းကြားမှာ ရိုင်း

စိုင်းနေကြတဲ့ သူတွေအများကြီးရှိနေတယ်"

"နင့်စကားထဲမှာငါပါနေသလိုပဲနော်"

"နင်ကအရင်သူရိန်နဲ့ဂျေရာဇ်မောင်းတာကော့ဘူးမပျော့တ်လား"

"မပျော့တ်တော့ပါဘူး"

ချူး အတွက် ဆိုစကားလေးမှာ အမှန်တကယ် ... ပျော်စရာ ကောင်းလေသော်

ဖြစ်ပါသည်။

"ဂေရာဇ်ငါလေအရင်ကနင်နဲ့ဘဝတစ်လျှောက်လုံးလက်တွဲ



www.burmeseclassic.com

www.burmeseclassic.com



သွားမယ့်အရေးကိုစဉ်းစားမိတိုင်းငါဘာကိုတွေးသလဲသိလား"

"နောင်တတွေကိုတွေးမိမှာပေါ့"

"ဟင့်အင်း"

"ဒါဖြင့်ဘာကိုတွေးမိလဲ"

"ခန္ဓာကိုယ်ကြွေပျက်သွားရတော့မယ့်မိန်းကလေးတစ်ဦးဘဝ ကိုရောက်ရတော့မယ်လို့တွေးနေမိတယ်"

"အစရော"

"ငါ့အတွက် မိုးကောင်းကင်ကြီးကနေ ကံကောင်းခြင်းလက် ဆောင်ကိုရလိုက်တော့မယ်လို့ထင်မိနေတယ်"

"သက်ဦးသဖင် နင်ငါ့ကိုမယုံကြည်သေးဘူးနော်"

"နင့်ကိုယုံကြည်နိုင်မယ့်အင်းအားတွေကိုမွေးနေပါပြီ"

"ကျေးဇူးတင်ပါတယ်သက်ဦးသဖင်"

"နင်မှားနေပြီ"

"ဘာလို့"

"ငါကနင့်ကိုအရမ်းကျေးဇူးတင်နေတာပါ၊ ဘာကြောင့်လည်း ဆိုပြောရရင်ငါ့အနာဂတ်မျှော်လင့်ခြင်းတွေကိုနင်ကရှင်သန်ခွင့်ပြုခဲ့ လို့လေ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ကို... ကိုကျော်ဇောမြင့်မောင် ကိစ္စဘယ်လိုစဉ်းစားထား
ဟင်"

"ကိုရဲ့အဖြေကို ရေစွဘာကြောင့်သိချင်ရတာလဲ"

"ကိုနဲ့ရေစွကြားမှာ ထိန်းချန်ထားစရာ အကြောင်းတွေရှိသေး
လို့လား"

ရေစွဒီနာစကားသံကိုရှူးနားဒေသ ပ်ကြည့်ပုံ... သူရိန်စေ
နှင့် ပတ်သက်မှုကို တွက်ဆလို့ရလိုက်သည်။ ရေချူးကိုမိန်ဆိုသေ
နေရာမှာ ဘီးသန့်တိုက်လုံးချင်းတစ်လုံးတွင် ဖြစ်သည်။ အရင်



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စဒီနာနှင့် သူရိန်ကေရာဇ်တို့ တွေ့ဆုံနေသော နေရာတစ်ခုပင်ဖြစ်ပြီး သူရိန်ကေရာဇ်မှ ခရစ္စဒီနာအတွက် ဝယ်ပေးထားသော တိုက်ဆိုတာကို မန္တလေးရီဦးထံမှ သိခဲ့ရပြီးဖြစ်သည်။

"ကျော်ဇောမြင့်မောင် ခရစ္စဆီကိုရောက်ခဲ့ပြီနဲ့တူတယ်"

"ခရစ္စနဲ့ ကိုယ့်အတွက်သူက မိတ်ဆွေကောင်းပါ"

"ကိုယ့်အတွက်မိတ်ဆွေကောင်းမဟုတ်ဘူး ခရစ္စ"

"ဟင်...ကို ဘာကြောင့်ဒီစကားကိုပြောရတာလဲ၊ ဘာလဲစက်ရုံကငွေကြေးတွေအတွက်ကိုကပြောလိုက်တာလား၊ ဒီလောက်ငွေတွေက ကိုအတွက်ဘာမှ မဟုတ်လောက်တဲ့ ငွေကြေးတွေပါ"

"ငွေကြေးထက် ယုံကြည်မှုကိုအလွဲသုံးစားလုပ်တာ အဆိုးဝါးဆုံးပဲ၊ ဒါကိုခွင့်လွှတ်ဖို့ဆိုတာ ဘယ်လိုမှမလွယ်တော့ဘူး ခရစ္စ၊ ပြီးတော့ အလုပ်သမားတွေနဲ့ ကျော်ဇောမြင့်မောင်ကြားက ပဋိပက္ခဟာ အရမ်းကိုကြီးမားသွားပြီ.."

"ကိုက ကေရာဇ်စက်ရုံကြီးပိုင်ရှင်လေ၊ ပြီးတော့ ကျော်ဇောမြင့်မောင်ကလည်း ကိုနဲ့သူငယ်ချင်းလေ၊ ဘယ်သူ့ဘက်ကကိုရပ်တည်မလဲ၊ ဘာမှမဟုတ်တဲ့ အောက်ခြေကလူတွေပေါ်မှာ ဒီလောက်ကြီး လိုက်လျှောမနေပါနဲ့ကိုရာ"

"ခေတ်စနစ်ကပြောင်းသွားပြီ ခရစ္စ... မင်းတို့ရဲ့ ဇာရှင်စနစ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ရာစုတစ်ခုနောက်မှာ ကျန်ရစ်ခဲ့ပြီ၊ လူဆိုရင် အလုပ်ပိုင်ရှင်ပဲ ဖြစ်ဖြစ် အလုပ်သမားပဲဖြစ်ဖြစ် သူတို့အတွက် အခွင့်အရေးဆိုတာရှိတယ်၊ ငါက ပိုင်ရှင်ဆိုပြီး လုပ်ချင်တိုင်းလုပ်လို့မရဘူး"

"ကိုက ဘုရားဆုပန်လိုက်ပြီနဲ့တူတယ်၊ အရမ်းကိုပြောင်းလဲသွားတယ်၊ ခုကိုပြောနေတဲ့စကားတွေက ခရစ္စဘယ်လိုမှ ယုံကြည်နိုင်စရာတောင်မရှိဘူး"

"ကိုဝန်ခံပါတယ်၊ ကို့ဘဝကိုအများကြီးပြောင်းလဲပစ်လိုက်ပြီ"

"ဖြစ်နိုင်ပါတယ်၊ သူရိန်ကောရာဖ်ဆိုတဲ့လူတစ်ယောက်အညာမညာမှိုင်းတွေမိသွားပြီမဟုတ်လား၊ ဟိုဟာမကြောင့်လား...ကို"

"ဘယ်သူ့ကြောင့်မှမဟုတ်ဘူး၊ လူ့ဘဝလူ့လောကမှာ ဘာမှတန်ဖိုးမရှိတဲ့ဘဝကနေ တန်ဖိုးရှိတဲ့ဘဝကိုပြောင်းလဲပစ်လိုက်တာပဲ"

"ထားလိုက်ပါ ကိုရဲ့ပြောင်းလဲခြင်း အဘိဓမ္မာကြီးကို ဆက်ပြီးဆွေးနွေးနေရင်လည်း ဘာမှထူးခြားတာမဟုတ်တာ၊ ခရစ္စအရှင်းဆုံးစကားကိုပဲ ပြောမယ်၊ ကိုကျော်ဇောမြင့်မောင်ကို စက်ရုံမှာဆက်ပြီးထားပါ၊ ပြီးတော့သူသုံးစွဲခဲ့တဲ့ ငွေကြေးတွေပေါ်မှာ ကိုသဘောထားကြီးပေးလိုက်ပါနော်"

"စိတ်မကောင်းပါဘူး ခရစ္စတောင်းဆိုမှုတွေကို ကိုတစ်ခုမှ မလုပ်ပေးနိုင်ဘူး၊ ဥပဒေကြောင်းကနေ ဆောင်ရွက်ဖို့အတွက် ကိုပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားလိုက်ပြီ"

"ရှင်ဒီလောက်ထိလုပ်စရာမလိုဘူး"

ခရစ္စဒီနာအစတော့်ကိုရုပ်ပျက်ဆင်းပျက်ဖြစ်သွားပြီးဒေါသသံနှင့်ပြောတော့သည်။

"သူ့ဘက်က စလိုဖြစ်ဖအောင်အရင်လုပ်ခဲ့တာလေ ခရစ္စ၊ မင်းငါ့ကိုတွေ့ချင်တာ ဒီကိစ္စဆိုရင် ကိုယ့်ဘက်က စကားကုန်သွားပြီ၊ သွားတော့မယ်"

"သူရိန်ကေရာဇ်"

ခရစ္စဒီနာအသံမှာ တင်းမာစွာပေါ်ထွက်လာသည်။ ချူးကိုနက်မှောင်နီကြီးဖြင့် စိုက်ကြည့်ကာ..

"ရှင့်ဘက်က ဘာတွေကို ဘယ်လိုပဲပြောင်းလဲလဲ၊ ခရစ္စ ဂရုစိုက်ဘူး၊ ရှင်နားလည်ထားရမှာက ခရစ္စဆိုတဲ့မိန်းမဟာ ရှင့်ရဲ့အပျော်နီးမယားမဟုတ်ဘူး"

"ဘာ..."

"ရှင် စာချုပ်ပေါ်မှာလက်မှတ်ထိုးပြီးယူထားတဲ့ဇနီးဆိုတာကိုရှင် ရှုရှင်ယောင်ဆောင်မနေနဲ့နော်၊ ရှင် ကိုကျော်ဖောမြင့်မောင်ကိစ္စကိုအရေးယူမယ်ဆိုရင်တော့ ရှင့်မင်္ဂလာပွဲကိုဖျက်ဘဲ့အပြင် သတင်းစားကျာနယ်တွေထဲကနေ ခရစ္စဒီနာသည် သူရိန်ကေရာဇ်၏ ဇနီးဝင်



www.burmeseclassic.com

www.burmeseclassic.com



ဖနီးဖြစ်ကြောင်းကို ဖော်ပြလိုက်ရုံပဲနော်၊ ခေတ်ကြီးက အရမ်း
ပျံ့လွင့်မှုမြန်တယ်ဆိုတာတော့ ကောင်းကောင်းကြီး သိနေမယ်ထ
ပါတယ်..."

ခရစ္စဒီနာတို့ ကောက်ကျစ်မှုကို စတင်ဖို့ခြေလှမ်းပြင်နေပြီ
တာကို သိလိုက်ပြီဖြစ်ပေမဲ့ ချူးဘက်က ခသွေးပျက်ချောက်ချားသ
ပုံပျက်သွားရင် မြေခွေးတွေအကြိုက်တွေ့နိုင်တာမို့ ချူးပြုံးလိုက်ပြီး

"ခရစ္စဒီနာ မင်းတို့က ငါ့ကိုစပ်ညှိညှိကောင်လို့ထင်ထား
ကိုး၊ ကောင်းပြီလေ၊ မင်းတို့လက်တံဘယ်လောက်ရှည်တယ်ဆို
ကို ငါစောင့်ကြည့်မယ်၊ တစ်ခုတော့ မင်းသိထားရမှာက ကေရာ
မိသားစုဝင်ရဲ့ချုပ်ထားတဲ့စည်းကမ်းတွေကိုဖောက်ဖျက်ပြီဆိုတာ
လမ်းဘေးမှာ ခွက်ဆွဲပြီး တောင်းရတဲ့ဘဝကိုရောက်တာ တော
ကေရာဖ်မိသားစုဆီက ကော်ခွက်တောင်ယူသွားလို့မရဘူးဆိုတာ
တော့မင်းမသိထားဘူးနဲ့တူတယ်"

"ဘာ..."

"ငါသာ လမ်းပေါ်ကိုရောက်ချင်ရောက်သွားမယ်၊ ကေရာ
မိသားစုရဲ့ဥစ္စာနေတွေကိုမင်းစိတ်ကူးယဉ်လို့တောင် မဖြစ်ဘူး
တော့သေချာတယ်၊ ဒါမှမဟုတ် မင်းက ငါ့ကိုဥစ္စာနေတွေကို ချစ်တ
မဟုတ်ဘဲလူကိုပဲချစ်ခဲ့တာဆိုရင်တော့ မင်းသဘောကောင်းပဲ ခရစ္စဒီနာ



www.burmeseclassic.com

www.burmeseclassic.com



ချူးစကားလုံးတွေက စရစ္စဒိနာအတွက် များစွာအကျပ်ရိုက်သွားစေတော့သည်။ သူဘို့ဘက်က တင်းမာမှုတို့သည် သူတို့မက်မောနေသော ဧကရာဇ်မိသားစုပိုင်ဥစ္စာဓနတွေကို တစ်ပြားတစ်ချပ်တောင် မရနိုင်ဘူးဆိုတာကို သဘောပေါက်သွားပြီး..

"ကို..."

"မင်းမှာပြောချင်တဲ့စကားလုံးတွေရှိနေသေးရင်ပြော၊ ဒါပေမဲ့ကျော်ဇော်မြင့်မောင်အတွက် တောင်းဆိုမယ့်စကားဆိုရင် ပြောမနေနဲ့တော့"

"ကိုနဲ့စရစ္စ...ဒီညအတူနေခွင့်မရှိတော့ဘူးလား"

"ကိုယ့်မှာ သတို့သမီးလောင်းရှိနေတယ်လေ၊ ကိုယ့်ဘက်က ခသွားအလာတော့ ဆင်ခြင်သင့်တယ်"

"ကို..."

စရစ္စဒိနာ သူ၏ကျွမ်းကျင်ဆုံးမာယာတို့ဖြင့် မြူဆွယ်ရန်အတွက် အနားသို့ တိုးကပ်လာချိန်မှာ ချူးကျောပေးပြီးထွက်လာခဲ့တော့သည်။

"ရှင်...ရှင်...တောက်.."

စရစ္စဒိနာ ခံပြင်းမှုတွေနှင့် နောက်တွင်ကျန်ရစ်ခဲ့တော့သည်။ ချူးအတွက်မြေခွေးတို့၏ခြေရာကိုတွေ့လိုက်ရပြီဖြစ်တာကြောင့်ဘာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမယ်ဆိုတာကိုတွေးရတော့မည်ဖြစ်သည်။

ချူး မဖြစ်မနေ လုပ်ရမှာ–: ခရစ္စဒီနာ လက်တွင်ရှိနေသော လက်ထပ်စာချုပ်ကို ရအောင်ပြန်ယူဖို့ပင်ဖြစ်သည်။ ချူးအနေနှင့် ခရစ္စဒီနာဆီက လက်ထပ်စာချုပ်ကို အချိုသတ်ပြီး ပြန်ယူရမှာလား ဒါမှမဟုတ် ငွေနှင့်အပြတ်ရှင်းပြီး ပြန်ယူရမလား၊ ငွေကြေးနှင့်ပတ် သက်ပြီး ခရစ္စဒီနာတို့နှင့် အပေးအယူလုပ်ဖို့ကမလွယ်၊ ချူးကို သူတို့ ဘက်မှ အပေးအယူလုပ်နိုင်သောအကြောင်းကတော့ရှိသည်။ ထို အကြောင်းကကျော်ဇောမြင့်မောင်နှင့်အလဲအလှယ်ပြုလုပ်နိုင်သည်။

"ဟူး..."

ချူးအတွက်အခက်ခဲဆုံးကာလတစ်ခုကိုဖြတ်ကျော်ရတော့ မည်ဖြစ်သည်။ သူရိန်ကေရာဇ်ထားခဲ့သောပြဿနာများစွာတို့ကိုချူး ဖြေရှင်းရတော့မည်။

"သူရိန်ကေရာဇ်မင်းဟာတကယ့်အရှုပ်ကောင်ပဲ..ဟင်.."

ပလက်ဖောင်းဓေားတွင် ဆီးသီးတွန်းလှည်းလေးကို တွန်း လျက်မင်းထက်ကိုလှမ်းပြီးတွေ့လိုက်ရခြင်းဖြစ်သည်။ ချူးနှင့်မင်းထက် အချုပ်ဆောင်တွင်လနှင့်ချီပြီးနေခဲ့ကြသလိုမင်းထက်ကိုထောင်ထဲ တွင်ကြည့်ရှုထားသူဖြစ်သည်။

"ဒီကောင်ထောင်(၃)နှစ်ကျသွားတာ ခု(၁)နှစ်တောင်မပြည့်

www.burmeseclassic.com

www.burmeseclassic.com



ဘသားဘူး၊အပြင်ပြန်ပြီးရောက်နေပြီ၊ငါလူများမှားတာလား"

ချူးကားကိုဆီးသီးလှည်းကလေးရှေ့နားတွင်ထိုးရပ်လိုက်ပြီး ကားပေါ်မှဆင်းခဲ့သည်။

"စလေဆီးသီးတွေတစ်ဘူး၂၀၀/-နော်"

"မင်းထက်"

"ဟာ...ကို...ကိုချူး...မဟုတ်လား..."

မင်းထက်...ချူးကို မျက်လုံးပွတ်သပ်ပြီးကြည့်ကာ အံ့အား သင့်နေတော့သည်။

"ဟုတ်ပါတယ်၊ ငါချူးပါကွာ၊ ဒါနဲ့မင်းထောင် (၃)နှစ်ကျသွား ပြီး ဘယ်လိုလုပ်ပြီး လွတ်လာတာလဲ၊ တော့ မင်းရဲဘက်ကနေ သစ်လာ တာမဟုတ်လား"

"ပေါက်ကရကိုချူးရယ်၊ကျွန်တော်တို့သမ္မတကြီးရဲ့စေတနာ ကြောင့် လွတ်ငြိမ်းလာတာပါ"

"မင်း...အမှန်တကယ်လမ်းကြောင်းမှန်ကိုရောက်သွားတာ လား၊ ဒါမှမဟုတ် ခွင်လိုက်ပြီးချက်နေတာလား"

"ကျွန်တော်တို့ပေါ်မှာ စေတနာကောင်းနဲ့လွှတ်ပေးခဲ့တဲ့ သမ္မတကြီးရဲ့စေတနာကိုတန်ဖိုးထားတဲ့အနေနဲ့အရင်က မကောင်းမှု တွေကို အပြီးစွန့်လွှတ်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပါမင်းထက်"

"ဒါနဲ့ဟိုမှာရပ်ထားတဲ့ကားကြီးကကိုချူးကားလား"

"အေး..."

"ဆိုက္ကားမနင်းတော့ဘဲကားအရှိင်ဘာလုပ်နေတယ်ပေါ့"

"မင်းတို့ဘဝပြောင်းလဲသလို ငါ့ဘဝလည်းပြောင်းလဲသွားပြီ အဲဒါ ငါ့ကားပိုင်"

"ဟာ..."

"လူ့ဘဝဆိုတာ ပြောရခက်တယ်၊ ဒီနေ့နဲ့မနက်ဖြန်တောင် မတူတော့ဘူး၊ မင်းထက်...မင်းနဲ့တွေ့တာ အံ့တော်ပဲကွာ၊ မင်းဆီက အကူအညီတစ်ခုလိုချင်တယ်"

"ကိုချူးဟာ ကျွန်တော့်ကျေးဇူးရှင်ပါ၊ ထောင်ထဲမှာ ကျွန်တော့်ကို ကြည့်ခဲ့တာကို မမေ့ပါဘူး"

"ဒီအတွက်မင်းဆီကပြန်ပြီးအကူအညီတောင်းတာမဟုတ်ဘူး၊ ငါတကယ့်ကိုမင်းအကူအညီလိုအပ်နေတာ"

"ကျွန်တော် ဘာကူညီရမလဲပြော"

"မင်းနဲ့ငါ အေးအေးဆေးဆေးတွေ့ပြီးတော့မှ ဖြစ်မယ်၊ ငါ့ဖုန်းနံပါတ်၊ မင်းအားမယ့်နေ့ကိုဖုန်းဆက်လိုက် မင်းထက်"

"ကောင်းပြီကိုချူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းထက်မင်းဘဝအတွက် လိုအပ်တာရှိရင်ငါ့ကိုပြောပါ"

"ကိုချူး..လူဆိုတာ လောဘရဲ့သားကောင်တွေ၊ အလွယ်တကူရရင် လွယ်ကူသလိုကုန်ပြီး နောက်ဆုံးဘဝပါ စွမ်းအင်မရှိတော့ဘူးဖြစ်သွားတတ်တယ်၊ ကျွန်တော် စွမ်းအားရှိသလောက်နဲ့ပဲ ဖြတ်သန်းမယ်ဗျာ"

"မင်းစကားတွေကို လေးစားလောက်ပါတယ်၊ သွားပြီခင်းထက်၊ မင်းငါ့ဆီကို မဖြစ်နေ ဆက်သွယ်ပါ"

"စိတ်ချ..ဒီရက်အတွင်းဆက်သွယ်လိုက်မယ်"

မင်းထက်ကိုနှုတ်ဆက်ပြီး ကားဆီသို့ပြန်လာခဲ့တော့သည်။ ခင်းထက်ကို ချူးဖောက်ထွင်းလောကထဲကို ပြန်၍မသွားစေချင်ပါ၊ ဒါပေမဲ့ ရေစွဒီနာဆီက လက်ထပ်စာချုပ်ကိုပြန်ရဖို့ နည်းလမ်းကတော့ ခင်းထက်၏အကူအညီက အရေးပါနေခဲ့သည်။

ရေစွဒီနာကိုစွနှင့်ပတ်သက်ပြီး မနွယ်ရီဦးနှင့်လည်း တိုင်ပင်ချိန်မှာဖြစ်သည်။ ချူးဘဝ၊ ချူးနလုံးသားထဲတွင် သက်ဦးသဇင် သည် အရေးပါသောလူတစ်ယောက်ဖြစ်လာတာကို ဝန်ခံမိ၏။ ဒါပေမယ့် တစ်နေ့နေ့တစ်ချိန်ချိန်တွင် သက်ဦးသဇင်တစ်ယောက် သူ့ရိန်ဇကရာဇ် မဟုတ်ဘူးဆိုတာကိုသိခဲ့ရင် ဘယ်လိုဆုံးဖြတ်ပေးမလဲ၊ ချူးအာခနနှင့် သက်ဦးသဇင်ကို ဖနီးသည်ဘဝနှင့် ဆုံးဖြတ်ချက်ကို ပေးနိုင်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ချူးအခနေနှင့် လုံးဝမမျှတသော ဆုံးဖြတ်ချက်ကို ပေးနိုင်ခြင်း ဖြစ်သည်။

"မမောင်ရယ်ကေရာဇ်ကလည်း ကေရာဇ်မိသားစုရဲ့မိသားစု ဖြစ်သလိုမမောင်ကလည်းကေရာဇ်မိသားစုပါပဲ...ကွာခြားတာဘာရှိ လို့လဲသက်ဦးသဇင်နှလုံးသားကို ကိုင်လှုပ်မယ်ဆိုရင်တောင်မမောင် ကတောင် ကိုင်ပြီးလှုပ်နိုင်မယ့်သူပါ၊ ဒီအတွက် မမောင်ဘာမှတွေးမှ မနေနဲ့မမတာဝန်ယူတယ်"

မနွယ်ရီဦး ဘာကယ်ပင် တာဝန်ယူနိုင်သူလား...။

ဝ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

မင်းထက်နှင့်ချိန်းဆိုထားသော ဆိုင်တွင် ချူး ရောက်လာပြီး ဒိပ်မကြာ…မင်းထက်ရောက်လာသည်၊ သူတစ်ယောက်တည်းတော့ …တ်စိုးကြီးနှင့်…

“ချူး”

“စိုးကြီး မင်းလည်းလူလိမ္မာဖြစ်သွားပြီပေါ့”

“ခေတ်စနစ်နဲ့အညီ ဘဝကိုပြောင်းလဲပစ်လိုက်ပါပြီကွာ…၊ ဒီ …တာင်နဲ့ လမ်းမှာတွေ့တာနဲ့ လိုက်လာတာ”

“ဒါနဲ့ မင်းခုဘာလုပ်နေလဲ”

“စားသောက်ဆိုင်တစ်ဆိုင်မှာ လုံခြုံရေးလုပ်နေတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကြေးစားလှမိုက်ပေါ့"

"အရင်လိုကိုယ်ကရမ်းကားတဲ့ဘဝမျိုးမဟုတ်တော့ဘူး စုကိုယ်ကရမ်းကားတဲ့ကောင်တွေကိုပြန်ပြီးထိန်းသိမ်းနေရတာ"

"ကောင်းတာပေါ့ကွာ"

"ကိုရှူးကျွန်တော်တို့ဇာတ်လမ်းထဲမှာ စိုးကြီးကိုအသုံးပြုရ တယ်"

"မင်းအတွက်လိုအပ်ရင်ညှိကြည့်ပေါ့၊ စိုးကြီးကရောလုပ် နိုင်ပါ့မလား"

"ရှူး ဒီအတွက် ဘာမှမပြောနဲ့တော့ မင်းနဲ့ပတ်သက်ပြီး ငါ့ အကြွေးရှိနေတာပြီးတော့ ငါအချုပ်ကျနေတုန်းကလည်း မင်းလိုအ တာကူညီပေးခဲ့တာပဲကွာ စိတ်တူကိုယ်တူပေါ့"

"မင်းထက်အိမ်အခြေအနေ လေ့လာပြီးပြီလား"

"အပြင်ကတော့လေ့လာပြီးပြီ အထဲပိုင်းကိုတော့ မလေ့လာ သေးဘူး"

"မင်းသွားကြည့်တဲ့အိမ်က ခရစ္စဒီနာ အိမ်မဟုတ်လား"

"ဟုတ်တယ်မင်းသိလို့လားစိုးကြီး"

"ခရစ္စဒီနာနဲ့ပတ်သက်ပြီး ငါသိသင့်သလောက်တော့သိ တယ်၊ စုငါလုပ်နေတဲ့စားသောက်ဆိုင်ပိုင်ရှင်ကိုမျိုးမင်းမောင်ရဲ့အစ်

www.burmeseclassic.com



ကျော်ဇောမြင့်မောင်နဲ့မကြာခဏရောက်လာဘူးတယ်"

"ဟင်... စိုးကြီး သူတို့ရောက်လာတဲ့ပုံစံက ဘယ်လိုအနေအထားလဲ"

"ပေါ်ပေါ်တင်တင်ဖယားတော့မဟုတ်ဘူး၊ ကပ်ပြီးခွေနေကြတာ...၊ စားသောက်ဆိုင်ကို ကျော်ဇောမြင့်မောင်က သူ့ညီအမည်နဲ့ ဖွင့်ပေးထားတာ...၊ ဒီကောင်ကကောရာဖ်စက်ရုံပိုင်ရှင် လိုလိုပြောနေတာပဲကွ"

"စိုးကြီး... ကောရာဖ်ဂျုံစက်ရုံပိုင်ရှင်က ကျော်ဇောမြင့်မောင်မဟုတ်ဘူးငါပဲကွ"

"ဟင်...ဟာ..."

"ဒီကောင်ငါ့ကိုကျော်ပြီး အလွဲသုံးစားလုပ်နေတာလေ၊ ခုဒီကောင်ကိုတရားစွဲဖို့လုပ်နေပြီ၊ တစ်ခုတော့မင်းတို့ကိုပြောထားမယ် ငါချူးဆိုတာကိုဘယ်သူမှတော့မသိစေနဲ့ကွာ၊ ငါ့မှာကိစ္စလေးတွေကပြတ်သေးလို့"

"အေးပါကွာ"

"စိုးကြီး မင်းခရစ္စအိမ်ကိုဝင်ဖို့ကိုဘယ်လိုစဉ်းစားထားလဲ"

"မင်းကအရင်ချက်ပြီးမှဝင်ဖောက်မှာမဟုတ်ဘူးလား"

"ကိုယ့်ဘက်ကအနေအထားကို အပိုင်တွက်ချက်ပြီးမှဝင်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ခက်နေတာ အရင်ဝင်ပြီး ချက်ကာင်လုပ်ဖို့ပဲ"

"ဒီအတွက်မပူနဲ့... ရေစွဒီနာအိမ်ကို မနက်ဖြန်တစ်ပတ်

ရိုက်ကွာတွေကိုငါသွားပြီးပို့ရမှာ မင်းငါနဲ့အတူလိုက်ခဲ့ပေါ့"

"သိပ်ကောင်းတဲ့အကွက်ပဲဟော့၊ စိုးကြီးနဲ့တွေ့ရတာအဆော

ကိုအဆင်ပြေတာပဲဟော့"

"မင်းထက်နဲ့စိုးကြီး"

"ဘာလဲ ချူး"

"မင်းတို့အတွက် ငွေလိုအပ်ရင်ပြော"

"နေပါချူးရာ စက်စွမှာငါတို့က ငွေကြောင့်လုပ်ရတာမျိုးမဟု

ချင်ဘူး သူငယ်ချင်းအကာနဲ့ကူညီတာ"

"မင်းတို့စေတနာကို သဘောပေါက်ပါတယ်၊ ဒါပေမဲ့ မင်းတို့

နောက်မှာ မိသားစုရှိသေးတယ်လေ"

"ချူး ငါတို့တစ်ခုခုဖြစ်သွားခဲ့ရင်တော့ ကျန်ခဲ့တဲ့မိသားစုကို

မင်းကြည့်ချင်တဲ့ဆန္ဒရှိရင်ကြည့်ပေါ့"

"မင်းတို့စကားအတိုင်း မင်းတို့ကိုမကြည့်တော့ဘူး၊ မင်းတို့

မိသားစုကိုပဲကြည့်တော့မယ်၊ ဒါကလေးတွေအပေ... သွားကြ"

"ဟာကွာ"

"မလုပ်ပါနဲ့ မယူချင်ဘူးကိုချူး"



www.burmeseclassic.com

www.burmeseclassic.com



"စိုးကြီးနဲ့မင်းထက် မိသားစုကမင်းတို့အပေါ်မှာ ရပ်တည်နေကြရတာပါကွာ...၊ သူတို့အတွက် ထမင်းစားဖို့မပူပင်ရဘူးဆိုရင် မင်းတို့လုပ်ရကိုင်ရတာလည်းနောက်ဆံမတင်းရဘူးပေါ့"

မင်းထက်နှင့်စိုးကြီး မငြင်းနိုင်ရတော့ဘဲ ရျှုးပေးသောငွေတွေကိုယူလိုက်ကြရသည်။

"မင်းတို့နှစ်ယောက်လုံးကို ငါ့ဘက်ကအပွင့်လင်းဆုံးပြောရရင်ရင်ငါလုပ်ခိုင်းတဲ့ကိစ္စဟာ ငါ့အတွက်၊ ငါ့အကျိုးစီးပွားအတွက်မင်းတို့ကိုအသုံးချတာမဟုတ်ဘူး၊ ကောက်ကျစ်စဉ်းလဲတဲ့လူတစ်စုကိုရင်ဆိုင်ရမယ့်ပွဲတစ်ခုမို့ပါကွာ"

"မင်းစိတ်ချတ်ကို ငါတို့ကောင်းကောင်းကြီးသဘောပေါက်ထားပါတယ်"

"ငါတို့လမ်းခွဲကြမယ်၊ ဆက်သွယ်ဖို့ကငါပြောထားတဲ့အတိုင်းပဲ"

"အင်း"

ရျှုး...မင်းထက်၊ စိုးကြီးတို့နှင့်လမ်းခွဲပြီးပြန်လာခဲ့တော့သည်။ ရျှုးအတွက် အကြီးမားဆုံး အခက်ခဲကြီးတစ်ခုကိုမဖြစ်မနေ ကျော်ရတော့မှာမို့ အမှားတစ်ကွက်ကိုရှေ့လို့မရနိုင်တာပါ၊ ဧကရာဇ်မိသားစုဘဝထဲကို သူရောက်ခဲ့ခြင်းဟာ အမှားတစ်ခုကိုဖြစ်စေခဲ့ပြီးပြီ၊ ဒါမှ

www.burmeseclassic.com



မဟုတ်မကောင်းမှုတွေကြီးစိုးနေသောကရောစ်မိသားစုကြီးအတွက် ရှင်းလင်းနိုင်ဖို့ရောက်ခဲ့လေသလား...။

ဘာတွေပဲဖြစ်ဖြစ်ငါဟာကရောစ်ရဲ့မိသားစုသွေးရင်းများတစ်ဦး ဖြစ်လို့ငါ့မှာတာဝန်ရှိတယ်၊ဒီကိစ္စတွေကိုငါဖြေရှင်းရမယ်...။

ချူး မောင်းလာသောကားမှာ ကရောစ်စံအိမ်ကြီးခြံဝဆီသို့ ရောက်ခဲ့ပြီဖြစ်တာကြောင့်အတွေးစကိုဖြတ်ပြီးခြံတံခါးကိုဖွင့်နိုင်းကာ ကားမောင်းဝင်ခဲ့တော့သည်။

အိမ်ရှေ့အပေါက်ဝတွင် သက်ဦးသဇင်ရပ်နေတာကို တွေ့သ ဖြင့်....။

"သက်ဦးသဇင်အပြင်သွားမလို့လား"

"ဟင့်အင်း...ကရောစ်ကိုစောင့်နေဟာ"

"အိမ်ထဲမှာပြောမလား၊ခြံထဲမှာပဲပြောမလား"

"ရေကူးကန်နားမှာ ပြောကြရင်ကောင်းမယ်"

"သဘောပဲလေ"

ရေကူးကန်ဘေးရှိထိုင်ခုံလေးတွင် နှစ်ယောက်အတူတူထိုင် ရင်း...။

"သက်ဦးသဇင်ပြောစရာရှိတယ်ဆို"

"ဟုတ်တယ် တခြားတော့မဟုတ်ပါဘူး၊ ငါ့ကိုအမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖုန်းဆက်တယ်"

"ဟင် ဘယ်သူလဲသက်ဦးသဇင်"

"ခရစ္စဒီနာလို့ပြောတယ်"

"ဘာ..."

"ကေရာဇ်.... ခရစ္စဒီနာ နာမည်ကြားတာနဲ့ တုန်လှုပ်စရာဖြစ်သွားပြီလား"

ခရစ္စဒီနာဘက်မှခြေလှမ်းတွေစတင်နေပြီဖြစ်သည်။

"မတုန်လှုပ်ပါဘူး သက်ဦးသဇင် ဒီအတွက်မကြာခင် ငါဖြေရှင်းမှာပါ"

"သူဘာပြောသွားလဲနင်မမေးတော့ဘူးလား"

"ငါ့အတွက်ကောင်းမွန်တဲ့ စကားတွေမဟုတ်နိုင်တာကိုကြားနေရမှာပဲ"

"နင်ကကိုယ့်ကိုယ်ကိုယ်တော့သိနေတာပဲနော်"

"ငါ့ဘဝမှာအမှားများစွာကိုလုပ်ခဲ့သူဆိုတော့ဒီအမှားတွေရဲ့ တန်ပြန်မှုကိုမဖြစ်မနေ ငါပြန်ပြီးခံရမယ်ဆိုတာ သိနေပါတယ်"

"နင့်အမှားတွေကို ဝန်ခံရဲတာကိုချီးကျူးပါတယ်၊ ခရစ္စဒီနာပြောသွားတာက နင်သိသင့်တယ်လေ"

ချူး စကားသံတိတ်စွာနဲ့ ရေကူးကန်ကိုငေးကြည့်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူပြောတဲ့စကားထဲမှာ သိပ်ပြီးတော့ထူးထူးခြားခြားမပါ
ဘူး၊ ဒါပေမဲ့ငြိမ်းချောက်သလိုတော့ဖြစ်နေတယ်"

"သူက ဘယ်လိုငြိမ်းချောက်တာလဲ သက်ဦးသဇင်"

"ကေရာဇ်မိသားစုကြီးရဲ့ဂုဏ်သိက္ခာကိုကာကွယ်ဖို့လိုအပ်နေ
ပြီလို့ပြောတယ်လေ"

"ငါနဲ့ပတ်သက်မှုကိုရော ပြောမသွားဘူးလား"

"ငါကိုယ်တိုင်က မမေးလိုက်တာပါ၊ သူ့ဘက်ကပြောဖို့တော့
ပြင်ဆင်ပါသေးတယ်၊ ငါက ကေရာဇ်နဲ့ပတ်သက်တာတွေကိုမသိချင်
ဘူးလို့ပြောလိုက်တော့မှ နင်နဲ့ပတ်သက်ပြီးစကားမဆက်တော့တာ"

"သက်ဦးသဇင် ငါ့ကိုအချိန်လေးနည်းနည်းလောက်ပေးပါ"

"ဘာအတွက်နင်ကတောင်းရတာလဲ"

"အရမ်းကိုရှုပ်ထွေးနေတဲ့ကိစ္စတွေကို ငါရှင်းလင်းချင်လို့"

"ကေရာဇ်နင့်ကိုငါ့ဆန္ဒနဲ့ ငါ့စိတ်ခံစားကိုအပွင့်လင်းဆုံးပြော
မယ်၊ နင့်ရင်ထဲကနားထောင်ပါ... နင့်ကိုငါငယ်ငယ်လေးကတည်းက
မုန်းတီးသလိုဖြစ်ခဲ့ပေမဲ့ ငါ့ရဲ့အမုန်းတရားတွေဟာ အစွန်းမကျခဲ့ပါဘူး
နင့်ရဲ့ပြောင်းလဲမှုတစ်ခုကိုရောက်ပါစေလို့ဆုတောင်းခဲ့ဘူးတယ်၊ ကေ
ရာဇ်မိသားစုကြီးရဲ့ အစဉ်အဆက်တည်ဆောက်ခဲ့တဲ့ ကံဒ်လေး
ငါမပျက်စီးစေချင်ဘူး ကေရာဇ်နင်ဟာကောင်းသူဖြစ်စေ၊ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်စေ ကောရာဇ်ကမ္ဘာထဲမှာပဲရှိနေကြရင် ငါကျေနပ်နိုင်ခဲ့တယ်လေ ငါယုံကြည်တာတစ်ခုက လူဆိုတာ ပြုပြင်ပြောင်းလဲခြင်းပေါ်မှာ သွားလာနေကြသူတွေပါ။ ဒီအတွက် ငါကြိုးစားမယ် နှင့်ကိုပြုပြင်နိုင်သော လူတစ်ယောက်ဖြစ်အောင် လုပ်မယ်ဆိုတဲ့စိတ်ကူးရှိထားသူပါ၊ ဒါကြောင့် နှင့်ရဲ့ရှုပ်ထွေးမှုတွေကို မသိကျိုးကျွန်ပြုပြီး နေခဲ့တာပဲ ကောရာဇ်"

"သက်ဦးသဇင် နှင့်စိတ်ဓာတ်ဟာ သိပ်ကိုမြင့်မြတ်ပါတယ်"

"ဒီလောက်ကြီးမဟုတ်သေးဘူး ကောရာဇ်ငါက ကောရာဇ်မိသားစုကမ္ဘာလေးကို မြတ်နိုးခဲ့သူပါ"

"သက်ဦးသဇင် နှင့်ကိုငါကတိတစ်ခုပေးပါတယ်"

"ဘာကတိကိုနှင်ပေးမှာလဲ၊ နှင့်အတွက်အရမ်းကိုကျပ်တည်းနေမယ်ဆိုရင် မပေးပါနဲ့ဟာ"

"ငါ့အတွက် မကျပ်တည်းပါဘူး"

"ဒါဆိုပြောကြည့်လေ"

"နှင့်လိုပဲ ငါလည်း ကောရာဇ်မိသားစုကမ္ဘာလေးကို တည်တံ့နေအောင် ကြိုးစားပေးပါ့မယ်"

"ငါတို့နှစ်ယောက်ရဲ့အတူညီဆုံးဆန္ဒလေးအတွက် အမှတ်တရရက်လေးအဖြစ် သတ်မှတ်လိုက်မယ်နော်"

www.burmeseclassic.com



"နင့်သဘောပဲ သက်ဦးသဖင်"

"ဒါနဲ့ စက်ရုံအခြေအနေရော ကောင်းသွားပြီဆို"

"အင်း အလုပ်ရှင်နဲ့အလုပ်သမားကြားမှာ ပဋိပက္ခဆိုတာကို ချုပ်ငြိမ်းပစ်လိုက်ပြီဟာ"

"နင့်ကိုအရင်က ဒီလောက်ထိတော်မယ်လို့မထင်ထားဘူး"

"နင်သတိမထားမိလို့ဖြစ်မှာပါ"

"မထင်နဲ့ ကျောင်းနင့်ဖြေလွှာမ်းတွေအားလုံး ငါ့မှာမှတ်တမ်းရှိတယ်"

"ဟာ... တကယ်"

"နင်မယုံဘူးလား"

"ယုံပါတယ်... ဘာလို့မှတ်တမ်းလုပ်ထားရတာလဲဆိုတာကို ပြောပြလို့ရမလား"

"အရင်ဆုံး နင်ဖြေကြည့် ငါဘာကြောင့်မှတ်တမ်းလုပ်ထားရသလဲလို့ နင်ထင်လဲ"

"ငါဒီလောက်ထိမတွေးနိုင်ပါဘူး"

"နင့်ကိုငါက တစ်ဖက်သတ်ကြိုက်ပြီး စုံစမ်းတာလို့တွေးကြည့်ပေါ့"

"ဟင့်အင်း ဒီအတွေးမျိုးကတော့ ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ငါသိတယ်၊ငါလိုလူမျိုးကိုနင်ဘယ်တော့မှချစ်နိုင်မှာမဟုတ်ပါဘူး"

"နင်ကလည်းငါလိုမိန်းကလေးကိုချစ်လာမှာမဟုတ်ဘူးလေ"

ရှူးနလုံးသားကိုထိုစကားလေးကိုပြင်းဆိုချင်ပေမဲ့ ရှူးရင်ထဲမှာတိတ်ဆိတ်စွာပဲကြွေလွင့်သွားရတော့၏။

ငါ့နလုံးသားဟာ သူ့ရိန်ဇကေရာဇ်နလုံးသားမဟုတ်ဘူးဆိုတာကို.....။

○ ◔ ◓ ◓ ◓ ◓ ◓ ◓ ◓



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

"ကေရာဇ်...၊ နင်ကျော်ဇောမြင့်မောင်အမှုကိုရုပ်သိမ်းပေးပါ"

"ငါ့စကားလုံးတွေကုန်သွားပြီ ရေစွဒီနာ..."

ကျော်ဇောမြင့်မောင်ကိုရဲစခန်းတွင်အမှုဖွင့်ပြီး သက်ဆိုင်ရာမှ ဖမ်းဆီးကာ တရားရုံးကိုတင်လိုက်ပြီဖြစ်သည်။ ကေရာဇ်စက်ရုံပိုင် ငွေကြေးများကို အလွဲသုံးစားပြုခဲ့သော ကျော်ဇောမြင့်မောင်နှင့် အပေါင်းပါတွေကို ချူး အပြတ်သားဆုံး ကိုင်တွယ်သည့်ပွဲပင်ဖြစ် သည်။

"ရှင့်ဘက်က ဒီလောက်ထိလုပ်လာပြီဆိုတော့ ငါ့ဘက်ကငဲ့ ညှာစရာ အကြောင်းမရှိတော့ဘူး ကေရာဇ်၊ နင့်ကိုလည်းငါတရားစွဲ



www.burmeseclassic.com

www.burmeseclassic.com



ယ်၊ ပြီးတော့ တရားဝင်ဇနီးဖြစ်ကြောင်းကို တစ်နိုင်ငံလုံးသိအောင် ုပ်ပြမယ်"

ခရစ္စဒီနာပြောနေသော စကားလုံးတွေကို ချူး ပြုံးနေလိုက်ည်။

"ခရစ္စဒီနာ နင့်ကိုယ်ကိုလည်နေတယ်လို့ထင်ထားတာပဲနော်၊ ကျော်ဇော်မြင့်မောင်ပေါ်မှာ နင်ရလိုဖြစ်နေတာကို မြင်ရတာမနာလို ောင်ဖြစ်မိတယ်ဟား...ဟား....ဟား..."

"နင်... နင်... ငါ့ကို ကျော်ဇော်မြင့်မောင်နဲ့ မစွပ်စွဲနဲ့... ငါတို့က ူငယ်ချင်းတွေ နင့်ပေါ်မှာရော ငါ့ပေါ်မှာရော ကောင်းခဲ့တဲ့သူ"

"သိပ်မှန်တဲ့စကားပေါ့ဟာ၊ အေး ငါ့အတွက်မဟုတ်ဘူး၊ နင့် ခတွက်သိပ်ကိုမှန်တဲ့ စကားပဲ"

"ကောရင်...နင်...နင်ငါနဲ့ကျော်ဇော်မြင့်မောင်ကိုအထင်မလွဲ ံနဲ့ဟာ၊ နင်သူ့ကိုဒီလိုအထင်မှားပြီးရလိုလုပ်မယ်ဆိုရင်မှားသွားမယ် ကျော်ဇော်မြင့်မောင်နဲ့ငါက ရိုးရိုးသားသားခင်တာပါ..."

"နင်တို့ဘဝမှာ သစ္စာတရားဆိုတာ ရှိဘူးလို့လား...၊ သွေးသားနဲ့ တ်သက်လာရင် စည်းကမ်းမရှိသလို ငွေကြေးနဲ့ပတ်သက်လာရင် ည်း စည်းကမ်းမစောင့်တတ်ကြတဲ့ လူတန်းစားတွေ၊ နင်နဲ့ ကျော်ဇော်မြင့်မောင်ရဲ့တကျာဇာတ်ထုပ်ကြီးကို နင်တွေ့ချင်လား...၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာကြည့်"

ချူးသည် စီဒီအခွေနှင့် ဓာတ်ပုံတွေကို စားပွဲပေါ်သို့ပစ်တင်ပြီး ပြလိုက်သဖြင့် ခရစ္စဒီနာ သွေးဖျက်မတတ်ဖြစ်သွားသည်။

"ဒါဟာသူငယ်ချင်းပေါ်မှာ သစ္စာရှိတာ၊ နင်ကရောချစ်သူပေါ်မှာထားတဲ့ သစ္စာတရားတွေပေါ့ဟုတ်လား...၊ နင်ငြင်းလိုက်ပါဦး ခရစ္စဒီနာ"

"ငြင်းစရာအကြောင်းမရှိတော့ဘူး...၊ နင်နဲ့ငါ နောက်ဆုံးအပေးအယူလုပ်ဖို့ပဲကျန်တော့တယ်"

"ဘာလဲခရစ္စဒီနာ လက်ထပ်စာချုပ်နဲ့ အပေးအယူလား"

"ဟုတ်တယ်"

"ကောင်းပြီ....., နင့်လက်ထပ်စာချုပ်ကို ထုတ်ပြနိုင်ရင် ကျော်ဇောမြင့်မောင်အမှုကိုရုပ်သိမ်းပေးမယ်"

"နင့်ဘက်ကကတိတည်နော် ခဏစောင့်"

ချူးလက်ထဲတွင် မင်းထက်တို့၏ကြိုးစားမှုကြောင့် လက်ထပ်စာချုပ်မှာ ရောက်ရှိနေပြီဖြစ်သည်။

"ကောင်မ...နင်...နင်...ယုတ်မာ...ပြီ"

"ဘာကိုယုတ်မာလို့လဲ ခရစ္စဒီနာ..."

"နင်လက်ထပ်စာချုပ်ကိုခိုးသွားတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဇကာရာဇ်ဆိုတဲ့ကောင်က သူများပစ္စည်းဆိုအပ်တစ်ချောင်း တောင်မယူဖူးဘူး၊ နင်အထားမှားတာဖြစ်မှာပါ၊ သေသေချာချာရှာဦး၊ တွေ့တဲ့အခါငါ့ကိုအကြောင်းကြားလိုက်ပါ၊ ကျော်ဇောမြင့်မောင်အတွက် ကယ်တင်နိုင်တဲ့နည်းလမ်းကဒီတစ်ခုတည်းပဲရှိတာနော်"

"ဇကာရာဇ်...နင်ဟာ အရမ်းကိုကောက်ကျစ်တဲ့လူ"

"ခရစ္စဒီနာရယ် ဒီစကားကိုငါ့ကိုယ်စားနင်ပြောပေးတာသား၊ လက်ထပ်စာချုပ်ပေါ်မှာလက်မှတ်ထိုးအောင်နင်တို့ဘယ်လိုကြံစည်တယ်ဆိုတာတော့နင်မှတ်မိနေမှာပါ၊ဒီလောက်ပဲငါပြောခဲ့တော့မယ်"

"ဇကာရာဇ်....ဇကာရာဇ်"

ခရစ္စဒီနာ အော်ဟစ်ရင်းကျန်ရစ်ခဲ့တော့သည်၊ သူရိန်ဇကာရာဇ်ကို ထိုစဉ်က ခရစ္စဒီနာနှင့် ကျော်ဇောမြင့်မောင်တို့ အရက်မူးအောင်တိုက်ပြီး လက်မှတ်ထိုးနိုင်းခဲ့တာဖြစ်သည်။ သူရိန်ဇကာရာဇ်ဆိုတဲ့သူက ခရစ္စဒီနာ၏မာယာကျော့ကွင်းတွင် ယစ်မူးခဲ့ခြင်း၏ရလဒ်ဆိုးတစ်ခုကို ခံဆိုင်ခဲ့ရခြင်းဖြစ်သည်။ ထိုအဖြစ်အပျက်တွေကိုမန္တယ်ရီဦး၏ စုံစမ်းမှုကနေ ချူးသိခဲ့ရခြင်းဖြစ်သည်။

"ဒုန်း... ခွမ်း... ဝုန်း"

အိမ်ထဲတွင် ပေါက်ခွဲသံတွေကို ကြားနေရတော့သည်။ ချူးသားပေါ်ကိုတက်ရင်းနှင့် ရယ်မောမိလိုက်သည်။ ချူး စိတ်ထဲတွင်

www.burmeseclassic.com



ခရစ္စဒီနာကိုပြောဖို့စကားတစ်ခွန်းကျန်ရစ်ခဲ့သည်။ ထိုစကားမှာတေ
သက်ဦးသဇင်သည့်သူ့ကိုထင်ထားသလိုခပ်ညံ့ညံ့မိန်းကလေးတစ်ဦး
မဟုတ်ဘူးဆိုတာပင်ဖြစ်သည်။ ချူးနှင့်သက်ဦးသဇင်တို့မင်္ဂလာရက်
ကိုတိတိလင်းလင်းသတ်မှတ်လိုက်ပြီဖြစ်၏။

ချူး ကားလေးမောင်းထွက်သွားပြီး သိပ်မကြာ ခရစ္စဒီနာ
လေးထဲကို( )ကားတစ်စီးမောင်းဝင်လာသည်။ ထိုကားပေါ်တွင်
ဦးစိုင်းခီနောင်ခမ်း၊ ဂျင်မီဂျက်နှင့်နတ်ဆရာခွန်ဆေးလူးတို့ပါလာကြ
သည်။ အိမ်ရှေ့တွင်ကားကိုရပ်ပြီးအိမ်ထဲသို့ဝင်ခဲ့ကြတော့သည်။

"ခရစ္စဘာတွေဖြစ်နေတာလဲလမ်းမှာပဲကောင်စကေရာဇ်ကား
ကိုတွေ့လိုက်တယ်၊ သမီးဆီကိုလာသွားတာလား"

"ဟုတ်တယ်၊ ဒီကောင်အရမ်းကိုကောက်ကျစ်တယ်"

"ဟင် ဒီကောင်ဘယ်လိုကောက်ကျစ်တာလဲ"

"သမီးဆီက လက်ထပ်စာချုပ်ကိုခိုးသွားတယ်လေ"

"ဘာ..."

"ဟာ... ဒါမှတကယ်ကိုပြဿနာပဲ အန်ကယ်တို့အတွက်
နောက်ဆုံးသက်ကယ်က ဒီလက်ထပ်စာချုပ်ပဲ...၊ အမေရိကာမှာ
ရှိနေတဲ့စကေရာဇ်မိသားစုရဲ့ဘုန်းတော်ကြီးဒင်းနပ်(စ်)ကိုခေါ်ပြီ
မြန်မာပြည်ကိုကြွလာနိုင်းပြီး ဒီလက်ထပ်စာချုပ်နဲ့ အပြတ်ရှင်းမလို



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သွားပြီ ခရစ္စရယ်နင်ညှံ့လိုက်တာ လက်ထပ်စာချုပ်ကို ဘာလို့ အလွယ်တကူယူလို့ရတဲ့နေရာမှာ ထားတာလဲ"

"သမီးအလွယ်လေးထားတာမဟုတ်ဘူး၊ အာမခံသေတ္တာထဲမှာ ထည့်ထားတာ"

"ဒီကောင့်အနေနဲ့တော့ ဒီလိုသေတ္တာကြီးကို ဖွင့်တတ်မှာမဟုတ်ဘူး၊ ဒီလိုသော့ကို တကယ့်ထိပ်တန်းသော့ဝိဇ္ဇာတွေလောက်ပဲ ဖွင့်တတ်တာ"

"ဒါကလည်း ဒယ်ဒီရာ ဖောက်ထွင်းသမားတွေကို ငွေပေးပြီး ခိုးခိုင်းရင်လည်း ရတာပဲဟာ...၊ ဒယ်ဒီကျွန်တော်တို့ဆီမှာရှိတဲ့ ဓာတ်ပုံတွေနဲ့ ဘုန်းကြီးကိုပြရင်ရော...မဖြစ်နိုင်ဘူးလား"

"ကောရာဇ်ပွဲတာကိုအားလုံးသိတယ်၊ တရားဝင်လက်ထပ်ခြင်း မဟုတ်ရင် ဘယ်သူကမှ အပြစ်တင်ကြမှာမဟုတ်ဘူး"

"သက်ဦးသဇင်ကို ဖွင့်ပြောရင်ရော"

"ပိုပြီးဆိုးတယ် ကိုဂျင်မီ"

"ဘာလို့လဲ"

"ကျွန်မ သက်ဦးသဇင်ကို ဖုန်းနဲ့တီးခေါက်ပြီး ပြောကြည့်သေးတယ်"

"သက်ဦးသဇင်က ဘာပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဇကရာဇ်အရင်က ဘာတွေလုပ်ခဲ့လုပ်ခဲ့ သူစိတ်မဝင်စားဘူးတဲ့"

"ငါတို့ တော့ခရီးဆုံးနေပြီ..."

"မဆုံးပါဘူးကွာ..."

"ဆရာဘယ်လိုအကြံအစည်တွေရှိသေးလို့လဲ"

"ငါပြောတဲ့အတိုင်း မင်းတို့လိုက်ပြီးလုပ်ဖို့ပဲ လိုအပ်တယ်"

"စိတ်ချပါဆရာ ကျွန်တော်တို့လုပ်ပါ့မယ်"

"အရင်ဆုံး နတ်ဆရာတွေအတွက် ယစ်ပူဇော်ပွဲလုပ်ပြီး ဒင်းတို့နစ်ယောက်လုံး ဝိညာဉ်တွေကိုနတ်ယူဖို့တောင်းရမယ်၊ ပူဇော်ပွဲပြီးတာနဲ့ ဒင်းတို့နစ်ယောက်လုံးကိုရှင်းဖို့လုပ်ကြတော့"

"ဗျာ"

"ဟင်...ဟယ်"

နတ်ဆရာစွန်ဆေးလူး၏စကားကြောင့် အားလုံးစကားသံဆက်ပြီးမထွက်ခဲ့ကြ။ လူနစ်ယောက်အသက်ကိုသတ်ရမှာလွယ်သော အလုပ်မဟုတ်ပေ၊ ပြီးတော့ ရန်ကုန်လိုနေရာမှာ ပိုပြီးဆိုးသည်။

"ဆရာမလွယ်လှဘူးထင်တယ်"

"ဇကရာဇ်နှင့် သက်ဦးသဖင်ကို မင်းတို့မသတ်ရင် မင်းတို့ဘဝတွေကိုဒင်းတို့ကသတ်မှာပဲလေ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုင်းခီနောင်ခမ်း၊ ဂျင်မီဂျက်နှင့် ခရစ္စဒီနာတို့အတွက် နောက်ဆုတ်စရာလမ်းက မရှိတော့ သူရိန်ကေရာဇ်ကို နှစ်များစွာကြီးကိုင်နိုင်ခဲ့ကြသော သူတို့၏အခြေအနေမှာ မယုံနိုင်လောက်အောင် ပြောင်းလဲသွားရပြီဖြစ်သည်။

"ဒီကောင်ခုလိုပြောင်းလဲသွားတာ၊ စဉ်းစားလို့ကိုမရဘူး...၊ တောက်..."

"ဂျင်မီဒီကောင်ပြောင်းလဲတာကို အဖြေလိုက်ပြီးရှာမနေနဲ့ ခုဆရာပြောတဲ့အလုပ်ကို လုပ်ဖို့စဉ်းစားထားတော့"

"ဒယ်ဒီရန်ကုန်မြို့ကြီးမှာ လူသတ်မှုကျူးလွန်ရတာ လွယ်တဲ့အလုပ်မဟုတ်ဘူးနော်"

"မလွယ်လည်းလွယ်အောင်လုပ်ရမှာပဲကွ၊ ခုငါတို့လမ်းဘေးကိုရောက်တော့မယ်သိလား၊ ရှမ်းပြည်ကအိမ်ကို ဒီလအတွင်းမရွေးနိုင်ရင်ဆုံးပြီကွ"

"ဒင်းတို့နှစ်ယောက်သေသွားရင် ကေရာဇ်ပိုင်ပစ္စည်းတွေကို ဘျွန်တော်တို့ပိုင်ပြီပေါ့"

"သိပ်ဟုတ်တာပေါ့၊ ကေရာဇ်မိသားစုရဲ့တရားဝင်ဆွေမျိုးတော်ဆိုလို့ ငါပဲရှိတာလေ..."

"ဒယ်ဒီနှစ်ကောင်ကိုသတ်ဖို့ငွေတော့လိုအပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြေးစားငှားမလို့လားဂျင်မီ"

"ဟုတ်တယ် ခရစ္စ"

"ငါ့မှာငွေကမရှိတော့ဘူး။ ခုကျွေးစီးနေတဲ့ ကားလခတောင် မပေးနိုင်ဘူးဖြစ်နေပြီ..."

"မာမီကိုယ်ပေါ်မှာရှိနေတာတွေကိုထုတ်လိုက်ပေါ့"

"ဂျင်မီ ဒါ... ဒါတွေက အတုတွေကွ ဟန်မပျက်အောင်ဝတ်ထားရတာ...မင်းနဲ့ကွာ"

"ဂျင်မီ"

"ဘာလဲ ခရစ္စ"

"ငါ့မှာတော့ရှိခဲ့သလောက်တော့ရှိတယ်၊ ယူပြီးသုံးလေ"

"ကောင်းဘာခပေါ့ဟာ၊ ဒီကောင်ပျောရှင်းပြီးသွားတာနဲ့ နင့်ကို အကောင်းဆုံးဘဝတစ်ခုကိုရအောင်ဖန်တီးပေးမှာပါ"

"ကျွန်မအတွက်ကိုခကျော်ဇော်မြင့်မောင်ပြန်ပြီးလွတ်လာဖို့ပဲ လိုအပ်ပါတယ်"

"ဒီအတွက်ဘာမှမပူနဲ့တော့ရာဇ်မိုးဘားရုဥ္စာမနေပွေငါဟို့လက် ထဲရောက်ပြီဆိုတာနဲ့ ကျော်ဇော်မြင့်မောင်အတွက်... ...ဝဇ်ဂျုံတော့ ကြီးကိုလွှဲပေးမှာပါ"

"အန်ကယ်စကားကသေချာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ငါကလူကြီးပါဟ...ကဲ...ဂျင်မီလုပ်စရာရှိတာတွေအမြန်ဆုံးအကောင်အထည်ဖော်တော့၊ သူတို့မင်္ဂလာဆွမ်းကျွေးရက်မတိုင်မင်ပြတ်ရှင်းနိုင်မှဖြစ်မယ်"

"သူတို့မင်္ဂလာဆွမ်းကျွေးက သိပ်ပြီးမလိုတော့ဘူးနော်"

"ခုလာမယ့်တနင်္ဂနွေနေ့"

"အင်းဒါဆိုကြားမှာ (၅)ရက်ပဲလိုတော့တာပေါ့... ဇကာရာဇ်တာရာဇ်မင်းအတွက် ကံဆိုးချိန်ကို ရောက်ဖို့ (၅)ရက်ပဲလိုတော့ပါတယ်ကွာ"

"မင်းတို့အားလုံးပိပိရိရိသေသေသပ်သပ်တော့ လုပ်ကိုင်ကြနော်"

"စိတ်ချပါဆရာ"

"မင်းတို့တစ်တွေကိုနတ်ဘုရားတွေကစောင့်ရှောက်မှာပါ"

"ကျေးဇူးတင်ပါတယ်ဆရာ"

ဦးစိုင်းခီနောင်ခမ်းတို့မှာရွေးချယ်စရာမရှိသောအမှုကိစ္စတစ်ခုကိုလာဘဒေါသတို့ဖြင့်ရွေးချယ်လိုက်ပြီဖြစ်သည်။ ချူးနှင့်သက်ဦးသဇင်တို့အတွက်ကံကြမ္မာလောင်းကြေးကတော့ အသက်တွေနှင့်အပေးအယူလုပ်ကြရမှာဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ချူး နှင့် သက်ဦးသဇင်တို့ လှူဒါန်းရန်ဆောက်လုပ်ထားသေ
စာသင်ကျောင်းကြီးမှာ ပြီးစီးသလောက်ကိုဖြစ်နေလေပြီ၊ ချူး ဗေ
ယောက်စက်ရုံကိစ္စတွေကိုလုပ်ကိုင်နေသည့်ကြားမှ ကျောင်းဆော
လုပ်ရေးကြီးကိုလည်း မလစ်လပ်အောင် ကြီးကြပ်ပေးနေသည်
သက်ဦးသဇင်တစ်ယောက်ကတော့ ရှမ်းပြည်နယ်မှ စာသင်ကျော
တာဝန်ကို ခွင့်တင်ထားပြီး မင်္ဂလာရက်ပြီးဆုံးမှ နောက်ပိုင်းအခြေ
နေတွေကို ဇကာရာဇ်နှင့်တိုင်ပင်ပြီး စီစဉ်ရမှာဖြစ်သည်။ ယခုလော
လောဆယ်တော့ ဇကာရာဇ်လုပ်ကိုင်နေသော အလုပ်[illegible]များတွင်
ရောက်လုပ်ကိုင်ပေးနေသည်။

"ဇကာရာဇ်"

ချူးကားပေါ်မှ သစ်သားတွေချပေးနေတာကို ရပ်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သက်ဦးသဇင်အနားကိုရောက်လာပြီးခေါ်လိုက်တာကြောင့်...။

"သက်ဦးသဇင် ဒီနေ့ရှမ်းပြည်နယ်က ကျောင်းခွင့်ကိစ္စသွားတယ်ဆို"

"အကြောင်းကြားပြီးပါပြီ၊ ငါတို့ကျောင်းက ဆရာမတစ်ယောက်ရန်ကုန်ကိုကိစ္စနဲ့လာတာနဲ့ အတော်ဖြစ်သွားတယ်"

"ဟိုဇန်ဒါပင်အောက်ကိုသွားကြရအောင်"

နှစ်ယောက်သားအတူတူဇန်ဒါပင်အောက်သို့လျှောက်လာခဲ့ကြသည်။

"ကျောင်းကြီးပြီးတာမြန်တယ်နော်"

"ပစ္စည်းအင်အား လူအင်အားကောင်းကောင်းနဲ့ ဝိုင်းပြီးလုပ်ကြတော့မြန်တာပေါ့"

"ရပ်ကွက်ထဲက ကလေးမိဘတွေနဲ့တခြားရပ်ကွက်သားတွေပါဝင်ပြီးလုပ်အားပေးကြတယ်ဆို"

"ဟုတ်တယ် သူတို့အတွက် ဆရာတော်ကြီးက ထမင်းမနက်စာ၊ ညနေစာကိုစီစဉ်ပေးထားတယ်လေ"

"ဧကရာဇ်ရယ် ငါတို့ပဲ တာဝန်ယူလိုက်တာတော့မဟုတ်ဘူး"

"သက်ဦးသဇင် နင်ငါ့ကို ခုထိအပြစ်မြင်တဲ့စကားတွေကိုပြောနေတုန်းလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရပါဘူးဟာ၊ ငါတို့ရဲ့စေတနာဒါနလေး ပိုပြီးကောင်းသွားရအောင်လို့ပါ"

"ငါလည်းဆရာတော်ကို လျှောက်ပါတယ်၊ ဆရာတော်က လက်မခံတာ၊ သူလည်းတတ်နိုင်တဲ့ဘက်ကနေ ဒါနပြုချင်တာဆိုတော့ ငါဆက်ပြီး မလျှောက်တော့ဘူးလေ၊ ဒါနဲ့ သက်ဦးသဇင် ငါတို့မင်္ဂလာရက်က အရမ်းကိုနီးနေပြီ"

"အင်းလေအဲ့ဒါဘာဖြစ်လဲ"

"မင်္ဂလာကိစ္စပြီးသွားရင် နင်ကရှမ်းပြည်နယ်ကိုပြန်မှာလေ၊ ငါ့မှာကဒီမှာလုပ်ငန်းကိစ္စတွေနဲ့ဆိုတော့တစ်ယောက်တစ်ကွဲစီ နေရမလိုဖြစ်နေပြီ"

"ဒီလိုပဲနေကြတာပေါ့မကောင်းဘူးလား"

"မင်းစိတ်ချမ်းသာမယ်ဆိုရင်တော့ ငါဘာမှမပြောတော့ပါဘူး"

ချူး ထိုစကားလေးကိုကြေကွဲစွာပြောလိုက်ခြင်းပင်ဖြစ်သည်၊ တကယ်ဆိုရင် သက်ဦးသဇင်နှင့် ဝေးကွာစွာ ချူး မနေချင်သလို...၊ နေနိုင်စွမ်းမရှိသူဖြစ်နေပေမဲ့...၊ သူသည်ဧကရာဇ်မဟုတ်တာကြောင့် သက်ဦးသဇင်၏ ခွဲခွာခြင်းကို ရင်မှာနာကျင်စွာနှင့်ပဲ လက်ခံခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"စကားရာစ်ကိုငါပြောစရာရှိတယ်"

"ဘာများလဲသက်ဦးသဇင်"

"ငါ့ဆီကိုဦးရိုးတော်ရဲ့ဇနီး နန်းဒီကလျာ ဖုန်းဆက်ပြီးလာတွေ့တယ်"

"ဟင်...နင့်ဆီကိုဘာအတွက်လာပြီးတွေ့တာလဲ"

"ငါ့ဆီကနေ ငွေချေးလာပြီးချေးတာပါ"

"သူတို့ဘဝကဒီလောက်တောင်အခြေအနေဆိုးသွားပြီလား"

"အရင်ကတော့ လက်နက်ကိုင်တွေနဲ့ပေါင်းပြီး မှောင်ခိုလိုင်းကိုလုပ်ခဲ့ကြတယ်၊ နောက်တော့လက်နက်ကိုင်အဖွဲ့တွေငြိမ်းချမ်းရေးယူသွားပြီး သူတို့စီးပွားရေးလည်း ရပ်တန့်သွားတယ်၊ ဒီနောက်လောင်းကစားတွေနဲ့ရှုပ်ထွေးပြီးရလိုအခြေအနေတွေဆိုးဝါးသွားတဲ့ထိဖြစ်သွားရတာပဲ၊ ရှမ်းပြည်နယ်နေတုန်းကတော့ ငါလည်းပေးနိုင်သလောက်တော့ပေးခဲ့ပါသေးတယ်၊ဒီလိုထောက်ပံ့မှုဟာအဆိပ်ပင်ရေလောင်းသလိုဖြစ်နေတာနဲ့ ဆက်ပြီးမပေးတော့ဘူး"

"သက်ဦးဆီကငွေဘယ်လောက်လာပြီးချေးတာလဲ"

"သိန်း (၅၀) လောက်တဲ့"

"ဟာ...သက်ဦးသဇင်ပေးလိုက်လား"

"သူတို့နဲ့ပတ်သက်ပြီး စေတနာခမ်းခဲ့တာကြာခဲ့ပါပြီ၊ နားဖို့



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတဲ့မိသားစုတွေပါ"

"သက်ဦးသဖင် ရုရက်ပိုင်းကိုတော့ အသွားအလာသတိရှိ
တော့လိုတယ်"

"ဘာကြောင့်လဲကေရာဇ်"

"ဦးစိုင်းခီနောင်စမ်းတို့မင်္ဂလာရက်မတိုင်ခင် ငါတို့ကိုဒုက္ခပေး
ဖို့ကြံစည်ကြမှာတော့သေချာတယ်"

"ငါလည်းဒါကိုစိုးရိမ်နေတာ"

"နင်အပြင်သွားမယ်ဆိုရင် တစ်ယောက်တည်းမသွားပါနဲ့၊ ငါ
မအားရင်မမကိုခေါ်ပြီးသွားနော်"

"ငါ့အတွက်စုလိုစိုးရိမ်ပေးတာကိုကျေးဇူးတင်ပါတယ်"

"သက်ဦးသဖင်ရယ် နင်နဲ့ငါက တစ်စိမ်းတွေမှမဟုတ်တာ"

"တစ်စိမ်းတွေလိုမနေကြတာ ဘာမှမကြာသေးဘူးလေ"

"အရင်ကသမိုင်းကြောင်းတွေက ခုထိပုံရိပ်ထင်တုန်းပဲလားဟင်"

"သမိုင်းဆိုတာဖျောက်ဖျက်လို့မှမရနိုင်တာ"

"ငါ့ရဲ့သမိုင်းဆိုးကြီးကိုသတိမရချင်တော့ဘူး၊ နင်လည်းငါ့ကို
သတိရခွင့်မပေးပါနဲ့တော့"

"ကေရာဇ်ရယ် ငါကနောက်တာပါ၊ မကြာခင်ရက်ပိုင်းမှာ ဖနီး
မောင်နှံဖြစ်ကြမယ့်သူတွေကြားမှာ အညစ်အကြေးတွေ ဘာလို့သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ည်းတော့မှာလဲဟာ၊ သန့်ရှင်းဖြူစင်တဲ့ ဘဝလေးနဲ့ပဲ ဖြတ်သန်းကြ
စေပေါ့"

"ကေရာဇ်မိသားစု ရာဇဝင်လေးကို အလှပဆုံးဖြစ်အောင်
ါတို့နှစ်ယောက်ကမွှည်းထိုးကြတာပေါ့နော်"

"ကောင်းပါပြီရှင်"

"ဟော့ သက်နဲ့ ကေရာဇ်"

"မေရီ"

သူတို့နှစ်ယောက်ကို မေရီလှမ်းပြီးခေါ်လိုက်တာကြောင့်
ကား ပြောနေတာကိုရပ်ပြီး မေရီဆီကိုလာခဲ့ကြသည်။

"ဘာများလဲမေရီ"

"နင်တို့နှစ်ယောက်ကိုဆရာတော်ကြီးကတွေ့ချင်လို့ခေါ်ခိုင်း
လိုက်တယ်"

"အေးခုသွားလိုက်မယ်"

"နင်ရောမလိုက်ခဲ့ဘူးလား မေရီ"

"ငါက ကလေးတွေဖြေဆိုထားတဲ့စာတွေအမှတ်ခြစ်ရဦးမယ်
င်တို့ပဲသွားကြ"

ဆရာတော်ကြီး သီတင်းသုံးသော ကျောင်းပေါ်သို့တက်လာ
ကြသည်။ ချူးတို့ရောက်တော့ဆရာတော်ကြီး ဘုရားခန်းတွင်တရား



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေတာကြောင့် အပြင်တွင်ထိုင်ပြီးစောင့်နေလိုက်ကြသည်။ သိပ်တော့မကြာလိုက် ဆရာတော်ကြီးတရားထိုင်တာကို ဖြုတ်လိုက်ပြီး အပြင်ကိုထွက်လာသည်။

"ရောက်နေကြပြီလား"

"တင်ပါဘုရား၊ တပည့်တော်တို့ကို ခေါ်ရတာ အကြောင်းကိစ္စ ရှိလို့လားဘုရား"

"အကြောင်းကိစ္စဆိုပေမဲ့ တခြားကိစ္စတော့မဟုတ်ပါဘူး၊ ဒကာလေးတို့နှစ်ယောက်အတွက် စိုးရိမ်လို့ခေါ်ပြီး သတိပေးမလို့ပါ"

"ရှင်"

"ဗျာ"

"ဒီလိုကွဲ့ ဆရာတော် (၃) ရက်လောက်ရှိပြီ ဒကာလေးတို့နဲ့ ပတ်သက်ပြီး အိပ်မက်နိမိတ်တွေ သိပ်ပြီးမကောင်းဘူးဖြစ်နေတယ်"

"ဟင်...ဟယ်"

"ဒီအတွက် ဒကာလေးတို့ လုပ်တာကိုင်တာတွေ သွားလာမှုတွေကိုသတိလေးကပ်စေချင်လို့ပါ၊ ဇေဒင်ယတြာတွေတော့ ဘုန်းကြီးမလုပ်တတ်ဘူး၊ ဗုဒ္ဓရဲ့ဆုံးမစကားတွေနဲ့ ကျင့်ကြံအားထုတ်မှု အောင် မှာပဲရဟန်းဝတ်ခဲ့တဲ့ဘုန်းကြီးဆိုတော့ ဒကာလေးတို့နှစ်ယောက်လုံးကို ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်နဲ့ မသိနိုင်၊ မမြင်နိုင်တဲ့ အန္တ

www.burmeseclassic.com

www.burmeseclassic.com



ရယ်တွေကို ကာကွယ်စောင့်ရှောက်စေချင်တယ်လေ"

"တင်ပါဘုရား"

"ရတနာ(၃)ပါးကို မမေ့ကြနဲ့နော်၊ ကောင်းသောစိတ်နဲ့ ကောင်းသောအလုပ်ကို လုပ်ကိုင်သူတွေကို နတ်ကောင်းနတ်မြတ်တွေက စောင့်ရှောက်ပါလိမ့်မယ်၊ ဘုန်းကြီးပေးနိုင်တဲ့ ဆေးကတော့ ဒါပဲရှိတယ်ကွယ့်"

"တင်ပါဘုရား"

ဘုန်းတော်ကြီးကိုဦးချကန်တော့ပြီး ကျောင်းကြီးပေါ်မှ ပြန်ပြီး ဆင်းလာခဲ့ကြသည်၊ သူတို့နှစ်ယောက်နောက်တွင် အန္တရာယ်အရိပ်တွေကပ်ပြီး လိုက်နေပြီဆိုတာကိုတော့ သိနေကြပြီဖြစ်သည်၊

"သက်ဦးသဇင်"

"နင်ငါ့အတွက်မစိုးရိမ်ပါနဲ့ဟာ၊ ငါကသာ နင့်ကို စိုးရိမ်နေတာ၊ နင်ကအပြင်မှာသွားလာနေရတဲ့သူလေ"

ချူးထံကိုရောက်လာသော စိုးရိမ်မှုမျက်ဝန်းလေးဘစ်စုံကြောင့် ချူးအတွက်အင်အားတစ်ခုဖြစ်စေခဲ့တော့သည်၊

"သက်ဦးသဇင်"

"ဘာလဲကောရာဇ်"

"သံယောဇဉ်ဆိုတာကို နင်ဘယ်လိုမြင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကချော့ဘယ်လိုမြင်လို့လဲ"

"ငါမေးတာကိုအရင်ဖြေပါ"

"ဟင့်အင်း...မဖြေချင်ဘူး နင်ဖြေတာကိုပဲကြားချင်တာ"

"ငါနဲ့ပတ်သက်ပြီး နင့်ရင်ထဲမှာ သံယောဇဉ်ဆိုတာ ရှိခဲ့ဘူးလား"

ချူးစကားကို သက်ဦးသဇင် ပြုံးလိုက်ပြီး ချူးမျက်နှာကို စိုက်ကြည့်နေသည်။

"ငါမေးတာကိုဖြေလေ"

"ကေရာဇ်နင်ငါ့ကိုဘုန်းကြီးကျောင်းဝင်းထဲမှာရည်းစားစကားပြောဖို့ပြင်ဆင်နေတာလား"

"ချစ်တယ်လို့ဖွင့်ပြောနိုင်တဲ့ သတ္တိမရှိသေးပါဘူး"

"ဗုဒ္ဓေါ...ချစ်တယ်လို့တောင် ဖွင့်ပြောဖို့သတ္တိသာမရှိတယ်၊ နင့်စကားထဲမှာ ပါသွားပြီလေ"

"ငါ့စကားက သက်ရောက်မှုရှိတယ်ပေါ့"

"သက်ရောက်တာမဟုတ်ဘူး တည့်တည့်ကြီးကိုဝင်ပြီးတိုးနေတာပေါ့"

"ဒီအတွက်ဘယ်လိုသဘောထားရှိလဲ သက်ဦးသဇင်"

"သာသနာ့မြေပေါ်မှာ သမီးရည်းစားကိစ္စတွေ မပြောကောင်းဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"သံဝေယာဇဉ်နဲ့တည်ရှိသောနေရာဆိုတာ သတ်မှတ်ချက် မရှိပါဘူးဟာ"

"ကေရာဇ်နှင်နဲ့ငါကမကြာခင် ဘဝတစ်ခုတည်းနေထိုင်ကြရမယ့်သူတွေပါ ဆန္ဒတွေစောမနေပါနဲ့ဟာ"

"ချစ်ခြင်းရက်တွေနောက်ကျသွားမှာကို နမြောလို့ပါ"

"ဒါဆိုလည်း ဟိုးအရင်ကတည်းက ဖွင့်ပြောလိုက်ပါလား၊ ဘာလို့ခုမှလာပြီးပြောရတာလဲ"

သက်ဦးသဇင်စကားကြောင့် ရှူးရင်ထဲမှာမကောင်း… သူသည် ကေရာဇ်မဟုတ်ခဲ့ဘူး ဆိုတာလေးသည် ရင်ကိုနာနာကျင်ကျင် ဖိုရိုက်လေးဖြစ်စေခဲ့သည်။

"ပြောခွင့်မကြုံခဲ့တဲ့ကံကြမ္မာကြောင့်ပေါ့ဟာ"

"ကေရာဇ်ဒါတွေခဏလေးမေ့ထားလိုက်၊ ဒီကိစ္စပြီးရင် အတူတူပြန်မယ်နော်၊ နှင့်ကိုတစ်ယောက်တည်း စိတ်မချဘူး"

ရှူးခေါင်းလေးကို ညိတ်ပြလိုက်သည်။

"ဟင်…"

သက်ဦးသဇင် သူ့လက်မောင်းလေးကို ဆုပ်ကိုင်လိုက်ပြီး ချိုမြသော အပြုံးကလေးနှင့် ကြည့်နေလိုက်လေသည်။

၀ ၀



www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်သိမ်းပိုင်း

၁

သက်ဦးသဖင်တစ်ယောက်အပြင်ကိုတစ်ယောက်တည်းသွား ခွင့်မပြုတာကြောင့် အိမ်ထဲမှာပင် နေနေရသည်။ သွားစရာ ကိစ္စပေါ် လာရင် မနွယ်ရီဦးနှင့်အတူ သွားရသည်။ ကေရာဇ်စိုးရိမ်မှု ပေါ်မှာ သက်ဦးသဖင် လိုက်လျောပေးထားခြင်းဖြစ်သည်။

ကေရာဇ်က သက်ဦးသဖင်ကိုစိုးရိမ်သလို သူကလည်း ကေရာ အတွက် စိုးရိမ်နေသည်။ မကြာခဏ ဖုန်းဆက်ပြီး မေးမေးနေရသည်

သက်ဦးသဖင်မဆက်ရင် ကေရာဇ်ဆီကဖုန်းခေါ်တတ်သည်။ သူတို့နှစ်ယောက်အတွက် အန္တရာယ်မှာ အနီးကပ်ဆုံးကိုရောက်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



လိုထင်နေမိသည်။ သူနှင့်ကေရာဇ်တို့မင်္ဂလာရက်သည် ၁ ရက်၊ ၁ လ၊ ၂၀၁၃ ခုနှစ် နှစ်သစ်ဦးနေ့ပင်ဖြစ်သည်။

"သက်ဝေ"

"ရှင်...မမဦး"

"မမရန်ကင်းဘက်ကို ခဏသွားဦးမယ်၊ သက်တို့မင်္ဂလာဝတ်စုံ ဒီနေ့ရပြီလို့ပြောတယ် သက်လိုက်ဦးမလား"

"မလိုက်တော့ဘူး မမဦး၊ ကေရာဇ်အိမ်မှာ ထမင်းပြန်ပြီးစားမယ်လို့ပြောထားတာကို စောင့်လိုက်ဦးမယ်"

"အေး...အေး...ဒါဆိုမမ သွားဦးမယ်"

မနွယ်ရီဦးကားနှင့်ထွက်သွားပြီးနောက် သက်ဦးသဇင် ကေရာဇ် ပြန်လာရင် စားသောက်ဖို့အတွက် ထမင်းစားခန်းထဲသို့ဝင်ခဲ့သည်။

"ဝူး...ကျွီ"

အိမ်ရှေ့မှ ကားရပ်သံကြောင့် ကေရာဇ်ပြန်လာပြီထင်ကာ အိမ်ရှေ့ဘက်သို့ထွက်လာခဲ့သည်။ သို့သော် ကေရာဇ်မဟုတ်။

"ဟင်"

ဦးစိုင်းခိုနောင်ခမ်းနှင့် ဂျင်မီဂျက်တို့ဖြစ်နေပြီး သူတို့နောက်တွင် လူဆိုးလူမိုက်ပုံစံနှင့်လူ(၃)ယောက်ကိုတွေ့လိုက်ရသည်။

"ဦးရီးတော် ဘာကိစ္စရှိလို့လဲ"


www.burmeseclassic.com

www.burmeseclassic.com



"တူမတော်ရယ်ကိစ္စလေးရှိလို့လာခဲ့တာပေါ့"

"ဦးရှီးတော်နဲ့ ကျွန်မကြားမှာ ဘာကိစ္စမှမရှိဘူး"

"မငဲးဘက်ကမရှိပေမဲ့ ငါ့ဘက်ကရှိတယ် သက်ဦးသဖင်ဒီမှာ တွေ့လား"

"ဟင်"

ဦးစိုင်းခီနောင်စမ်း အသံတိတ်တပ်ထားသော သေနတ်ကို ထုတ်ပြလိုက်ပြီး၊

"ငါလူမသတ်ချင်ဘူး"

"ဦးရှီးတော်က ဓားပြလာတိုက်တာလား"

"ဒီလောက်ထိ ခပ်ညံ့ညံ့အလုပ်တွေကို ငါမလုပ်ဘူး၊ ငါတို့က ဘယ်သူ့ကိုမှလည်း မသတ်ချင်ဘူး၊ အေးအေးဆေးဆေးနဲ့ပဲ အဆင်ပြေသွားချင်တာ"

"ဦးရှီးတော်ဘာလုပ်ချင်လည်းပြော"

"နင့်ကိုခေါ်သွားပြီး နင့်သတို့သားလောင်းကြီးဆီကို ဖုန်းဆက်ပြီး ငွေလေးပို့ခိုင်းရင် ကိစ္စကပြတ်သွားပါပြီ၊ ဒါမှမဟုတ်ရင်တော့ အခြေအနေက တစ်မျိုးပြောင်းသွားနိုင်တယ်"

"ရှင်တို့ဘက်က လူကိုဒုက္ခမပေးဘူးလို့ ကတိပေးနိုင်မလား"

"ငါတို့အတွက် ငွေကလွဲပြီး အကြောင်းမဲ့လူမသတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ကျွန်မလိုက်ခဲ့မယ်"

"ဂျင်မီ ခေါ်ခဲ့တော့ သွားကြမယ်"

ဦးစိုင်းခီနောင်ခမ်းတို့ခေါ်ဆောင်သော ကားပေါ်သို့ သက်ဦးသဇင်တက်ခဲ့လေ၏။ ဘယ်ကိုခေါ်သွားမယ်ဆိုတာကိုတော့ မသိ၊ သက်ဦးသဇင်တို့နှစ်ယောက်အတွက် ငွေကြေးက အဓိကမဟုတ်ပေ၊ အရေးကြီးဆုံးကတော့ ကေရာဇ်၏ အသက်အန္တရာယ်ကို မထိခိုက်စေဖို့ပင်ဖြစ်သည်။

"ဆရာစိုင်း"

"ဘာလဲကွ"

"ကျွန်တော်တို့ခေါ်သွားမှာ စရစ္စဒီနာအိမ်လား"

"ဟုတ်တယ်"

"နောက်ပိုင်း စရစ္စဒီနာအမှုပတ်မှာပေါ့"

"ပတ်ပတ်ကွာ အရေးကြီးတာက ငါတို့ကိစ္စပြီးပြတ်ဖို့ပဲ၊ ဖြစ်နိုင်ရင် သူ့ကိုပါ ရှင်းပစ်သင့်ရင် ရှင်းပစ်ရမှာပဲ၊ မောင်းမှာသာ မောင်းကွာ"

ဦးစိုင်းခီနောင်ခမ်းတို့၏ လောဘတို့သည် မျက်ကန်းတွေပမာ ဖြစ်နေကြတော့သည်။ တစ်ယောက်ပေါ်တစ်ယောက် ထားသင့်သော သစ္စာတရားတို့သည် လောဘရမ္မက်အောက်တွင် ပျောက်ကွယ်ခဲ့လေပြီ…။ စရစ္စဒီနာကိုတော့ ဦးစိုင်းခီနောင်ခမ်း အလွတ်မပေးတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဟာမအသက်ရှင်နေရင် ကိုယ့်ကိုကိုက်မယ့်ကျားကို မွေးထားသလိုဖြစ်နေမှာပေါ့ကွာ...ဟား...ဟား...ဟား..."

www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောတယ် သက်ဦးသဇင်ကို ဦးစိုင်းစိုးနောင်ခမ်းတို့ ဖမ်းပြီးခေါ်ဆောင်သွားတယ်ဟုတ်လား"

"ဟုတ်ပါတယ်အစ်ကိုလေး"

"တောက်..."

ချူးထမင်းစားဖို့အိမ်ကိုပြန်ပြီးရောက်ချိန်တွင်အိမ်ဖော်မလေး အိအိ ပြောလိုက်သောစကားကြောင့် သက်ဦးသဇင် အတွက် စိုးရိမ်မှုတွေကြီးစိုးသွားတော့သည်။ ချူးအိမ်ကိုရောက်ပြီးသိပ်မကြာမနွယ်ရီဦးပြန်ပြီးရောက်လာသည်။ ချူးအကြောင်းစုံကိုပြန်ပြီးပြောပြလိုက်သည်။

"ဟင်...ဘယ်လိုလုပ်ကြမလဲ မမောင်၊ ရဲစခန်းကို အကြောင်းကြားမလား"

"သူတို့ဘက်က ဘာဆက်ပြီးလုပ်မယ်ဆိုတာကို စောင့်ကြည့်ပြီးလုပ်သင့်တာကို ဆက်ပြီးလုပ်ရမှာပဲမမ"

"တီ...တီ..."

ချူးဟန်းဖုန်းဆီမှဖုန်းခေါ်သံကြောင့်ဖြတ်ပြီးနားထောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စကားရာဇ်"

"ဟင်..သက်ဦးသဇင်နှင်းဘယ်မှာလဲ"

"ငါ့ကိုသူ့ကိုပြန်ပေးဆွဲထားတယ်နှင်း...နှင်း..."

"ကဲ စကားရာဇ်ရေ ကြားပြီနော် မင်းဘာလုပ်ရမယ်ဆိုတာ

တော့သဘောပေါက်မှာပါ"

"ခင်ဗျားဘာလုပ်ချင်တာလဲပြော"

"မင်းဘဏ်မှာတိုက်ထဲကငွေသိန်း(၅၀၀)ကိုယူပြီးငါ့ဆီကိုလာခဲ့

"ကျုပ်က ဘယ်ကိုလာရမှာလဲ"

"မင်းပိုက်ဆံယူပြီးသာ ထွက်ခဲ့ပါ၊ အပြင်ရောက်တာနဲ့ ငါ့

တွေက မင်းကိုလမ်းပြပြီးခေါ်ခဲ့မှာပါ၊ ဒါပဲနော်ဂွတ်ဘိုင်"

ဖိုင်းဇ်နောင်ခမ်းဘက်မှ ဖုန်းချသွားပြီးနောက် ချူး ဘာလုပ်

မယ်ဆိုတာကို ချက်ချင်းဆုံးဖြတ်ချက်ချပြီး.....

"မမရဲ့စခန်းကိုအကြောင်းကြားလိုက်တော့ ကျွန်တော်ငွေ

ပြီးသွားမယ်၊ သက်ဆိုင်ရာကိုအကြောင်းကြားပြီးတာနဲ့ ကျွန်တော့်

ကိုဖုန်းဆက်လိုက်"

"အေးအေး... အဲဒါကောင်းတယ်"

ချူး အိတ်ထဲကိုငွေတွေထည့်ပြီး ကားနဲ့ ... ပြင်ကိုထွက်

တော့သည်။ ချူးကား ခြံထဲမှမောင်းထွက်လိုက်သည်နှင့် ရှေ့တွ

www.burmeseclassic.com



အငှားကားတစ်စီးက ကြို၍မောင်းသွားသည်။ ချူးကို လမ်းပြခေါ်ဆောင်သွားမည့်ကားဖြစ်သည်။ ချူးကားမောင်းနေစဉ်အတွင်းမှာပဲ သက်ဆိုင်ရာရဲတပ်ဖွဲ့မှဆက်သွယ်မှုကိုရပြီး သူရောက်နေသောနေရာကို သတင်းပို့လိုက်ပြီး ရှေ့ကမောင်းသွားနေသော ကားနောက်ကို ထက်ကြပ်မကွာ လိုက်ခဲ့သည်။

"ဟင်...ဒါစရစ္စဒီနာခနေတဲ့အိမ်ကိုသွားတဲ့လမ်းပဲ"

သက်ဆိုင်ရာဆီကိုဖုန်းဆက်ပြီး နောက်ဆုံးနေရာကိုသတင်းပို့လိုက်သည်။ ချူးထင်ထားသည့်အတိုင်းရှေ့မှမောင်းသွားသောကားမှာ စရစ္စဒီနာကို ကောရာဇ်ဝယ်ပေးထားသော တိုက်ခန်းခြံဝန်းထဲသို့ ဝင်သွားခြင်းဖြစ်သည်။

"ဗွီး...ကျွီး..."

ချူးကားကိုစက်ရပ်လိုက်ပြီးအောက်ကိုဆင်းလိုက်သည်။

"မောင်ကောရာဇ်ခေါ်ချူးအိမ်ထဲကိုကြွပါဦးကွာ"

"ဟင်..."

ဦးစိုင်းစိန်နောင်ဓမ်းသူ့ကိုချူးဆိုတာပင်သိသွားပြီဖြစ်သည်။

"ဘယ်လိုလဲ ခုလိုခေါ်လိုက်လို့အံ့အားသင့်သွားလားချူး"

"ကျုပ်အတွက် ကောရာဇ်ပဲဖြစ်ဖြစ်၊ ချူးပဲဖြစ်ဖြစ် သိပ်ပြီး ပြဿနာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျုပ်က ကောရာဇ်



www.burmeseclassic.com

www.burmeseclassic.com



မိသားစုသွေးအရင်းကြီးပဲမဟုတ်လား"

"သိပ်ဟုတ်တာပေါ့ကွာ၊ ထားလိုက်ပါလေ၊ ဘယ်မှာလဲ ငါ့တောင်းထားတဲ့ငွေပါလား"

"သက်ဦးသဇင်ကိုတွေ့မှပေးနိုင်မယ်"

"တွေ့ရမှာပေါ့၊ ကျောက်ဒိုး...ခေါ်ခဲ့စမ်း"

"ဟင်.."

"ကောရော့"

"သက်ဦးသဇင်.."

ချူးကိုအံ့သြစေတာကတော့ သက်ဦးသဇင်ဘေးတွင်ပါလာသောလူကြောင့်ပင်ဖြစ်သည်။ သူနှင့်ထောင်ထဲမရောက်ခင်အချုပ်ခန်းတွင်ရင်းနှီးခဲ့ဘူးသောဦးဘစံဖြစ်နေသည်။

"ကျောက်ဒိုး...လွှတ်ပေးလိုက်ပါ၊ သူတို့နှစ်ယောက်လုံးအတွက်နောက်ဆုံးခန်းလေးဆိုတော့အတူတူရှိနေပါစေကွာ၊ ဦးဘစံ.. ခင်ဗျားသတ်ရမှာသူတို့နှစ်ယောက်ပဲ ဘယ်လိုလဲဖြစ်မလား"

"မင်းတို့က ငါ့ကိုလူသတ်ဖို့ခေါ်ထားတာမဟုတ်လား"

"ဟုတ်တယ်လေ"

"ထိုက်တန်တဲ့ငွေကြေးနဲ့အလုပ်လုပ်တဲ့သူပဲကွာ၊ သတ်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်...ရှင်...ငွေရရင် လူကိုဒုက္ခမပေးဘူးဆို"

"မင်းသတို့သားလောင်း ယူလာတဲ့ငွေက ငါကြေးစားငှားထား တဲ့လူတွေကိုလုပ်အားခရှင်းတာနဲ့တင်ကုန်နေပြီကွ၊ ဒီလောက်ငွေလေး နဲ့စိုင်းစီနောင်ခမ်းဆိုတဲ့လူက အလုပ်မလုပ်ဘူး၊ ဗြော်...သက်ဦးသဖင်... မင်းမသေခင်လေးမှာ သိသင့်သိထိုက်တာလေး တစ်ခုကိုတော့ ပြော လိုက်ဦးမယ်"

"ရှင်ပြောပြစရာမလိုဘူး၊ ရှူးဟာ ကေရာဇ်မဟုတ်ဘူးဆိုတာ ကျွန်မသိတယ်"

"ဟာ..."

"သူရိန်ကေရာဇ် ဗုံကျံပွဲမှာ သေဆုံးသွားတာလည်း သိထား တယ်၊ ဒါက ကျွန်မတို့ကြားမှာ ဘာမှပြဿနာမရှိဘူး"

"ဒါဆိုတော့လည်း ကောင်းတာပေါ့ကွာ၊ ဦးဘစံ အချိန်သိပ်ပြီး မရဘူး၊ ရှင်းစရာရှိတာကို ရှင်းလိုက်"

"ချောက်..."

ဦးဘစံ သေနတ်မောင်းတင်လိုက်ပြီး ဦးစိုင်းစီနောင်ခမ်းကိုချိန် ထားလိုက်သဖြင့်

"ခင်...ခင်ဗျား ဘာလုပ်တာလဲ"

"မြင်တဲ့အတိုင်းပဲလေ၊ သေနတ်နဲ့ချိန်ထားတာ...ဟား...ဟား...



www.burmeseclassic.com

www.burmeseclassic.com



ဟား..လောကကြီးမှာ ကျူပ်ပဲလောဘကြီးတယ်လို့မှတ်နေတာ၊ကျူပ်ထက်လောဘကြီးတဲ့ကောင်တွေအများကြီးရှိနေတာကိုတွေ့ရတာပဲ မောင်ရှူး..”

“ဗျာ..”

“မင်းကောင်မလေးကိုခေါ်ပြီးထွက်သွားတော့”

“ဟော့ကောင်တွေ..မသွားစေနဲ့” BURMESE CLASSIC .com

“ဟိုကောင်..မင်းဖခင်ကြီးမသာပေါ်တာကိုတွေ့ချင်တာလား မင်းကိုယ်တိုင် မသာပေါ်ချင်တာလားပြော.. မင်းအမိန့်ကိုနာခံမယ့်ကောင်တစ်ကောင်မှမရှိဘူး၊ဒီကောင်တွေကငါ့ကောင်တွေလေ၊လူ့ဘဝတစ်လျှောက်မှာမကောင်းတာတွေကိုလုပ်ခဲ့ရတာများလို့ခုတော့ ကောင်းတာတစ်ခုကိုလုပ်ပေးလိုက်တာပဲဟေ့”

“ရှင့်လက်ထဲကသေနတ်ကိုချလိုက်..”

“ခရစ္စဒီနား”

“အလဲ့..တယ်ဟုတ်ပါလားကွ၊ကလေးမမင်းကသေနတ်သာကိုင်ထားတာသေနတ်မပစ်တတ်ဘူးနဲ့တူတယ်”

“ရှင်..ရှင်..ရှေ့ကိုမတိုးနဲ့နော်”

ဦးဘစံ အေးအေးဆေးဆေးပင် ခရစ္စဒီနာ နားကို လှမ်းကပ်သွားစဉ်



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ဖြောင်း...အင်း..."

ချူး.. ခရစ္စဒီနာ ကိုပြေးပြီး ကိုယ်လုံး၌ ပစ်တိုက်လိုက်သည်၊ အခြေအနေမကောင်းဘူးဆိုတာကို ဦးစိုင်းစီနောင်ခမ်း သဘော ပေါက်သွားပြီး ပြေးထွက်ရှိန်မှာပဲ

"နောက်ကျသွားပြီဦးစိုင်းစီနောင်ခမ်း"

"ဟင်..."

သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်တွေ ရောက်လာပြီး ဖမ်းဆီးလိုက် တော့သည်၊

"ကျေးဇူးတင်ပါဦး ဦးဘစံ"

"ရပါတယ်ဗျာ..ကျုပ်ကကောင်းတာတစ်ခုကိုလုပ်ပေးရတာထက် ဟောဒီကမောင်ရှူးအတွက်လုပ်ပေးရတာကပိုပြီးကျေနပ်တာပါ"

"ကျေးဇူးတင်ပါတယ်ဦးဘစံ"

"မလိုပါဘူးကွာ..ကောင်းသောသူအတွက်ကောင်းခြင်းတွေ ဖြစ်ပေါ်လာရတာပဲ၊ဒါနဲ့မင်းတို့မင်္ဂလာဆောင်ကိုတော့ဖိတ်ဦးနော်"

"ဖိတ်ရမှာပေါ့"

သက်ဆိုင်ရာမှဦးစိုင်းစီနောင်ခမ်း၊ ဂျင်မီဂျက်နှင့် ခရစ္စဒီနာတို့ ကိုဖမ်းဆောင်ခေါ်ဆောင်သွားကြပြီး အိမ်ကြီးထဲမှရှူးနှင့်သက်ဦးခင် တို့ထွက်လာခဲ့ကြသည်၊

www.burmeseclassic.com



"ချူး..."

"ဘယ်သူ့ကိုခေါ်နေတာလဲ"

"ချူးဆိုတာ ဘယ်သူဖြစ်နိုင်လို့လဲ"

"သက်ဦးသဇင်ရယ်...ငါ ချူးမဖြစ်ချင်ဘူး"

"ဘာလဲ... ဆင်းရဲမှာကိုကြောက်နေလို့လား"

"ဆင်းရဲခြင်း၊ ချမ်းသာခြင်းတွေဟာ ငါ့အတွက် ကြောက်စရာမရှိပါဘူး၊ ငါကြောက်တာက ကောရာဇ်ဆိုတဲ့လူပေါ်မှာ ထားခဲ့တဲ့ သက်ဦးသဇင်ရဲ့ချစ်ခြင်းတရားတွေ ပျက်ပြယ်သွားမှာစိုးလို့ပါ"

"ဒါဆိုရင်တော့ နင်မှားနေပြီ"

"ဘာလို့"

"သက်ဦးသဇင် ချစ်ခဲ့တဲ့သူက သူရိန်ကောရာဇ်မဟုတ်ဘူး၊ ချူးဆိုတဲ့ လူကိုပဲချစ်ခဲ့တာ"

"ဟင်..."

"ငါ...မမဦးကပြောပြထားလို့ အားလုံးကိုသိထားပြီးပါပြီ"

"သိတာကြာပြီပေါ့"

"ချူးနဲ့ငါ တွေ့ခဲ့ကြတဲ့နောက်ရက်တွေမှာပဲ မမဦးဟာ ငါ့ကို အကြောင်းစုံပြောပြခဲ့တာပါ၊ ဒီကတည်းက ချူးဆိုတဲ့သူ့ပေါ်မှာ သံယောဇဉ်တွယ်ခဲ့ရသူပါ"

www.burmeseclassic.com



"ဒါဆိုမမနဲ့သက်ဦးသဖင်တို့ကငါ့ကိုဖုံးကွယ်ထားတာပေါ့"

"ဖုံးကွယ်ချင်လို့မဟုတ်ပါဘူး"

"ဒါဖြင့်ဘာဖြစ်လို့လဲ"

"ရှူးဘဝကို ပြန်ပြီးမရောက်စေချင်လို့ရယ်၊ ကေရာဇ်ဘဝ နဲ့ ရာစုအသစ်တွေကိုဖြတ်သန်းစေချင်လို့ပါ"

"ဟုတ်ပါတယ်လေ၊ ရှူးဆိုတဲ့လူတစ်ယောက်ရဲ့ရာသီမဲ့ပြက္ခဒိန်ကပြီးဆုံးသွားပါပြီ၊ ခုဆိုရင်နှစ်သစ်ဦးဘဝနဲ့ မနက်ဖြန်တွေကိုကျော်ဖြတ်ကြမယ်နော်"

"ဩော်...ကေရာဇ်"

"ဘာများလဲသက်ဦးသဖင်"

"သဖင် ဒလ..ရှမ်းပြည်နယ်ကိုမပြန်တော့ဘူး၊ ဟိုမှာရှိတဲ့ငါတို့နှစ်ယောက်ပိုင် ကေရာဇ်ခြံကြီးကိုထားပြီး ရန်ကုန်မှာပဲ ကေရာဇ်နဲ့အတူ နေတော့မယ်၊ ပြီးရင် ငါတို့ ဆောက်လုပ်ထားတဲ့ကျောင်းမှာကျောင်းဆရာမဝင်လုပ်မယ်"

"သိပ်ပြီးကောင်းတဲ့နေ့ရက်လှလှလေးတွေကိုပိုင်ဆိုင်ရတော့မှာပါ"

သက်ဦးသဖင်တစ်ယောက် ချစ်သူရင်ခွင်ထဲသို့ ခေါင်းလေးတိုးဝင်လိုက်တော့သည်။

*ပရိသတ်များကို အစဉ်လေးစားလျက်*

*ရွှေဘဝင်*

www.burmeseclassic.com